# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ငြိမ်းအေးသောစိတ်ရှိ

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းမရှိ၊ ငြိမ်သက်သောဣန္ဒြေ၊ ငြိမ်းအေးသောစိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့်ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၆)**


၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၂ ရက် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်၊ သောကြာနေ့ အတွဲ (၅၇)၊ အမှတ် (၃၅၄)


## မြန်မာနှင့် ဘရူနိုင်းနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် (၂၅)နှစ်ပြည့် အခါသမယအား ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်သမ္မတဦးဝင်းမြင့်နှင့် ဘရူနိုင်းနိုင်ငံဘုရင်မင်းမြတ်တို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့

**နေပြည်တော် စက်တင်ဘာ ၂၁**

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘရူနိုင်းနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် (၂၅)နှစ်ပြည့် အခါသမယအား ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဘရူနိုင်းနိုင်ငံ၊ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ်ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာတို့သည် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြသည်။ **သတင်းစဉ်**

## နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ပန်းတိုင် (၃) ရပ်

## Government Mission

(၁) တရားဥပဒေစိုးမိုးရေးနှင့်ပြည်သူများ၏ လူမှု - စီးပွားဘဝ တိုးတက်မြင့်မားရေး၊

(၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက်အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံခြားရေးနှင့်ဓနသဟာယရေးရာဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး Rt.Hon. Jeremy Hunt MP အား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

**သဘောထားအမြင်ချင်း ဖလှယ်ခဲ့**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး အခြေအနေ၊ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးကိစ္စ၊ ရခိုင်ပြည်နယ်၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေနှင့် ကုလသမဂ္ဂမျက်နှာစာတွင် ယင်းကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးနေမှုအခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ သဘောထားအမြင်ချင်း ဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

နံနက်ပိုင်းတွင် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ *စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး **Rt.Hon. Jeremy Hunt MP** အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

## လူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက် ရှာဖွေရေးအဖွဲ့နှင့် အပြန်အလှန်ဆွေးနွေးမှုတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်မှ တုံ့ပြန်ပြောကြား

**နေပြည်တော် စက်တင်ဘာ ၂၀**

လူ့အခွင့်အရေးကောင်စီ၏ (၃၉) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း လူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက် ရှာဖွေရေးအဖွဲ့နှင့် အပြန်အလှန်ဆွေးနွေးမှုတစ်ရပ်ကို ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂအဆောက်အအုံတွင် စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ပြုလုပ်ခဲ့သည်။

ယင်းအပြန်အလှန်ဆွေးနွေးမှုတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်၊ သံအမတ်ကြီး ဦးကျော်မိုးထွန်း က မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက် ရှာဖွေရေးအဖွဲ့၏ အစီရင်ခံစာအပေါ် တုံ့ပြန်ပြောကြားခဲ့သည်။

သံအမတ်ကြီး၏ ပြောကြားချက်တွင် အဓိကအားဖြင့် အောက်ပါအချက်များကို အလေးထားပြောကြားခဲ့သည်-

- ကုလသမဂ္ဂအဖွဲ့ကြီးနှင့် ပူးပေါင်းဆောင်ရွက်ရေးမှာ မြန်မာ့နိုင်ငံခြားရေးမူဝါဒ၏ အုတ်မြစ်ဖြစ်ပါကြောင်း၊

သို့သော် လူ့အခွင့်အရေးကောင်စီသည် လွတ်လပ်သော နိုင်ငံတကာအချက်အလက် ရှာဖွေရေးအဖွဲ့ (FFM) အား ၂၀၁၇ ခုနှစ်၊ မတ်လတွင် စတင်ဖွဲ့စည်းခဲ့စဉ်ကတည်းကပင် မြန်မာနိုင်ငံက လက်ခံခြင်းမပြုခဲ့ကြောင်း၊ ယင်းအဖွဲ့သည် နိုင်ငံတစ်ဝန်း ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ရခိုင်ပြည်နယ်အတွင်း ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို အထောက်အကူပြုလိမ့်မည် မဟုတ်သောကြောင့် မြန်မာကိုယ်စားလှယ်အဖွဲ့မှ ယင်းအဖွဲ့အား လက်ခံခြင်း *စာမျက်နှာ ၃ ကော်လံ ၁* ❍




မြန်မာ့အလင်း

# လုပ်ငန်းစဉ်ကြီးသုံးရပ်နှင့် နိုင်ငံတော်၏ အခြေအနေ

ပြည်ထောင်စုအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၈၊ ပုဒ်မခွဲ (ခ) အရ နိုင်ငံတော်၏အခြေအနေအရပ်ရပ်အား ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြရန် တာဝန်ရှိပါသည်။ အဆိုပါတာဝန်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက နိုင်ငံတော်၏အခြေအနေအရပ်ရပ်အား ရှင်းလင်းတင်ပြရာ၌ အခြေခံအုတ်မြစ်အဖြစ် လုပ်ငန်းစဉ်ကြီးသုံးရပ်ကို တင်ပြခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အေးချမ်းတည်ငြိမ်ပြီး ခိုင်မာတောင့်တင်းသောနိုင်ငံတော်အဖြစ် ပြန်လည်တည်ဆောက်ခြင်း၊ ပြည်ထောင်စုတည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်ခြင်းနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှသည် ဒီမိုကရေစီရင့်သန်ခိုင်မာရေးအဆင့်သို့ ကြိုးပမ်းအကောင်အထည်ဖော်ခြင်းတို့ကို အခြေခံအုတ်မြစ်လုပ်ငန်းစဉ်ကြီးသုံးရပ်အဖြစ် တင်ပြခဲ့ပါသည်။ ဆက်လက်တင်ပြရာ၌ ပြည်ထောင်စုဝန်ကြီးက အဆိုပါလုပ်ငန်းစဉ်ကြီး သုံးရပ်သည် အပြန်အလှန်ဆက်စပ်နေသည်ဖြစ်၍ တစ်ခုပြီးတစ်ခုပုံစံမျိုး ချန်လှပ်လုပ်ဆောင်မရ၊ တစ်ပြိုင်တည်း ဆက်စပ်ဆောင်ရွက်ရမည်ဟု အလေးအနက်ထား တင်ပြခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်မှန်းနေကြသည့် အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုက မည်သို့သောပြည်ထောင်စုဖြစ်သည်ကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းတင်ပြမှုအရ အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်တန်းတူညီမျှခြင်းဟူသော လောကပါလတရားများ ထွန်းကားစေရမည်ဖြစ်ပြီး နိုင်ငံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှုနှင့် လူမှုရေးတရားမျှတမှုဟူသော အခွင့်အရေးသာတူညီမျှရှိမှုတို့ကိုလည်း ပြည့်စုံစေရမည်ဟု ပုံဖော်တင်ပြထားပါသည်။

အေးချမ်းတည်ငြိမ်ပြီး ခိုင်မာတောင့်တင်းသော နိုင်ငံတော်အဖြစ် ပြန်လည်တည်ဆောက်ရေးနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ယန္တရားနှင့် အဖွဲ့အစည်းများ ခိုင်မာတောင့်တင်းရေးအပါအဝင် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက အစိုးရနှင့်ပူးပေါင်းဆောင်ရွက်ရေးတို့ကို အလေးအနက်ထားတင်ပြခဲ့ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆွေးနွေးညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရ၏ မျှော်မှန်းချက်နှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် ပြင်ဆင်နိုင်မှသာလျှင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အာမခံနိုင်မည်ဖြစ်သကဲ့သို့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအား ဖော်ဆောင်နိုင်မည်ကို ပြည်ထောင်စုဝန်ကြီးက မီးမောင်းထိုးတင်ပြခဲ့ပါသည်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖော်ဆောင်ရာ၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဗဟိုပြု အမျိုးသားပြန်လည်သင့်မြတ်ရေးအရေးပါသည်ကို ပြည်ထောင်စုဝန်ကြီးက ထောက်ပြသကဲ့သို့ တပ်မတော်၏ အခန်းကဏ္ဍအရေးပါသည်ကိုလည်း ညွှန်ပြခဲ့ပါသည်။ အမျိုးသားရေးလိုအပ်ချက်နှင့်အညီ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံအစည်းအဝေးကို သုံးကြိမ်ကျင်းပခဲ့ပြီး နိုင်ငံရေးသဘောတူညီချက်ပေါင်း ၅၁ ချက် ဆုပ်ကိုင်ရရှိခဲ့သည်ကိုလည်း ပြည်ထောင်စုဝန်ကြီးက တင်ပြခဲ့ပါသည်။ နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုဝန်ကြီး၏ "ခွဲမထွက်ရေးသည် အရေးကြီးသကဲ့သို့ ခွဲထွက်လိုစိတ်ကင်းမဲ့၍ ခွဲထွက်စရာမလိုသည့် ပြည်ထောင်စုကို အားလုံးလက်တွဲ ပူးပေါင်းထူထောင်ရေး" ဟူသော တင်ပြချက်သည် ပစ္စုပ္ပန်ကာလ၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

# မွေးမြူရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့နံနက် ၁၁ နာရီက ထိုင်းနိုင်ငံ ASIA INTERNATIONAL Co.,Ltd မှ Managing Director Mr. Somsak Kaitchaweepan နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ်ထိုင်းနိုင်ငံ TAK ခရိုင်အခြေစိုက် SK Group နှင့် မြန်မာနိုင်ငံထိပ်တန်း အိမ်လုပ်စားသောက်ကုန်ရောင်းဝယ်ရေးကုမ္ပဏီတို့ ပူးပေါင်း၍မွေးမြူရေးနှင့်မွေးမြူရေး ထုတ်ကုန်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များကို သက်ဆိုင်ရာတာဝန်ရှိသူများက တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးမွေးမြူရေးဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများ အားလုံးအားကြိုဆိုပါကြောင်း၊ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့် ညီညွတ်စွာ လိုက်နာဆောင်ရွက်ရန်၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိစေရေး EIA, SIA ဆိုင်ရာ လုပ်ထုံး လုပ်နည်းများ လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မြန်မာနိုင်ငံ ပြန်တမ်း

**စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေ အာဏာတည်သည့် နေ့ရက်သတ်မှတ်ခြင်း**

စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် (၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်) နေ့တွင် စတင်အာဏာတည်ကြောင်း ယင်းဥပဒေပုဒ်မ ၂ အရ သတ်မှတ်လိုက်သည်။

## မုတ်သုံလေ အားနည်းနေမည်

**နေပြည်တော် စက်တင်ဘာ ၂၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်ဖြစ်သည်။

**မြန်မာ့အလင်း**

# မိတ္ထီလာတွင် ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် လှေလှော်ပြိုင်ပွဲကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၂၀**

မိတ္ထီလာတွင် (၁၃၅) ကြိမ်မြောက် သမိုင်းဝင် ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်တွင် နှစ်စဉ်ထည့်သွင်းကျင်းပမြဲဖြစ်သည့် မြန်မာ့ရိုးရာလောင်းလှေလှော်ပြိုင်ပွဲကို ယနေ့နံနက်က အဆိုပါစေတီတော်အနီး မိတ္ထီလာကန်ရေပြင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာ့ရိုးရာလောင်းလှေလှော်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ (၁၃၅) ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အမှာစကားပြောကြားသည်။

ဆက်လက်ပြီး ပြိုင်ပွဲဝင်လှေလှော်အသင်းများက သမိုင်းဝင်ဖောင်တော်ဦးစေတီတော်အား လှေလှော်၍ဦးတိုက်ပူဇော်ကြပြီး ပြိုင်ပွဲကို စတင်ကျင်းပရာ ပထမပွဲစဉ် အကြီးတန်းပြိုင်ပွဲပထမအကျော့တွင် မြင်းခြံ (က) အသင်းက ကံကြီးဂဠုန်အသင်းကို အနိုင်ရရှိခဲ့သည်။

အဆိုပါ မြန်မာ့ရိုးရာလောင်းလှေလှော်ပြိုင်ပွဲကို စက်တင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**



# YBS ယာဉ်လိုင်းများတွင် မှတ်တိုင်ကြိုပြော အသံပေးစနစ်ထားရှိပါက ခရီးသွားများ အဆင်ပြေနိုင်

**ဒလ စက်တင်ဘာ ၂၀**

ရန်ကုန်မြို့တွင်းတွင် ခရီးသည်ပို့ဆောင်ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းများရှိ ယာဉ်များတွင် အသံစနစ်အသုံးပြု၍ ခရီးသွားပြည်သူများ ဆင်းမည့်မှတ်တိုင်ကို ကြိုတင်သတိပေး ခြင်းဖြင့် ခရီးသွားပြည်သူများအတွက် သွားလာမှုပိုမိုအဆင်ပြေနိုင်မည်ဖြစ်ကြောင်း ခရီးသည်များ၏ ပြောကြားချက်အရ သိရသည်။

YBS ယာဉ်လိုင်းများတွင် ယာဉ်မောင်းတစ်ဦးတည်းသာပါရှိပြီး လက်မှတ်ရောင်း (စပယ်ရာ-ငွေကောက်ခံသူ) မပါရှိသည့်အတွက် ဆင်းမည့်မှတ်တိုင်အား ကျော်လွန်ခြင်း၊ မှတ်တိုင်မရောက်မီ ဆင်းမိခြင်းများနှင့် အမြဲလိုကြုံတွေ့နေရကြောင်း ခရီးသွားတစ်ဦးက ပြောသည်။ YBS ယာဉ်လိုင်းများတွင် အချို့ယာဉ်လိုင်းများရှိ ယာဉ်အချို့၌ မှတ်တိုင်ကြိုတင်သတိပေး အသံစနစ်ပါရှိသော်လည်း ယာဉ်အားလုံးတွင် ထားရှိစေလိုကြောင်း သိရသည်။

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော ယာဉ်လိုင်းများအား ယခင်က မထသမှ စီမံဆောင်ရွက်ပြီး ယခုအခါ YBS မှ စီမံ ဆောင်ရွက်လျက်ရှိရာ အားသာချက်များအဖြစ် ငွေပုံးထဲသို့ ငွေထည့်ခြင်း၊ ရှေ့ပေါက်မှဝင်၍ နောက်ပေါက်မှ ဆင်းရခြင်း စသော စည်းကမ်းကျနမှုများ ရှိလာသော်လည်း လိုရာမှတ်တိုင်သို့ ကားနှစ်ဆင့်စီးသွားရသည့် အခက်အခဲများလည်း တွေ့ရဆဲဖြစ်သည်။

ရန်ကုန်မြို့တွင် YBS စနစ်ဖြင့် ယာဉ်လိုင်းများ စတင်ပြေးဆွဲစဉ်က ပြည်သူများအတွက် အခက်အခဲများ ကြုံတွေ့ရသော်လည်း ယခုအခါ အနည်းငယ်မျှ အသားကျလာပြီဖြစ်ကြောင်း၊ ယာဉ်လိုင်းများရှိ ယာဉ်များတွင် ဆင်းမည့်မှတ်တိုင်ကို အသံစနစ်ဖြင့် ကြိုတင်ပြောကြားသည့်စနစ်အား ထည့်သွင်းဆောင်ရွက်ပေးခြင်းဖြင့် ခရီးသွားပြည်သူများ၏ သွားလာမှုကို ပိုမိုအဆင်ပြေလွယ်ကူစေမည်ဖြစ်ကြောင်း YBS လိုင်းကားစီး ခရီးသွားပြည်သူများ၏ ပြောကြားချက်အရ သိရသည်။ **မောင်ယဉ်ဦး(ဒလ)**

# အဝါရောင်အဆင့် မုန်တိုင်းငယ် အိန္ဒိယနိုင်ငံ ဂိုလ်ပါပူမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက် မုန်တိုင်းအရှိန်ကြောင့် ရခိုင်ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တွင် လေပြင်းကျပြီး လှိုင်းကြီးမည်

**နေပြည်တော် စက်တင်ဘာ ၂၀**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ် (Deep Depression) သည် အိန္ဒိယနိုင်ငံ ဂိုလ်ပါပူ (Gopalpur) မြို့၏ အရှေ့တောင်ဘက် ၁၄၂ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသော မုန်တိုင်းငယ် (Deep Depression)၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အားကောင်းသော မုန်တိုင်းငယ် (Deep Depression) သည် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် မြောက်လတ္တီကျု ၁၈ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၆ ဒသမ ၅ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်း ဖြစ်သည်။

အားကောင်းသော မုန်တိုင်းငယ်သည် အနောက်- အနောက်မြောက်ဘက်သို့ ရွေ့လျားလျက်ရှိပြီး နောက် ၁၂ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိကာ ယနေ့ ညသန်းခေါင်ယံ အချိန်တွင် ဂိုလ်ပါပူမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

အားကောင်းသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင် ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်နှင့် မုတ္တမကွေ့မွန် - တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

❖ *ရှေ့ဖုံးမှ*

ဒုတိယဝန်ကြီး ဦးခင်မောင်တင် လိုက်ပါလျက် စစ်တွေမြို့သို့ အထူးလေယာဉ်ဖြင့် သွားရောက်ခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တောင်ပြိုလက်ဝဲရှိ ပြန်လည်ဝင်ရောက်လာသူများ လက်ခံရေးစခန်းသို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် သွားရောက်ခဲ့ကြပြီး၊ ကိုယ်စားလှယ်အဖွဲ့သည် ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်ရှိ ရွှေဇာရွာ၊ ပန်းတောပြင်ရွာတို့၌ ဒေသခံပြည်သူများနှင့် လွတ်လပ်စွာ တွေ့ဆုံမေးမြန်းခဲ့သည်။

မွန်းလွဲပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်မှ ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး Rt. Hon. Jeremy Hunt MP ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Kempinski ဟိုတယ်တွင် အလုပ်သဘော နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ အဆိုပါ အလုပ်သဘော နေ့လယ်စာစားပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး Rt. Hon. Jeremy Hunt MP ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Kempinski ဟိုတယ်တွင် အလုပ်သဘော နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ သတင်းစဉ်



ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး Rt. Hon. Jeremy Hunt MP ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မောင်တောမြို့နယ် ပန်းတောပြင်ကျေးရွာ၌ အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံမေးမြန်းစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဥရောပသမဂ္ဂသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်သည် ဥရောပသမဂ္ဂ သံအမတ်ကြီး H.E. Mr. Kristian Schmidt နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ(၁)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ကုန်သွယ်မှု အမျိုးအစားများ တိုးပွားလာစေရေးနှင့် အာဆီယံဒေသ၊ ဥရောပသမဂ္ဂနှင့် ကမ္ဘာ့ဈေးကွက်များတွင် ပေါင်းစည်းပါဝင်လာစေရေးတို့အတွက် အရေးပါသည့် ARISE Plus Myanmar စီမံကိန်းအား ဥရောပသမဂ္ဂအဖွဲ့ (EU) အကူအညီဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး၊ မြန်မာ့ထုတ်ကုန်များဖြစ်သည့် သရက်သီး၊ လက်ဖက်ခြောက်၊ ကော်ဖီ အစရှိသည်တို့အား EU ဈေးကွက်၏ လိုအပ်ချက် စံချိန်စံနှုန်းများနှင့်အညီ တင်ပို့သွားနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် Capacity Building Program များအား ဆက်လက် ပံ့ပိုးပေးသွားရေး တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကရင်ပြည်နယ်ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဘောလုံးဝါသနာရှင် မိဘပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**သတင်းစဉ်**

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၂၀**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကြေးမုံမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ စစ်ကိုင်းမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ မြောင်းမြမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ဥက္ကံမြို့နှင့် ရန်ကုန်(ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ်) တို့တွင် ၁ ဒသမ ၁၃ လက်မစီ၊ မုံရွာမြို့တွင် ၂ ဒသမ ၀၈ လက်မ၊ ညောင်ဦးမြို့နှင့် လပွတ္တာမြို့တို့တွင် ၁ ဒသမ ၇၈ လက်မစီ၊ ညောင်တုန်းမြို့တွင် ၁ ဒသမ ၇၅ လက်မ၊ မိုးကုတ်မြို့နှင့် ကွမ်းခြံကုန်းမြို့တို့တွင် ၁ ဒသမ ၇၃ လက်မစီ၊ ဟုမ္မလင်းမြို့တွင် ၁ ဒသမ ၆၉ လက်မ၊ ကလေးဝမြို့တွင် ၁ ဒသမ ၆၅ လက်မစီ၊ မြင်းခြံမြို့တွင် ၁ ဒသမ ၆၁ လက်မနှင့် ဟားခါးမြို့တွင် ၁ ဒသမ ၅၃ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

❍ *ရှေ့ဖုံးမှ*

မပြုခဲ့ခြင်းဖြစ်ပါကြောင်း၊

- ယင်းအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့် ရှာဖွေတွေ့ရှိချက်များကိုလည်း လက်ခံသွားမည်မဟုတ်ဟု ရှင်းလင်းပြတ်သားစွာဖော်ပြခဲ့ပြီး ဖြစ်ကြောင်း၊
- ယင်းအဖွဲ့၏ တည်ထောင်မှု၊ ဖွဲ့စည်းမှုနှင့် လုပ်ပိုင်ခွင့်တို့မှာ သမာသမတ်ကျမှု မရှိနိုင်သကဲ့သို့ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ရေရှည်တည်တံ့မည့် အဖြေရရှိရေးအတွက် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို အဟန့်အတား ဖြစ်လာနိုင်စေမည်ဟု စိုးရိမ်ဖွယ်ရာ ဖြစ်ကြောင်း၊
- အဆိုပါအဖွဲ့၏ တစ်ဖက်သတ်အစီရင်ခံစာသည် အစိုးရ၏ စိုးရိမ်မှုများကိုသာ ပိုမိုမြင့်တက်စေခဲ့ကြောင်း၊ ယင်းအစီရင်ခံစာသည် ရခိုင်ပြည်နယ်ရှိ လူမှုအသိုင်းအဝိုင်းများ ပေါင်းစည်းနေထိုင်မှုကို ပျက်ပြားစေရုံမျှမက နိုင်ငံတစ်ဝန်း ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုများကိုပါ ထိခိုက်စေကြောင်း၊
- FFM အစီရင်ခံစာ၏ သမာသမတ်ကျမှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှုကို မေးခွန်းထုတ်ရန် သိသာထင်ရှားသော အကြောင်းပြချက် များစွာရှိကြောင်း၊
- အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးများနှင့် ပတ်သက်၍ ဖော်ညွှန်းထားသည်မှာ အထင်မြင်လွဲမှားမှုကို ဖြစ်စေကြောင်း၊ ပေါင်းစည်းညီညွတ်ရေးကို အားပေးရမည့်အစား တိုင်းရင်းသားလူမျိုးများအကြား သဘောထားကွဲလွဲစေပြီး၊ နိုင်ငံပြိုကွဲရေးကို အားပေးနေသည့်သဘော သက်ရောက်နေကြောင်း၊
- အစီရင်ခံစာသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ခ်ဘဇားရှိ နေရပ်စွန့်ခွာသူများအနက်မှ ရွေးချယ်ထားသည့် လူတစ်စုတစ်ဖွဲ့အား အင်တာဗျူးပြုလုပ်ခဲ့သည့် ရလဒ်များနှင့် အချို့သော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးအဖွဲ့များထံမှ ရရှိသည့် သတင်းအချက်အလက်များအပေါ် အခြေခံထားခြင်းဖြစ်သဖြင့် ယင်းအဖွဲ့၏ စုံစမ်းစစ်ဆေးသည့် နည်းလမ်းသည် အားနည်းချက်များစွာရှိကြောင်း၊
- အစီရင်ခံစာ ရေးသားသူတို့သည့် ကော့ခ်ဘဇားရှိ မှတ်စလင်မဟုတ်သည့် အခြားသော နေရပ်စွန့်ခွာသူများကိုမူ အင်တာဗျူးလုပ်ရန် အလေးထားဆောင်ရွက်မှု မရှိကြောင်း၊
- ၎င်းတို့၏ စွပ်စွဲချက်များမှာလည်း အာဆာအကြမ်းဖက်အဖွဲ့၏ စဉ်ဆက်မပြတ် ခြိမ်းခြောက်မှုနှင့် လွှမ်းမိုးမှုကို ခံနေရသော ဒဏ်သင့်ခံရသည်ဆိုသူများမှ ထွက်ဆိုသော နှုတ်ထွက်စကားများအပေါ်တွင်သာ အခြေခံထားပြီး၊ ခိုင်လုံသော သက်သေအထောက်အထား မရှိကြောင်း၊
- ထိုသို့ ဟန်ချက်ညီမျှမှု၊ သမာသမတ်ရှိမှု၊ တရားမျှတမှုတို့ ကင်းမဲ့နေလင့်ကစား၊ မြန်မာအစိုးရသည် လူ့အခွင့်အရေး ချိုးဖောက်သည်ဟူသော စွပ်စွဲချက်များအားလုံးကို အလေးအနက်ထားရှိပါကြောင်း၊ အစိုးရအနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို လျစ်လျူရှုမည် မဟုတ်ကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်ကို ဖွဲ့စည်းခဲ့ပါကြောင်း၊
- မြန်မာအစိုးရအနေဖြင့် တာဝန်ခံမှုနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးအတွက် အကြံပြုချက်များ ချမှတ်ပေးရန်အတွက်လည်းကောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ယင်းနှင့်ဆက်နွှယ်သည့် ကိစ္စရပ်များနှင့်ပတ်သက်၍ စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရန် ယင်းကော်မရှင်အား ဖွဲ့စည်းခဲ့ပါကြောင်း၊
- မိမိတို့သည်လည်း နေရပ်စွန့်ခွာရသူများအားလုံး အထူးသဖြင့် အမျိုးသမီးနှင့် မိန်းကလေးငယ်များအတွက် စာနာထောက်ထားမှုနှင့် စိုးရိမ်မှုရှိပါကြောင်း၊
- အစိုးရအနေဖြင့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးကို အဓိကဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊
- နေရပ်ပြန်လိုသူများကို ပြန်လည်ပို့ဆောင်ရန် ဘင်္ဂလားဒေ့ရှ်ဘက်၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါကြောင်း၊ ပြန်လည်လက်ခံရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအား ဖိအားပေးရန် မလိုအပ်ပါကြောင်း၊ စိစစ် ပြီးသည့် နေရပ်စွန့်ခွာသူများကို လက်ခံရန်အသင့်ရှိပါကြောင်း၊
- ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် ကုလသမဂ္ဂ၏ အရေးပါမှုကိုလည်း အသိအမှတ်ပြုပါကြောင်း၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုရန် မြန်မာအစိုးရသည် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့နှင့် နားလည်မှုစာချွန်လွှာ (MoU) တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ MoU အား အကောင်အထည်ဖော်မှုစတင်လျက်ရှိပြီး၊ ကုလသမဂ္ဂအဖွဲ့များသည် ပထမအဆင့်အနေဖြင့် မြေပြင် ကွင်းဆင်းလေ့လာမှုများ ပြုလုပ်လျက်ရှိပါကြောင်း၊
- အာဆာအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများတွင် လေ့ကျင့်ပေးထားသည့် ခေါင်းဆောင်များနှင့် လေ့ကျင့်ထားခြင်းမရှိသော သာမန်ရွာသားများ ပါဝင်သည်ဟု အစီရင်ခံစာတွင် ထောက်ပြထားပါကြောင်း၊ မည်သည့်နိုင်ငံမျှ အကြမ်းဖက်မှုကို မည်သည့်အခြေအနေ မည်သည့်ပုံစံမျိုးတွင်ဖြစ်စေ လျစ်လျူရှုခြင်းပြုရန် မသင့်ပါကြောင်း၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လများတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများသည် ရခိုင်ပြည်နယ်ရှိ ပြည်သူအားလုံးအတွက် ငြိမ်းချမ်းမှုတစ်ခု သာယာဝပြောသည့် အနာဂတ်ကို တည်ဆောက်နေသည့် အစိုးရ၏ ကြိုးပမ်းချက်များကို ထိခိုက်စေပါကြောင်း၊
- ပဋိပက္ခ၏ သမိုင်းကြောင်းကို သေချာစွာ လေ့လာခြင်းမပြုဘဲ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းနှင့် စပ်လျဉ်း၍ တစ်ဖက်သတ် အမြင်အပေါ် အခြေခံထားကြောင်း၊
- ကြီးမားသည့်ဖိအားများ ပေးခံရမှုကြောင့် FFM အနေဖြင့် ၎င်းတို့ ယုံကြည်လိုသော အချက်များကိုသာ အစီရင်ခံစာတွင် ဖော်ပြပြီး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေး လုပ်ငန်းစဉ်ကိုပင် လမ်းလွဲစေနိုင်သည့် အန္တရာယ်ရှိသော ကောက်ချက်များ အလျင်စလို ချမှတ်ထားသည်ကို တွေ့ရှိရကြောင်း၊
- ယခုကာလသည် မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ထူထောင်ရာတွင် အကျပ်အတည်းနှင့် ရင်ဆိုင်နေရသော ကာလဖြစ်ကြောင်း၊
- နိုင်ငံ၏ စည်းလုံးညီညွတ်မှု ပျက်စီးစေရန် ကြိုးပမ်းမှုဟူသမျှကို ပြင်းထန်စွာ ကန့်ကွက်ကြောင်း၊ မိမိတို့အနေဖြင့် ခိုင်မာသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ထူထောင်ရေးပန်းတိုင်ကို ရောက်ရှိရန်အတွက် အစဉ်တစိုက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊
- အပြုသဘောမဆောင်သော ဆောင်ရွက်ချက်များနှင့် ပြစ်ဒဏ်ပေးရန် ဦးတည်သည့် လုပ်ရပ်များမှာ အသိုက်အဝန်းများအကြား ပိုမိုကွဲပြားမှုကိုသာ ဖြစ်စေပြီး၊ မိမိတို့ ဖြေရှင်းလိုသော ပြဿနာ၏ အခြေအနေများကို ပိုမိုဆိုးရွားစေမည်ဖြစ်ကြောင်း၊ နေရပ်စွန့်ခွာသူများအား အမြန်ဆုံး ပြန်လည်လက်ခံရေးအတွက် အစိုးရ၏ အားထုတ်မှုများကိုလည်း အဟန့်အတားများသာဖြစ်စေမည် ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လက်ရှိတွင် လူသားချင်းစာနာမှု အကျပ်အတည်း အခြေအနေအား ဖြေရှင်းရေးအပေါ်သာ အာရုံစိုက်သင့်ကြောင်း ပြောကြားခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အိန္ဒိယအမျိုးသားကာကွယ်ရေးစစ်တက္ကသိုလ်ကို သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၀**

အိန္ဒိယသမ္မတနိုင်ငံ၌ ရောက်ရှိနေသော ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် အိန္ဒိယအမျိုးသား ကာကွယ်ရေးစစ်တက္ကသိုလ် (National Defence Academy- NDA) ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ အိန္ဒိယအမျိုးသား ကာကွယ်ရေးစစ်တက္ကသိုလ်၏ လေ့ကျင့်သင်ကြားပေးနေမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုကာ ကျောင်းအုပ်ကြီးရုံးခန်း၌ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ပြီး ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။



ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် အိန္ဒိယကြည်းတပ်၊ သံချပ်ကာယန္တရားတပ်ဖွဲ့ ဗဟိုဌာနနှင့် သင်တန်းကျောင်းသို့ ရောက်ရှိကြပြီး သင်တန်းကျောင်း၌ လေ့ကျင့်သင်ကြားပေးနေမှုများ သင်ကြားပြသနေမှုများကို လေ့လာကြည့်ရှုကြသည်။

ထို့နောက် သင်တန်းကျောင်းဝင်းအတွင်းရှိ Tank Museum၊ Cavalry Officer Mess ရှိ သံချပ်ကာသမိုင်းပြတိုက်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး (ဝဲပုံ) Cavalry Officer Mess ၌ သံချပ်ကာယန္တရားတပ်ဖွဲ့ ဗဟိုဌာနနှင့် သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသော နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် နယူးဒေလီမြို့သို့ ဆက်လက်ထွက်ခွာကြပြီး နယူးဒေလီမြို့ရှိ ITC MAURYA HOTEL သို့ ရောက်ရှိရပ်နားခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

**ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး**

# တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေမူကြမ်းအပေါ် သုံးသပ်ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၀**

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေ မူကြမ်းအပေါ် သုံးသပ်ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ဆွေးနွေးပွဲသည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် နှစ်ကြိမ်တိုင် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပြီးနောက် ထွက်ပေါ်လာသည့် နည်းဥပဒေ (ဒုတိယမူကြမ်း) အား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ပြီး ပြန်ကြားလာသည့် သဘောထားမှတ်ချက်အပေါ် ပြန်လည်ပြုစု၍ ပေးပို့ရမည်ဖြစ်သည့်အတွက် အရေးကြီးသော ညှိနှိုင်းဆွေးနွေးပွဲတစ်ခုဖြစ်ပါကြောင်း၊

တိုင်းရင်းသားမျိုးနွယ်စုများအားလုံး တောင်တန်း၊ မြေပြန့် ခွဲခြားမှုမရှိဘဲ တန်းတူညီမျှ အခွင့်အရေးရရှိရေးအတွက် ဖော်ဆောင်ရာတွင် တိုင်းရင်းသားများ၏ အခွင့်အရေး ချိုးဖောက်ခံရမှုမရှိစေရေးနှင့် ဘက်စုံလူမှုစီးပွားဘဝ တိုးတက်မြင့်တင်လာရေးတို့တွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေနှင့်အညီ ဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် ငြိမ်းချမ်းရေးကို တိုက်ရိုက်အထောက်အကူ ပြုစေနိုင်မည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ အပြည့်အဝရရှိစေရန်နှင့် နည်းလမ်းတကျ ဆောင်ရွက်နိုင်ရေးအတွက် ဤနည်းဥပဒေ ပေါ်ထွက်လာမှသာ ဆောင်ရွက်နိုင်မည်ဖြစ်၍ နည်းဥပဒေပေါ်ထွက်ရေးသည် တိုင်းရင်းသားလူမျိုးများနှင့် ဝန်ကြီးဌာနအတွက် မည်မျှအရေးကြီးသည်ကို မှန်းဆနိုင်မည်ဖြစ်ပါကြောင်း။

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ လုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနရှိ ဦးစီးဌာနနှစ်ခုမှ လက်တွေ့ထိရောက်စွာ ဖော်ဆောင်နိုင်ရန် နည်းဥပဒေသည် အဓိကလိုအပ်ချက်ဖြစ်သည်နှင့်အညီ နည်းဥပဒေ (ဒုတိယမူကြမ်း) အပေါ် ပြန်လည်ပေးပို့လာသည့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်နှင့်အညီ အကောင်းဆုံးဖြစ်စေရန် ဝိုင်းဝန်းဆွေးနွေးဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဥပဒေအကြံပေးအဖွဲ့မှ တာဝန်ရှိသူများက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက နည်းဥပဒေမူကြမ်း၏ အခန်းတစ်ခန်းချင်းစီအလိုက် သုံးသပ်ညှိနှိုင်း ဆွေးနွေးကြပြီး ဆွေးနွေးချက်များနှင့် အကြံပြုချက်များကို အတည်ပြုရေးဆွဲကြသည်။




နည်းဥပဒေသစ်ရေးဆွဲမှု အခြေအနေနှင့်စပ်လျဉ်း၍ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အယ်လ်တူးမိန်းဂေါင်က "နည်းဥပဒေရေးဆွဲတဲ့အခါမှာ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် ဥပဒေမှ ခွင့်ပြုထားတဲ့အပိုင်းနဲ့ တိုင်းရင်းသားလူမျိုးစုတွေမှာရှိနေတဲ့ မြင့်မားတဲ့ မျှော်မှန်းချက်တွေကြားမှာ အဆင်အပြေဆုံးနဲ့ အသင့်တော်ဆုံးဖြစ်ပြီး ဝန်ကြီးဌာနရဲ့ လုပ်ငန်းတာဝန်တွေကိုလည်း ထမ်းဆောင်နိုင်မယ့် နည်းဥပဒေတစ်ခု ပေါ်ပေါက်လာဖို့ ရည်ရွယ်ပါတယ်" ဟု ပြောသည်။

"ဒီဆွေးနွေးပွဲပြီးရင်တော့ နည်းဥပဒေ တတိယမူကြမ်း ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။ ထွက်ပေါ်လာတဲ့ တတိယမူကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ပေးပို့ပြီးရင် ဥပဒေရေးရာ သဘောထားမှတ်ချက်တွေ၊ အသေးစိတ်ပြင်ဆင်တာတွေ အနည်းငယ်ရှိပါမယ်။ အဲဒါတွေပြီးရင်တော့ မကြာခင်အချိန်အတွင်းမှာ တိုင်းရင်းသားပြည်သူတွေအတွက် အကျိုးရှိမယ့် လုပ်ငန်းတာဝန်တွေ ထမ်းဆောင်ရာမှာလည်း အထောက်အကူပြုမယ့် နည်းဥပဒေသစ်တစ်ခု ပေါ်ထွက်လာမယ်လို့ မျှော်လင့်ပါတယ်" ဟု အဆိုပါ နည်းဥပဒေ အပြီးသတ်ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ ၎င်းက ပြောသည်။

**သတင်းစဉ်**

# ဒက္ခိဏသီရိမြို့နယ်မှ တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၀**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကူနစ်လုံးဆည်စုကျေးရွာအုပ်စုမှ တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (လယ်ယာမြေ ပုံစံ-၇) ပေးအပ်ပွဲကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

ပုံစံ-၇ များပေးအပ်ပွဲတွင် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်အောင်ဌေးက အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အတူ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးဇော်လင်းထွန်း၊ ဒက္ခိဏသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဇော်ဟန်နှင့် တာဝန်ရှိသူများက ကျေးစာဥကျေးရွာ၊ ဆည်စုကျေးရွာနှင့် ကူနစ်လုံးဆည်စုကျေးရွာအုပ်စုနှင့် မန်ကျည်းကုန်းကျေးရွာတို့မှ လယ်ယာမြေ ၂၉၇ ဒသမ ၇၈ ဧကအတွက် လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ များကို တောင်သူ ၅၂ ဦးထံ ပေးအပ်ခဲ့သည်။

ယခုလို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ များ ထုတ်ပေးခြင်းကြောင့် လယ်ယာမြေများကို အထောက်အထားကင်းမဲ့စွာ လုပ်ကိုင်နေရခြင်းအစား ခိုင်မာသည့် တရားဝင်အထောက်အထားများရရှိခြင်းဖြင့် ကျေးလက်နေတောင်သူများအနေဖြင့် မိမိတို့၏ လယ်ယာမြေများကို ပို၍ယုံကြည်စိတ်ချစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ဒေါ်လာဈေးနှုန်းမြင့်တက်သော်လည်း BPI ဆေးဝါးများ ဈေးတက်ရောင်းချခြင်းမရှိ

**ရန်ကုန် စက်တင်ဘာ ၂၀**

ဒေါ်လာဈေးနှုန်းမြင့်တက်မှုကြောင့် ပြည်ပမှ မှာယူတင်သွင်း ဖြန့်ဖြူးရောင်းချနေသည့် နိုင်ငံခြားဆေးဝါးများ ဈေးနှုန်းမြင့်တက်မှုရှိသော်လည်း စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသည့် BPI ဆေးဝါးများကို ဈေးတက်ရောင်းချခြင်းမရှိဘဲ မူလသတ်မှတ်ထားသည့် ဈေးနှုန်းအတိုင်း ရောင်းချပေးလျက်ရှိကြောင်း စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှ သိရသည်။

"လက်ရှိအနေအထားမှာတော့ ဒေါ်လာဈေးတက်နေပေမယ့် အရင်တုန်းက ဝယ်ထားတဲ့ ပြည်ပကုန်ကြမ်းတွေနဲ့ ဝယ်ထားတဲ့ဈေးအတိုင်း ဆက်လက်ထုတ်လုပ်ပြီး ဖြန့်ဖြူးရောင်းချနေပါတယ်။ ဈေးတက်ရောင်းဖို့ အစီအစဉ်မရှိပါဘူး။ ဒါပေမယ့် လာမယ့်နှစ်တွေမှာ ပြည်ပကုန်ကြမ်းတက်ဝယ်ရတဲ့ အခြေအနေမျိုးဆိုရင် တစ်မျိုးဖြစ်ချင်ဖြစ်မှာပါ" ဟု မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်က ပြောသည်။

စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှ ထုတ်လုပ်သည့် BPI အမှတ်တံဆိပ်ပါ ဆေးဝါးများကို ရောင်းချရန် တင်ဒါအောင်မြင်ခဲ့သည့် ကိုယ်စားလှယ်ကုမ္ပဏီ လေးခုရှိပြီး အဆိုပါ ကုမ္ပဏီများကိုလည်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းမပြုရန် ညွှန်ကြားထားကြောင်း မြန်မာ့ဆေးဝါးလုပ်ငန်းမှ သိရသည်။

"တင်ဒါအောင်ထားတဲ့ အရောင်းကိုယ်စားလှယ်တွေကို ဈေးတက်ပြီး မရောင်းချဖို့ ညွှန်ကြားထားတာရှိတယ်။ အရောင်းကိုယ်စားလှယ်တွေကိုလည်း ဈေးနှုန်းကို သယ်ယူစရိတ်ပေါ် မူတည်ပြီး သင့်တင့်လျောက်ပတ်တဲ့ ၁၀ ရာခိုင်နှုန်းအတွင်းမှာပဲ ဈေးနှုန်းကို ပြင်ခိုင်းထားတာရှိတယ်။ အဲဒါကို စည်းကမ်းမလိုက်နာရင် အရောင်းကိုယ်စားလှယ်အဖြစ်က ရပ်ဆိုင်းမှာပါ" ဟု မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်က ပြောသည်။

ဒေါ်လာဈေးနှုန်းမြင့်တက်မှုကြောင့် ပြည်ပမှ မှာယူတင်သွင်းနေရသည့် ဆေးဝါးများနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်းမှ ဒေါက်တာ စောနေနွယ်က "ဆေးတွေရဲ့ ၉၀ ရာခိုင်နှုန်းကျော်က နိုင်ငံခြားက တင်သွင်းရတဲ့အခါကျတော့ ရိုက်ခတ်မှုကတော့ ရှိတယ်။ နှစ်လသုံးလအတွင်းမှာ တက်သွားတဲ့ ရာခိုင်နှုန်းကများတော့ ကြိုးစားပြီးစောင့်ဆိုင်းပေမယ့် မရဘူး။ ဆေးဝါးတွေက ၅ ရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်းအထိ တက်လာတယ်။ ဒေါ်လာငွေဈေး ၁၆၀၀ ကျော်သွားတဲ့အချိန်မှာတော့ ပြန်ကျလေမလားဆိုပြီး ကုမ္ပဏီတွေက စောင့်ကြည့်နေတယ်လို့ သိထားပါတယ်။ ပြန်မကျလာဘူးဆိုရင်တော့ ဈေးကတော့ မြင့်တက်ရမယ့်အနေအထား ရှိနေပါတယ်" ဟု ပြောသည်။

စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းအောက်ရှိ ဆေးဝါးစက်ရုံများမှ BPI အမှတ်တံဆိပ်ပါ ဆေးဝါးများကို ယခင်က တစ်နိုင်ငံလုံးဆေးဝါးလိုအပ်ချက်၏ ၁၀ ရာခိုင်နှုန်းအောက်သာ ထုတ်လုပ်ပေးနိုင်ခဲ့ပြီး အစိုးရသစ်လက်ထက်တွင် တစ်နိုင်ငံလုံးဆေးဝါးလိုအပ်ချက်၏ ၁၅ ရာခိုင်နှုန်းအထက်ကို တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် မြန်မာ့ဆေးဝါးလုပ်ငန်းအောက်ရှိ ဆေးဝါးစက်ရုံများမှ ဆေးဝါးအမယ် ၁၉၈ မျိုးထုတ်လုပ်လျက်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာ့ဆေးဝါးလုပ်ငန်းမှ နိုင်ငံတော်သို့ အမြတ်ငွေကျပ် ၁၂ ဒသမ ၁၆ ဘီလီယံ ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။

**မင်းသစ် (MNA)**

# ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော်ကပ်လှူခြင်းဆိုင်ရာ သတင်းစာရှင်းလင်းပွဲ ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၂၀**

ရွှေတိဂုံစေတီတော် ၂၀၁၈-၂၀၁၉ ခုနှစ် ရွှေသင်္ကန်းတော် ကပ်လှူခြင်းဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ရွှေတိဂုံစေတီရင်ပြင်တော် တောင်ဘက်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပခဲ့သည်။

**သိပ္ပံနည်းကျ စနစ်တကျ စစ်ဆေးထား**

အဆိုပါရှင်းလင်းပွဲတွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် (စီမံ/လုံခြုံ) ဦးသောင်းထိုက်က ရှင်းလင်းပြောကြားရာ၌ ရွှေတိဂုံစေတီတော်ကြီးအား ၂၀၁၈-၂၀၁၉ ခုနှစ် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရေးလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်နေကြောင်း၊ ငြမ်းဆင်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်နေပြီး တစ်လမှ တစ်လခွဲအတွင်း ပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့နောက် ရွှေစင်ရွှေပြားကပ်လှူခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းတွင် ရွှေပြားဖြင့်ပူဇော်ခြင်း၊ ရွှေရည်သုတ်ရွှေပြားများဖြင့် ကပ်လှူပူဇော်ခြင်းနှင့် မျက်ပါးရွှေဖြင့် ကပ်လှူပူဇော်ခြင်းအစီအစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဂေါပကအဖွဲ့မှ ထုတ်လုပ်ထားသော ရွှေစင်၊ ရွှေပြား၊ ရွှေရည်သုတ်ရွှေပြားများတွင် ရွှေပါဝင်မှုရာခိုင်နှုန်း၊ ရွှေပါဝင်မှုအခြေအနေများကို ပြသထားပါကြောင်း၊ ထုတ်လုပ်ထားသောရွှေများအားလုံးကို ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန၊ သတ္တုဗေဒသုတေသနဌာန (အေလာ) က သိပ္ပံနည်းကျ စနစ်တကျ စစ်ဆေးထားပါကြောင်း၊ ရွှေပါဝင်မှုရာခိုင်နှုန်းကိုလည်း မှတ်ချက်အတိုင်း ဖော်ပြထားပါကြောင်း ပြောကြားခဲ့သည်။

**လုပ်ငန်းစဉ်အဆင့်ဆင့် စောင့်ကြပ်ကြည့်ရှု**

ထို့ပြင် ၎င်းက ဆက်လက်၍ သတ္တုလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာ၌ အခြားသော သတ္တုများရောနှောပါဝင်မှုရှိသော်လည်း သန့်စင်ပြီးချိန်တွင် ရွှေပြားအားလုံးသည် ၉၅ ရာနှုန်းနှင့်အထက် ရွှေစင်များပါဝင်ပါကြောင်း၊ ရွှေမျက်ပါးကပ်လှူပူဇော်ခြင်း အနေဖြင့် ယခင်နှစ်များက ရွှေမျက်ပါးတင်သွင်းရန် တင်ဒါစနစ်ဖြင့် လုပ်ဆောင်သည့်အခါတွင် ဈေးအသက်သာဆုံးဖြစ်ခြင်း၊ တင်သွင်းသည့်ရွှေမျက်ပါးများကို စစ်ဆေးရာတွင် ရွှေပါဝင်မှု ၉၇ ဒသမ ၅ ရာခိုင်နှုန်းပါဝင်သော ရွှေဆိုင်းများကို ဝယ်ယူလက်ခံခဲ့ပါကြောင်း၊ ယခုအခါတွင် လက်ခတ်ရွှေပြားများကို ဦးစားပေးဝယ်ယူ၍ ဘုရားကြီး၏ မျက်ပါးရွှေကပ်လှူပူဇော်ခြင်းလုပ်ငန်းကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘုရားတွင် အသုံးပြုသောရွှေများနှင့် ပတ်သက်၍ ဝေဖန်မှုများရှိပါကြောင်း၊ ဘုရားတွင် အသုံးပြုသည့် ရွှေများကိုဝယ်ယူရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနတို့နှင့် နိုင်ငံတော်အစိုးရအဖွဲ့ကို တင်ပြပြီး နေပြည်တော်မှ ၉၉ ဒသမ ၉ ရာခိုင်နှုန်း ရွှေစင်ရွှေတုံးများကို သွားရောက်ဝယ်ယူပါကြောင်း၊ ဝယ်ယူပြီး ရွှေစင်ရွှေတုံးများကို ရွှေတိဂုံစေတီတော်ရှိ လုံခြုံစိတ်ချရသောသိုလှောင်ခန်းတွင် ထားရှိပါကြောင်း၊ ထုတ်လုပ်ရာတွင်လည်း အဖွဲ့နှင့် တာဝန်ရှိသူအသီးသီးတို့က အခန်းဖွင့်ခြင်း၊ စစ်ဆေးခြင်း၊ ချိန်တွယ်ခြင်းများကို ဆောင်ရွက်ပါကြောင်း၊ ထုတ်လုပ်မည့်စက်ရုံသို့ ယူသွားပြီး စက်ရုံအဝင်တွင် ထပ်မံစစ်ဆေးပါကြောင်း၊ စက်ရုံထဲတွင် ရွှေကိုချိန်ပြီးပါက အလုပ်ကို စတင်ကြောင်း၊ အလုပ်လုပ်ရာတွင် စီစီတီဗွီကင်မရာများဖြင့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို စောင့်ကြပ်ကြည့်ရှုပါကြောင်း၊ အနားတွင်လည်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှ လုံခြုံရေးဝန်ထမ်းများကလည်း အလုပ်လုပ်ချိန်အပြည့် စောင့်ကြပ်ကြည့်ရှုပါကြောင်း၊ ထုတ်လုပ်ပြီးသော ရွှေပြား၊ သုံးစွဲသောရွှေ၊ လက်ကျန်ရွှေစသောအခြေအနေအရပ်ရပ်ကို စစ်ဆေးမှတ်တမ်းတင်ပြီး ပြန်လည်ယူဆောင်လာပြီး ရွှေစင်ရွှေပြားကို အပ်နှံသကဲ့သို့ ပိုသောရွှေကိုလည်း အပ်နှံပါကြောင်း၊ စေတနာရှင်အလှူရှင်များ လှူဒါန်းထားသော ရွှေများ ဆုံးရှုံးနစ်နာမှု လုံးဝမဖြစ်စေရေးအတွက် ဂေါပကအဖွဲ့အနေဖြင့် အဆင့်ဆင့်သော လုပ်ငန်းစဉ်များနှင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ရာထုတ်လုပ်ထားသောရွှေစင်ရွှေပြားများအားလုံးသည် ၉၉ ဒသမ ၉ ရာနှုန်းရွှေဖြင့် ထုတ်လုပ်ထားခြင်းဖြစ်ပြီး အရောအနှောမရှိကြောင်းနှင့် ပြင်ပရွှေဝယ်ယူလုပ်ဆောင်ခြင်းမရှိကြောင်း အသိပေးတင်ပြခဲ့သည်။

၎င်းက ဆက်လက်ပြောကြားရာ၌ ယခုအချိန်တွင် ရွှေဈေးမှာ တစ်ကျပ်သားကို ၁၀ သိန်းရှိနေသော်လည်း ဂေါပကအဖွဲ့အနေဖြင့် ရှစ်သိန်းတစ်သောင်းဖြင့်သာ ကောက်ယူသည့်အတွက် အလှူရှင်များအနေဖြင့် သံသယဖြင့် မေးမြန်းမှုများရှိပါကြောင်း၊ လိုအပ်သောငွေကို ရွှေတိဂုံစေတီတော်ကြီးရှိ အလှူတော်ငွေအရပ်ရပ် အနက်မှ ရွှေသင်္ကန်းကပ်လှူပူဇော်ရေး အလှူငွေ ဟူသော ခေါင်းစဉ်အောက်မှ ပြည်သူအများ လှူဒါန်းငွေမှာ ယနေ့အထိ ကျပ် ၁၃ ဒသမ ၇ ဘီလီယံရှိပါကြောင်း၊ ထိုငွေဖြင့် ရွှေထည်ထုတ်လုပ်မှုလုပ်ငန်းကို လုပ်ကိုင်ပြီး စေတနာရှင် အလှူရှင်များ၏ ဆန္ဒနှင့်အညီ လှူဒါန်းသောရွှေတစ်ကျပ်သားကို ပြည့်မီအောင် ကပ်လှူပူဇော်ပေးလျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

**စမ်းသပ်စစ်ဆေးနိုင်**

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဝင်(ရွှေနှင့်ရတနာ) ဦးညိုဝင်းက ကြာမှောက်ကြာလန်ကိစ္စနှင့် ပတ်သက်၍ ဆက်လက်ပြောကြားရာတွင် စေတီတော်ကြီးတစ်ခုလုံး၌ မြန်မာမှုအနုလက်ရာ အမြောက်ဆုံး အလှဆုံးနေရာဖြစ်ကြောင်း၊ ထိုလက်ရာအကောင်းဆုံးနေရာတွင် မည်းကွက်သောကိစ္စဖြစ်ပေါ်နေပါကြောင်း၊ ကြာမှောက်ကြာလန်ဧရိယာတွင် ရွှေစင်ရွှေပြားဆိုက်စုံ သုံးထောင့်ကိုးရာကျော်ရှိကြောင်း၊ စာရင်းအရ ရွှေပိဿာချိန် ၄၄ ပိဿာအသုံးပြုထားပြီး ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ကပ်လှူထားကြောင်း၊ ၂၀၁၄ ခုနှစ် ရွှေသင်္ကန်းကပ်လှူရာတွင် ရောင်တော်ဖွင့်ခဲ့ပါကြောင်း၊ ထိုစဉ်က ဓာတုဗေဒဆေးအသုံးပြုခဲ့သည့်အတွက် ၂၀၁၆ ခုနှစ်တွင် မည်းကွက်သောကိစ္စရပ်ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနသို့ တင်ပြခဲ့ပြီး သိပ္ပံပညာရှင်များ၊ သတ္တုဗေဒပညာရှင်များ ပါဝင်သောအဖွဲ့ဖြင့် ဆွေးနွေးခဲ့ပါကြောင်း၊ အဖွဲ့မှ လုပ်ငန်းဆောင်ရွက်ခဲ့သူအား ခေါ်ယူမေးမြန်းခဲ့ကြောင်း၊ လုပ်ငန်းရှင်၏ ထွက်ဆိုချက်တွင် ရောင်တော်ဖွင့်ရာ၌ ဓာတုဆေးရည်ကို ရေပေါ်များစွာ အသုံးမပြုနိုင်ဘဲ ထားခဲ့ရသည့်အတွက် ဖြစ်နိုင်ပါသည်ဟု ထွက်ဆိုခဲ့ကြောင်း၊ ရေများများသုံးပါကလည်း အောက်ခြေတွင် ကပ်နေသည့် မျက်ပါးရွှေများပျက်စီးနိုင်သည့်အတွက် အသုံးမပြုခဲ့ခြင်း ဖြစ်ပါကြောင်း၊ ပညာရှင်များ၏ မှတ်ချက်အနေဖြင့် ရွှေပြားများကို ဖြုတ်ယူပြီး မျက်မြင်ဓာတ်ခွဲစမ်းသပ်မှသာ အဖြေထုတ်နိုင်မည်ဖြစ်ကြောင်း၊ ငြမ်းဆင်သည့်အခါမှသာ စမ်းသပ်စစ်ဆေးနိုင်မည်ဖြစ်ကြောင်း ၂၀၁၆ ခုနှစ်ထဲတွင် ဆုံးဖြတ်ထားခဲ့ပါကြောင်း၊ ထို့ကြောင့် ယခုငြမ်းဆင်ကာလတွင် အဆိုပါကိစ္စကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ပါကြောင်းနှင့် ရွှေစင်ရွှေပြား ကပ်လှူခြင်းလုပ်ငန်းအကြောင်းကို အသေးစိတ်ပြောကြားခဲ့သည်။

စေတီတော်မြတ်ကြီးကို ရွှေစင်ရွှေပြားပေါင်း ငါးသောင်းရှစ်ထောင်ခန့် ကပ်လှူပူဇော်ထားကြောင်း သိရသည်။ ၂၀၁၈-၂၀၁၉ ခုနှစ် ရွှေသင်္ကန်းတော်ကပ်လှူရေးကိစ္စတွင် ဗဟိုကော်မတီတစ်ခု၊ လုပ်ငန်းကော်မတီတစ်ခုအပါအဝင် ဆပ်ကော်မတီ ၁၀ ခုတို့ဖြင့် ခွဲဝေတာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။ စက်တင်ဘာလ ၁၆ ရက်နေ့အထိ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဘဏ္ဍာငွေ လက်ကျန်စာရင်းမှာ မြန်မာငွေလက်ကျန် စုစုပေါင်း ၇၉၂၂၇၆၀၂၀၁၂ ကျပ် ၁၄ ပြားဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၅၄၆၅၆၇၃ ဒသမ ၂၆ ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း၊ ဓာတ်ပုံ- ထိန်လင်း**

# ကွမ်ကျိုးမြို့၌ ကျင်းပသည့် World Routes 2018 ခရီးသွားပြပွဲ မြန်မာ့ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပါဝင်ပြသ

**နေပြည်တော် စက်တင်ဘာ ၂၀**

မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့တွင် ကျင်းပပြုလုပ်သည့် World Routes 2018 သို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ သွားရောက်ပြသခဲ့ကြောင်း သိရသည်။

ယင်း World Routes 2018 သည် ခရီးသွားလာမှုဆိုင်ရာ ပြပွဲတစ်ခုဖြစ်ပြီး ပြပွဲအတွင်း မြန်မာနိုင်ငံမှ ယဉ်ကျေးမှုပြသသည့် အစီအစဉ်အဖြစ် ရုပ်သေးအကနှင့် ခြင်းလုံးအလှတင်ဆက်ကပြမှုများအပါအဝင် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအစီအစဉ်များကို တင်ဆက်နိုင်ခဲ့ကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် - YIA မှ သိရသည်။



လေဆိပ်အဖွဲ့သည် နိုင်ငံတကာမှ လေကြောင်းလိုင်း ၅၀ ကျော်၏ တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း၊ ခရီးသွားလာရေးဝန်ကြီးဌာနများနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့ကြပြီး မြန်မာနိုင်ငံတွင် အောက်တိုဘာ ၁ ရက်မှစတင်ကာ ကိုရီးယား၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့ကို ဗီဇာကင်းလွတ်ခွင့် ကြေညာချက်အရ အာရှ-ပစိဖိတ်ဒေသမှ လေကြောင်းလိုင်းများနှင့်အတူ နိုင်ငံတကာလေဆိပ် ၂၅ ခုတို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြသည့်အတွက် မြန်မာ့ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို အထောက်အကူဖြစ်စေခဲ့ကြောင်း သိရသည်။

အဆိုပါ World Routes 2018 သို့ နိုင်ငံတကာ လေကြောင်းပို့ဆောင်ရေးနယ်ပယ်မှ ကျွမ်းကျင်သူများ၊ လေကြောင်းလိုင်း ၃၀၀ နှင့် လေဆိပ် ၇၀၀ တို့မှ တာဝန်ရှိသူများ၊ လေကြောင်းခရီးသွားလာရေးနယ်ပယ်မှ ပညာရှင်များ တက်ရောက်ကာ ဆွေးနွေးမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ညှိနှိုင်းမှုများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

**သွန်းဝသန်**

# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ထားဝယ်မြို့၌ ကျင်းပ

**ထားဝယ် စက်တင်ဘာ ၂၀**

လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်၊ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်ချက်များဖြင့် ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ထားဝယ်မြို့တော်ခန်းမ၌ စက်တင်ဘာလ ဒုတိယပတ်အတွင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ဇေယျက ၂၀၁၈ ခုနှစ်အတွင်း တိုင်းဒေသကြီးအတွင်း၌ လူကုန်ကူးမှုနှင့် လူမှောင်ခိုမှု အရေးယူခဲ့မှုများနှင့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် လူကုန်ကူးမှုပပျောက်ရေး ပြည်သူအားလုံးပါဝင်ပေး ဆောင်ပုဒ်နှင့်အညီ ပြည်သူတစ်ရပ်လုံးက သက်ဆိုင်ရာဌာနများနှင့်လက်တွဲ၍ ပူးပေါင်းပါဝင်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဒုတိယသမ္မတ ပြောကြားသည့်မိန့်ခွန်းကို တိုင်းဒေသကြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ခင်မောင်အေးက ဖတ်ကြားပြီး မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် ပန်းချီ၊ ကာတွန်းနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသော အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကာ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပညာပေးပြခန်းများကိုလည်း ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**

# ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် ဖတ်ကြားသည့် ကချင်ပြည်နယ် ဒီမိုကရေစီပါတီ၏ စာတမ်း

**လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော အထူးဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကျန်းမာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။**

ကျွန်တော်ကတော့ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့၏ ဆောင်ပုဒ်ဖြစ်သော ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး စာတမ်းကို ကချင်ပြည်နယ် ဒီမိုကရေစီပါတီကိုယ်စားဖတ်ကြားမယ့် အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလမာနော်အောင် ဖြစ်ပါတယ်။

**ကမ္ဘာ့နိုင်ငံအများစုက ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးနေကြ**

လေးစားရပါသော လူကြီးမင်းများခင်ဗျား- ကမ္ဘာ့နိုင်ငံများသည် ခေတ်စနစ်အမျိုးမျိုးကို ကျင့်သုံးဖြတ်သန်းလာခဲ့ကြရာ ယခုအခါ ကမ္ဘာ့နိုင်ငံအများစုက ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးနေကြကြောင်း သိရှိရပါတယ်။ ကျင့်သုံးရခြင်းမှာ မိမိတို့၏ ကံကြမ္မာကို မိမိတို့ကိုယ်တိုင် ဖန်တီးခွင့်၊ ရွေးချယ်ဆုံးဖြတ်ခွင့်၊ ပါဝင်ခွင့်ရရှိခြင်းတို့ကြောင့် လူသားစိတ်ဆန္ဒနှင့်အနီးစပ်ဆုံး ကျင့်သုံးနိုင်သော အတွေးအခေါ်အယူအဆစနစ် တစ်ခုဖြစ်သောကြောင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင်လည်း တိုင်းရင်းသားခေါင်းဆောင်များက ပင်လုံကတိကဝတ်စာချုပ်ဖြင့် လွတ်လပ်ရေး ရယူပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို တည်ထောင်ခဲ့ကြကာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ သို့သော် ကြာရှည်မကျင့်သုံးမထိန်းသိမ်းနိုင်ခဲ့တဲ့ အာဏာရှင်စနစ်၊ တစ်ပါတီစနစ် အုပ်ချုပ်မှုအောက်သို့ ကျရောက်ခဲ့ရပါတယ်။

**ရှန်းကန်ရင်းနှီးပေးဆပ်မှုများစွာကြောင့် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းကျင့်သုံးစပြုနေ**

နှစ်ပေါင်း(၅၀)ခန့် ဒီမိုကရေစီနှင့် ကွာဝေးသွားပြီး ယခုတစ်ဖန်တိုင်းရင်းသားပြည်သူများ၏ ရုန်းကန်ရင်းနှီးပေးဆပ်မှုများစွာကြောင့် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းကျင့်သုံးစပြုနေပြီဖြစ်ပါတယ်။ ယခင်ကာလက သင်ခန်းစာများရယူကာ ရရှိပြီးသော ဒီမိုကရေစီ ရလဒ်ကောင်းများကို မပျောက်ပျက်အောင် ရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းထိန်းညှိဆောင်ရွက်နေရပါမည်။ ထိုသို့ ဆောင်ရွက်ရန် နိုင်ငံခေါင်းဆောင်များ



ဦးလမာနော်အောင် စာတမ်းဖတ်ကြားစဉ်။

အစိုးရ၊ လွှတ်တော်၊ တရားရုံး၊ လက်နက်ကိုင်အဖွဲ့အစည်း၊ နိုင်ငံရေးပါတီ၊ သတင်းမီဒီယာ လူမှုအဖွဲ့အစည်းနှင့် မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူအားလုံးမှာ တာဝန်ရှိပါတယ်။

> **“အစိုးရတိုင်းတွင် တိုင်းသူပြည်သားများ၏ ဘဝတိုးတက်ဖွံ့ဖြိုးရေးကို ဆောင်ရွက်လိုသော်လည်း ထိန်းညှိမှုမရှိလျှင် အာဏာရှင်ဆန်လာကာ မူလရည်ရွယ်ချက်ပျောက်ပျက်ပြီး အတ္တအကျိုးစီးပွားအတွက် အာဏာရရှိရေး၊ အာဏာတည်မြဲရေး ဆောင်ရွက်လာနိုင်ပါတယ်။ ထိန်းညှိမှုသည် အရေးပါလှပါတယ်။ ဒီမိုကရေစီ အများဆန္ဒဖြင့်ဆုံးဖြတ်သော စနစ်ဖြစ်ပြီး လူနည်းစု၏ အခွင့်အရေးကိုလည်း ဥပဒေဖြင့် အကာအကွယ်ပေးထားရမည် ဖြစ်ပါတယ်”**

**လေးစားရပါသော လူကြီးမင်းများခင်ဗျား -**

ဒီမိုကရေစီစနစ်တွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲစနစ်ရှိရမည်ဖြစ်ပြီး နိုင်ငံသားများက နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မိမိတို့ကိုယ်စားတာဝန်ခံကျင့်သုံးပေးမယ့် ကိုယ်စားလှယ်များကို လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ခွင့်ရှိရမည် ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတွင် ဒီမိုကရေစီကို ပြည့်ဝစွာ မကျင့်သုံးနိုင်သေးကြောင်းကို တွေ့နေရပါမယ်။ စိတ်ရှည်သည်းခံပြီး ဆင်ခြင်တုံတရားဖြင့် သတိကြီးစွာ ထိန်းညှိဆောင်ရွက်ရဦးမည် ဖြစ်ပါတယ်။

**လေးစားရပါသော လူကြီးမင်းများခင်ဗျား -**

ဥပဒေပြုရေးလွှတ်တော်၊ အုပ်ချုပ်ရေးအစိုးရ၊ တရားစီရင်ရေး တရားရုံးတို့သည် အချင်းချင်း စွက်ဖက်ခြင်းမပြု၊ လွှမ်းမိုးခြင်းမရှိဘဲ အပြန်အလှန် ထိန်းညှိထောက်ပြခွင့်ရှိမှသာလျှင် စစ်မှန်တဲ့ ဒီမိုကရေစီ အနှစ်သာရဖြစ်ပြီး ဒီမိုကရေစီ ရှင်သန်ရေးအတွက် အရေးပါလှသော အချက်ဖြစ်ပါတယ်။ ထိန်းညှိမှုမခံ၊ ထိန်းညှိခြင်းမရှိသော စနစ်သည် အာဏာရှင်စနစ်သို့ ဦးတည်သွားနိုင်ပါတယ်။

**ထိန်းညှိမှုသည် အရေးပါလှ**

အစိုးရတိုင်းတွင် တိုင်းသူပြည်သားများ၏ ဘဝတိုးတက်ဖွံ့ဖြိုးရေးကို ဆောင်ရွက်လိုသော်လည်း ထိန်းညှိမှုမရှိလျှင် အာဏာရှင်ဆန်လာကာ မူလရည်ရွယ်ချက်ပျောက်ပျက်ပြီး အတ္တအကျိုးစီးပွားအတွက် အာဏာရရှိရေး၊ အာဏာတည်မြဲရေး ဆောင်ရွက်လာနိုင်ပါတယ်။ ထိန်းညှိမှုသည် အရေးပါလှပါတယ်။ ဒီမိုကရေစီသည် အများဆန္ဒဖြင့်ဆုံးဖြတ်သော စနစ်ဖြစ်ပြီး လူနည်းစု၏ အခွင့်အရေးကိုလည်း ဥပဒေ ဖြင့် အကာအကွယ်ပေးထားရမည် ဖြစ်ပါတယ်။

ဒီမိုကရေစီ ရှင်သန်ထိန်းညှိရန်အတွက် သက်ရှိလူသားများသာ ပြုလုပ်ဆောင်ရွက်ရုံဖြင့် ရနိုင်မည်မဟုတ်ဘဲ တရားမျှတပြီး ခေတ်စနစ်နှင့်လျော်ညီသည့် မူဝါဒအခြေခံ ဥပဒေများဖြင့်လည်း ထိန်းညှိကာကွယ်ပေးထားရမည် ဖြစ်ပါတယ်။

**ဒီမိုကရေစီစနစ် အဓွန့်ရှည် တည်တံ့ခိုင်မြဲအောင် ကာကွယ်ထိန်းညှိ**

မိမိတို့ နေ့စဉ်လက်တွေ့ဘဝကြုံတွေ့နေသော ဥပမာတစ်ခုနှင့် နှိုင်းယှဉ်ပြရမည်ဆိုပါက မိမိတို့ရလိုသော သီးပင်ကို စိုက်ပါက မျိုးစေ့ကြဲချချိန်မှစ၍ အညှောင့်ထွက်၊ အပင်ပေါက်၊ အပွင့်ပွင့် အသီးသီးလာချိန်ထိ ပြုစုပျိုးထောင်ကာကွယ်ပါမှ အကျိုးခံစားခွင့် ရနိုင်သကဲ့သို့ ကျွန်တော်တို့ နိုင်ငံသည်လည်း ဒီမိုကရေစီစနစ်သို့ ကူးပြောင်းစ၊ ကျင့်သုံးစပြုနေတဲ့ အချိန်ကာလဖြစ်သောကြောင့် ဒီမိုကရေစီစနစ် အဓွန့်ရှည် တည်တံ့ခိုင်မြဲအောင် ကာကွယ်ထိန်းညှိရမည့် တာဝန်သည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ တာဝန်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒီမိုကရေစီရှင်သန်ရေးအတွက် နိုင်ငံသားအားလုံး ဖြူစင်သောစိတ်စေတနာ၊ ဆင်ခြင်တုံတရားကို အခြေခံကာ မိမိတို့၏ အသိစိတ်ဓာတ်ဖြင့် ဒီမိုကရေစီရှင်သန်ရေးကို ဝိုင်းဝန်းထိန်းညှိဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းရင်းနိဂုံးချုပ်အပ်ပါသည်။

ကျေးဇူးတင်ပါတယ်.....

## ရွှေပီတောက်ငါးဈေးကြီး ဆိပ်ခံဇောထားရှိနိုင်ပါက ရေချို၊ ရေငန် ငါးဈေးကြီးအဖြစ် စည်ကားလာမည်

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ ရွှေပီတောက်ငါးဈေးကြီးတွင် ဈေးရုံပေါင်း ရှစ်ရုံရှိပြီး မြေ ရှစ်ဧကကျော်တွင် ယာဉ်ရပ်နားရာနေရာ၊ အအေးခန်းနှင့် ဆိုင်ခန်းပေါင်း ၄၄၀ ကျော် ထားရှိဖွင့်လှစ်ထားသော်လည်း ဆိပ်ခံဇောမရှိခြင်းကြောင့် ရေကြောင်းမှ ငါးစက်လှေများ ဝင်ရောက်ရန် အခက်အခဲရှိနေ၍ ပင်လယ်ပြင်ငါးဖမ်းခြင်း ပွင့်လင်းလာချိန်တွင် ရေငန်ငါးများ ဝင်ရောက်လာတော့မည်ဖြစ်ရာ ရေချို၊ ရေငန်စက်လှေများ ဆိုက်ကပ်ရန် ဆိပ်ခံဇောထားရှိနိုင်ပါက ဗဟိုစံပြ ငါးဈေးထက် နေရာကျယ်ဝန်းပြီး အသင့်ရောင်းချရန်နှင့် ဝင်လမ်း၊ ထွက်လမ်း အဆင်ပြေသော သီရိမင်္ဂလာဈေးနှင့် ကပ်လျက်ရှိသည့် ရွှေပီတောက်ငါးဈေးကြီး ယခုထက် ပိုမိုစည်ကားလာမည်ဖြစ်ကြောင်း သိရသည်။

ဈေးရုံ ရှစ်ရုံတွင် တစ်ရုံလျှင် (၁၁×၁၈) ပေ အကျယ်ရှိသော ဆိုင်ခန်းပေါင်း ၅၀ ကျော်ရှိပြီး လက်ရှိတွင် ဈေးရုံနှစ်ရုံသာ အရောင်းအဝယ်ရှိသောကြောင့် ဆိုင်ခန်းဝယ်ယူထားသူများ နှစ်နာလျက်ရှိ၍ စံပြငါးဈေးဝင်းပြင်ပနေရာများ၊ ရပ်ကွက်အတွင်းနှင့် ကားလမ်းဘေးတွင် ဖွင့်လှစ်ရောင်းချရလျက်ရှိရာ စံပြငါးဈေး၏ ဝင်ပေါက်၊ ထွက်ပေါက် လမ်းမကြီး ပိတ်ဆို့မှုနှင့်အတူ လမ်းပေါ်တွင် ငါးများကို ပုံ၍ အရောင်းအဝယ်ပြုခြင်း၊ ရေခဲရိုက်ခြင်း၊ ရွေးချယ်ခြင်းတို့ကြောင့် ငါး၏ အရည်အသွေးနှင့် စားသုံးသူတို့၏ ကျန်းမာရေးကို ထိခိုက်နိုင်သောကြောင့် သတ်မှတ်ခွင့်ပြုထားသော ဈေးရုံအတွင်း ရောင်းဝယ်ခြင်းဖြင့် ပတ်ဝန်းကျင်ကျန်းမာရေးထိခိုက်မှုမရှိစေဘဲ လမ်းပိတ်ဆို့မှုကင်းရှင်းကာ ကုန်စည်စီးဆင်းမှုလည်း မြန်ဆန်ချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ရွှေပီတောက်ငါးဈေး အရောင်းအဝယ်ပါးခြင်းမှာ ငါးဒိုင်သို့ ငါးစက်လှေဝင်ရောက်ရန် ဆိပ်ခံမရှိခြင်းကြောင့်ဖြစ်ကြောင်း၊ လက်ရှိဆိပ်ခံမှာလည်း ဆန်၊ ဓာတ်မြေသြဇာနှင့် ကြက်စာဝင်ရောက်ပို့ဆောင်ရာ ဆိပ်ခံအဖြစ်အသုံးပြုထားကြောင်း၊ ၂၀၁၄ ခုနှစ် ရွှေပီတောက် ငါးဈေးဖွင့်လှစ်ချိန်မှစ၍ ယနေ့တိုင် ရေချို၊ ရေငန်ငါး ဝင်ရောက်ရန်



နေရာမရှိသည့်အတွက် ယခုအခါ ဆိုင်ခန်း ၆၀ ခန့်သာ ည ၈ နာရီမှ နံနက် ၂ နာရီ အထိ အရောင်းအဝယ်ရှိကြောင်းနှင့် စံပြငါးဈေးသည် ည ၈ နာရီမှ နံနက် ၆ နာရီအထိ အရောင်းအဝယ်ရှိကြောင်း သိရသည်။

ရွှေပီတောက်ငါးဈေးသို့ ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးတန်၊ ငါးမုတ်၊ ငါးရံ့၊ ပုစွန်နှင့် အခြားရေချိုငါးများသာ ဧရာဝတီတိုင်းဒေသကြီးမှဝင်ရောက်ပြီး စက်တင်ဘာ ၁၅ ရက်မှစ၍ ပင်လယ်ပြင်တွင် ငါးဖမ်းဆီးမှု ပြန်လည်ပွင့်လင်းပြီဖြစ်ရာ ငါးဈေးသို့ ရေငန်ငါးများ ဝင်ရောက်ဆိုက်ကပ်ရန် ဆိပ်ခံဇော လိုအပ်နေခြင်းဖြစ်သည်။

စံပြငါးဈေး၏ ဈေးရုံပြင်ပတွင် ရောင်းချသူ ၂၀၀ ခန့်ရှိပြီး လမ်းပေါ် ရောင်းချနေသော ပုံကျငါးဒိုင်များမှ အခွန်အကောက် မရရှိဘဲ လမ်းပေါ်ပုံ၍ ရောင်းချခြင်း၊ ငါးခြစ်လုပ်ငန်းလုပ်ခြင်းတို့ကြောင့် နိုင်ငံခြားသားများလည်း လာရောက်မှတ်တမ်းတင်လေ့ရှိရာ ပြည်ပသို့ ငါးတင်ပို့မှုနှင့် ငါးခြစ်လုပ်ငန်း အရည်အသွေး ထိခိုက်နိုင်သည်ကို သတိပြုသင့်ပြီဟု ရေချိုလုပ်ငန်းရှင်အချို့က သုံးသပ်လျက်ရှိသည်။

**သတင်း-သန်းထိုက်(လှိုင်သာယာ)**
**ဓာတ်ပုံ - သစ္စာ**

## မြို့နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်

**ကန်ပက်လက် စက်တင်ဘာ ၂၀**

ကန်ပက်လက်မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအစည်းအဝေးကို စက်တင်ဘာ ၁၈ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ခရိုင် လူမှုဝန်ထမ်းဦးစီးမှူး ဒေါ်ဝင်းဝင်းမာက ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေနှင့် အဆင့်လိုက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းဝင်းက မြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသူများက လိုအပ်ချက်များကို ဆွေးနွေးတင်ပြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ကော်မတီဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် ဖတ်ကြားသည့် ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ စာတမ်း

**ယနေ့ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားသို့ ကြွရောက်လာကြသော ပြည်ထောင်စုအဆင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားပြုခေါင်းဆောင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာရှိသော နေ့ထူးအခါသမယမှာ ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေကြောင်း လေးစားစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။**

ကျွန်တော်ကတော့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီကို ကိုယ်စားပြု စာတမ်းဖတ်ကြားမည့် ကွမ်းလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ယန်ကျင်းကန် ဖြစ်ပါတယ်။

အခုလို ပါတီကိုယ်စားပြု စာတမ်းဖတ်ကြားခွင့်ရတဲ့အတွက် တာဝန်ရှိသူများ အားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် များစွာဝမ်းမြောက် ဂုဏ်ယူပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

**လေးစားအပ်တဲ့ ဒီမိုကရေစီ ချစ်မြတ်နိုးသော ပုဂ္ဂိုလ်ကြီးများ ခင်ဗျား**

ကျွန်တော်တို့ နိုင်ငံရဲ့နိုင်ငံရေးသမိုင်းကြောင်း ဖြစ်ပေါ်ပြောင်းလဲမှုဖြစ်စဉ်ဟာ ကမ္ဘာ့နိုင်ငံအသီးသီးက စဉ်ဆက်မပြတ် ပြောင်းလဲဖြစ်ပျက်နေတဲ့ လူသားများရဲ့ နိုင်ငံရေး သမိုင်းများကဲ့သို့ပဲ ပြောင်းလဲလိုသူများရဲ့ စွမ်းဆောင်မှုကြောင့် တိုင်းရင်းသား ပြည်သူအများရဲ့အကျိုးစီးပွားကို ရှေးရှုမည့် ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲရောက်ရှိခဲ့ပြီ ဖြစ်ပါတယ်။

ဒါကြောင့်လည်းပဲ ဒီမိုကရေစီရဲ့သဘောသဘာဝဖြစ်တဲ့ ပြည်သူများကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်များနဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာ (၃)ရပ် ခွဲခြားပြီး အပြန်အလှန်ထိန်းညှိတဲ့ နိုင်ငံရေးအခင်းအကျင်းနဲ့ မြန်မာ့နိုင်ငံရေး ခရီးကို လျှောက်လှမ်းနေတာဖြစ်ပါတယ်။

သို့သော်လည်း အာဏာတစ်ရပ်ချင်းစီက တရားနည်းလမ်းကျစွာ တည့်မတ်မှန်ကန်စွာ အပြန်အလှန် ထိန်းကျောင်းကြပ်မတ်မှု မပြုပါက ပြည်သူတစ်ရပ်လုံး ယုံကြည်မျှော်လင့်ရာဖြစ်တဲ့ ဒီမိုကရေစီ ပန်းတိုင်ကို လျှောက်လှမ်းနိုင်မှာ မဟုတ်ပါဘူး။

လူပုဂ္ဂိုလ်တစ်ဦးချင်းစီပင်လျှင် မိမိကိုယ်မိမိ ဆင်ခြင်တုံတရားနဲ့ ကြပ်မတ်ထိန်းညှိမှု မပြုပါက လူ့တန်ဖိုးနဲ့ လူပုဂ္ဂိုလ်ဆိုင်ရာ ကျင့်ဝတ်သိက္ခာများ ပျက်ယွင်းသွားနိုင်သကဲ့သို့ လူအများ၏ အကျိုးစီးပွားကို ဖော်ဆောင်ရမည့် လုပ်ပိုင်ခွင့်အာဏာများဟာလည်း အပြန်အလှန် ထိန်းညှိကြပ်မတ်မှု မပြုပါက အစွန်းတရားများဆီသို့ ဦးတည်သွားနိုင်ပြီး ရည်မှန်းရာပန်းတိုင် လွဲချော်သွားနိုင်ပါတယ်။

ဒါကြောင့် ဝိုင်းဝန်းထိန်းညှိကြပ်မတ်မှုပြုခြင်းသည် ကျွန်တော်တို့နိုင်ငံလို ကူးပြောင်းစ ဒီမိုကရေစီနိုင်ငံမှာ အထူးအလေးထား ပြုမူဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။

ယေဘုယျအားဖြင့် ကူးပြောင်းဆဲကာလမှာပဲ ရှိနေသေးတဲ့ ကျွန်တော်တို့နိုင်ငံမှာ စနစ်သစ်သို့ လျှောက်လှမ်းလိုတဲ့ လူမှုအဖွဲ့အစည်းတစ်ခုနဲ့ စနစ်ဟောင်းကို ဖက်တွယ်နေချင်သူ လူမှုအဖွဲ့အစည်း (၂)ခုကြားမှာ ဖြစ်ပေါ်လာမည့် အားပြိုင်လွန်ဆွဲမှုဟာလည်း မလွဲမသွေကြုံတွေ့ရမှာပဲ ဖြစ်ပါတယ်။



ဦးယန်ကျင်းကန် စာတမ်းဖတ်ကြားစဉ်။

စနစ်ဟောင်းရဲ့ အတွေးအမြင်၊ အပြုအမူများကို အပြီးသတ်ချုပ်ငြိမ်းစေဖို့ တစ်ဦးချင်းစီကော အစုအဖွဲ့လိုက်ပါ လူမှုအဖွဲ့အစည်း တစ်ခုလုံးက ခေတ်စနစ်နှင့် မလျော်ညီတော့တဲ့ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာအပြုအမူ အတွေးအမြင်များကို အပြီးတိုင် ပြုပြင်ပြောင်းလဲဖို့ ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ကြဖို့ လိုအပ်မှာပဲဖြစ်ပါတယ်။

ဒါကြောင့် ဝိုင်းဝန်းထိန်းညှိခြင်းကို တစ်ဦးချင်းကစလို့ လူမှုအဖွဲ့အစည်း တစ်ရပ်လုံးက ကျင့်ကြံကြရမယ်လို့ ဆိုလိုရင်းလည်းဖြစ်ပါတယ်။

ထို့အပြင် ကူးပြောင်းဆဲကာလမှာ လျှောက်လှမ်းသွားမည့်ခရီးနဲ့ဆီလျော်အံဝင်မည့် အတွေးအခေါ်များကို ကိုင်စွဲပြီး မျက်မှောက်အခြေအနေများနဲ့ ကင်းလွတ်မနေတဲ့ အစီအမံများကို သတိကြီးစွာ အမြော်အမြင်ကြီးစွာ ဝိုင်းဝန်းထိန်းညှိအားပြုနေကြမှသာ ကောင်းမွန်တဲ့ရလဒ်များ ရရှိနိုင်မှာလည်း ဖြစ်ပါတယ်။

နုနယ်သေးတဲ့ မြန်မာ့ဒီမိုကရေစီခရီးမှာ အကန့်အသတ် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ဖြေရှင်းကျော်ဖြတ်နေရတာဖြစ်လို့ ပတ်သက်သူများအားလုံးက ပြိုင်တူတွန်းမှ ရွေ့နိုင်မည့် မြန်မာ့ဒီမိုကရေစီရေးအတွက် အတ္တကြီးစွာ အတိတ်ကိုဖက်တွယ်ပြီး ရေသာခိုနေမယ်ဆိုရင် “မိုးပြိုလူအများ” ဆိုတဲ့ သဘောသဘာဝကိုလည်း မမေ့မလျော့ခံယူထားဖို့ လိုအပ်မှာလည်း ဖြစ်ပါတယ်။

ခေတ်စနစ်က ပေးတဲ့သင်ခန်းစာများနဲ့ ခါးသီးတဲ့ အတွေ့အကြုံများကပေးတဲ့ အသိတရားများအရ တန်းတူညီမျှသော အခွင့်အရေးများ ရယူခံစားနိုင်တဲ့ စနစ်ကို မျက်မှောက်ပြုနေပြီဖြစ်တဲ့ လက်ရှိအခြေအနေကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက သိရှိနားလည်တန်ဖိုးထားပြီး ရရှိပြီးသော ရလဒ်ကောင်းများကို အမိအရ ကိုင်စွဲပြီး ရည်မှန်းရာ ပန်းတိုင်မှ သွေဖည်မသွားဖို့ ဝိုင်းဝန်းထိန်းညှိပေးကြမှာလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အပြုသဘောဆောင်တဲ့ စိတ်ရင်းစေတနာ လုပ်ဆောင်ချက်များဖြင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ရေရှည်အကျိုးစီးပွားကို ဖော်ဆောင်ပေးမည့် သာယာဝပြောသော မြန်မာ့ဒီမိုကရေစီ လှေ့ဘောင်သစ်ကြီးသို့ တူညီသော ရည်မှန်းချက်ဖြင့် လျှောက်လှမ်းနိုင်ရန်အတွက် မြန်မာ့ဒီမိုကရေစီ ရှင်သန်ဖို့ ဝိုင်းဝန်းထိန်းညှိကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။

> **“ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးသမိုင်းကြောင်း ဖြစ်ပေါ်ပြောင်းလဲမှုဖြစ်စဉ်ဟာ ကမ္ဘာ့ နိုင်ငံအသီးသီးက စဉ်ဆက်မပြတ် ပြောင်းလဲဖြစ်ပျက်နေတဲ့ လူသားများရဲ့ နိုင်ငံရေးသမိုင်းများကဲ့သို့ပဲ ပြောင်းလဲလိုသူများရဲ့ စွမ်းဆောင်မှုကြောင့် တိုင်းရင်းသားပြည်သူအများရဲ့အကျိုးစီးပွားကို ရှေးရှုမည့်ပါတီစုံ ဒီမိုကရေစီစနစ်ကို ပြောင်းလဲရောက်ရှိခဲ့ပြီ ဖြစ်”**

## ဖောင်းပြင်မြို့နယ် စန္ဒားကျေးရွာတွင် ဒီဇယ်ဓာတ်အားပေးစက် ဖွင့်ပွဲကျင်းပ

**ဖောင်းပြင် စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေဖြင့် ထောက်ပံ့သော ၁၀၀ ကေဗွီအေ ဓာတ်အားပေးစက် ဖွင့်ပွဲအခမ်းအနားကို ဖောင်းပြင်မြို့နယ် စန္ဒားကျေးရွာတွင် ယမန်နေ့က ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ်နှင့် ဦးခင်မောင်ထွန်း၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ မြို့နယ်လျှပ်စစ်မှူး ဦးမောင်ဟန်တို့က ၁၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်ပြီး မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်လျှပ်စစ်မှူးက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်ဓာတ်အားစနစ်တကျသုံးစွဲရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်လျှပ်စစ်မှ အခမ်းအနားသို့ တက်ရောက်လာသူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဗဟုသုတရဖွယ် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ဖောင်းပြင်မြို့နယ်ရှိ ကျေးရွာလေးရွာကို တိုင်းဒေသကြီး အစိုးရအဖွဲ့ ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေဖြင့် ၁၀၀ ကေဗွီအေ ဓာတ်အားပေးစက်နှစ်လုံး၊ ၅၀ ကေဗွီအေ ဓာတ်အားပေးစက် စုစုပေါင်းလေးလုံး ထောက်ပံ့ပေးထားကြောင်း သိရသည်။

ဇေယျာ(ပြန်/ဆက်)

## ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာရှိ တောင်သူများအား မြေဩဇာများပေးအပ်

**ပင်းတယ စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးခရိုင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်တွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာရှိ စံပြကွက်များအတွက် မြေဩဇာထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က တောင်ရှည်ကျေးရွာအုပ်စု ကံသာကျေးရွာ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် ဦးကျော်ငြိမ်း၊ ဦးခွန်ထွန်းမောင်၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ဦးကြိုင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးဇော်ဝင်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်ဦးစီးမှူးက စိုက်ပျိုးရေးဆိုင်ရာများနှင့် မြေဩဇာများ ထောက်ပံ့ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက တောင်သူများအား မြေဩဇာအိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး

## လိပ်သိုမြို့နယ်နှင့် အနီးဝန်းကျင်ကျေးရွာများအား ၂၄ နာရီဓာတ်အား ဖြန့်ဖြူးပေးနိုင်ပြီ

**နေပြည်တော် စက်တင်ဘာ ၂၀**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ် လိပ်သိုမြို့နှင့်အနီးပတ်ဝန်းကျင်ကျေးရွာများအား နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အား ဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်း သိရသည်။

လိပ်သိုမြို့အား ယခင်က ၁၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက် တစ်လုံးဖြင့် မြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်တွင် အိမ်ထောင်စု ၅၈၀ ရှိရာ မီးသုံးစွဲသူဦးရေ ၂၄၀ ကို တစ်ရက်လျှင် ၃ နာရီ မိနစ် ၂၀ နှုန်းဖြင့်သာ ဓာတ်အားဖြန့်ဖြူး ပေးထားနိုင်ခဲ့ကြောင်း၊ လိပ်သိုမြို့သို့ ၂၄ နာရီ ဓာတ်အားပေးနိုင်ရေးအတွက် ၃၃ ကေဗွီ သံတောင်ကြီး-လိပ်သိုဓာတ်အားလိုင်း ၂၄ ဒသမ ၀၅ မိုင်၊ လိပ်သိုမြို့တွင် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းနှစ်မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း နှစ်မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ဓာတ်အားခွဲရုံသုံးရုံတို့အား Regional Development Project for Poverty Reduction Phase I စီမံချက်အတွက် ဂျပန်နိုင်ငံ JICA မှ ချေးငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

လိပ်သိုမြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်တွင် ၁၁/၀ ဒသမ ၄ ကေဗွီအေ ဓာတ်အားခွဲရုံသုံးရုံကို ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် လည်းကောင်း၊ တောင်ငူ-လိပ်သိုလမ်းမတစ်လျှောက်ရှိ ကျေးရွာခြောက်ရွာတွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၁ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၁၀၀ ကေဗွီအေ ဓာတ်အားခွဲရုံ ရှစ်ရုံအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လည်းကောင်း၊ ကျန်ခုနစ်ရွာတွင် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၁၀၀ ကေဗွီအေ ဓာတ်အားခွဲရုံ ကိုးရုံအား ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင်လည်းကောင်း ပြည်နယ်အစိုးရရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ပြီး ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ၃၃ ကေဗွီ သံတောင်ကြီး-လိပ်သို ဓာတ်အားလိုင်းအား ဩဂုတ် ၁၇ ရက်တွင်လည်းကောင်း၊ ယခင်မီးစက်ဖြင့် ဓာတ်အားပေးထားသော မြို့ပေါ်ခြောက်ရပ်ကွက်အား ဩဂုတ် ၁၈ ရက်တွင်လည်းကောင်း ဓာတ်အားစတင်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။

ယခုအခါ မီးစက်ဖြင့် ဓာတ်အားပေးထားသည့် မြို့ပေါ်ရပ်ကွက်များရှိ ဓာတ်အားသုံးစွဲသူစုစုပေါင်း ၃၄၀ အား ဓာတ်အားစနစ်ဖြင့် ၂၄ နာရီ ပုံမှန်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး ထပ်မံ၍ မြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာ ၁၃ ရွာရှိ အိမ်ထောင်စုပေါင်း ၁၇၆၆ စုခန့်အား မကြာမီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်နေပြီဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သိမ့်သိမ့်မိုး(မြန်မာ့အလင်း)

# သစ်တောဥပဒေပြဋ္ဌာန်း

## သစ်တောဥပဒေ

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉ ။)**

**၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၁ ရက်**

**(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို သစ်တောဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

( ခ ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနကို ဆိုသည်။

( ဂ ) **ဝန်ကြီး** ဆိုသည်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဃ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

( င ) **သစ်တောကြေးတိုင်အရာရှိ** ဆိုသည်မှာ ဤဥပဒေအရ ကြိုးဝိုင်းတော ဖွဲ့စည်းမည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး စိစစ်ရေးအဖွဲ့၏ တာဝန်ခံအဖြစ် ဆုံးဖြတ်ချက်ချမှတ်၍ ကြိုးဝိုင်းတော နယ်နိမိတ်သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ် သို့မဟုတ် ခရိုင်အဆင့်ရှိ အရာထမ်းကို ဆိုသည်။

( စ ) **သစ်တောအရာရှိ** ဆိုသည်မှာ သစ်တောဦးစီးဌာန၏ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံများကို ဆိုသည်။

(ဆ) **သစ်တောဝန်ထမ်း** ဆိုသည်မှာ သစ်တောဦးစီးဌာန၏ တောကြပ်မှ ညွှန်ကြားရေးမှူးချုပ် အထိ အဆင့်ဆင့်သော သစ်တောစီမံခန့်ခွဲမှု ဆိုင်ရာ ဝန်ထမ်းများကို ဆိုသည်။

( ဇ ) **ကြိုးဝိုင်းတော** ဆိုသည်မှာ ဤဥပဒေအရ ကြိုးဝိုင်းတောအဖြစ် ဖွဲ့စည်းထားသည့် နယ်မြေကို ဆိုသည်။

( ဈ ) **ကြိုးပြင်ကာကွယ်တော** ဆိုသည်မှာ ဤဥပဒေအရ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာထားသည့် နယ်မြေကို ဆိုသည်။

(ည) **သစ်တောနယ်မြေ** ဆိုသည်မှာ ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောတို့ ပါဝင်သည့် နယ်မြေကိုဆိုသည်။

( ဋ ) **အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေ** ဆိုသည်မှာ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အစိုးရ ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော မြေမှအပ အခြားမြေများကို ဆိုသည်။

( ဌ ) **သစ်တောထွက်ပစ္စည်း** ဆိုသည်မှာ သစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေတွင် ပေါက်ရောက်နေသော သို့မဟုတ် တွေ့ရှိရသော သစ်ပင်၊ သစ်ရွက်၊ ပန်း၊ သစ်သီး၊ သစ်ဥသစ်ဖု၊ သစ်ခွ၊ အခြားကပ်ပါးပင်များနှင့် ယင်းတို့မှထွက်ရှိသော ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် တောရိုင်းတိရစ္ဆာန်များ၊ ပိုးမွှားများ၊ ယင်းတို့၏ အစိတ်အပိုင်းများနှင့် ယင်းတို့မှ ထွက်ရှိသော ပစ္စည်းများလည်း ပါဝင်သည်။

( ဍ ) **သစ် မဟုတ်သည့် သစ်တောထွက်ပစ္စည်း** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ကြေညာထားသည့် သစ်မဟုတ်သည့် သစ်တောထွက် ပစ္စည်းများကို ဆိုသည်။

( ဎ ) **သစ်ပင်** ဆိုရာတွင် သစ်မြစ်၊ သစ်ငုတ်၊ ပင်စည်၊ အကိုင်း အခက်၊ ချုံ၊ နွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွနှင့် အပင်ပေါက်တို့ ပါဝင်သည်။

(ဏ) **တားမြစ်သစ်ပင်** ဆိုသည်မှာ ကျွန်းပင်နှင့် ဤဥပဒေအရ တားမြစ်သစ်ပင် အဖြစ် သတ်မှတ်ကြေညာထားသည့် သစ်ပင်ကို ဆိုသည်။

(တ) **သစ်** ဆိုသည်မှာ ချုံ၊ နွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွနှင့် အပင်ပေါက်တို့မှအပ လဲနေသော သစ်ပင်၊ ခုတ်လှဲပြီး သစ်ပင်၊ ခုတ်ထွင် ဖြတ်တောက် ပြုပြင်ထားသော သစ် သို့မဟုတ် သစ်လုံးကို ဆိုသည်။

(ထ) **ထင်း** ဆိုသည်မှာ လောင်စာအဖြစ်သာ အသုံးပြုရန် သင့်လျော်သော သစ်ပင်၊ သစ်ပိုင်း သို့မဟုတ် သစ်စကို ဆိုသည်။

( ဒ ) **အိမ်မွေးတိရစ္ဆာန်** ဆိုသည်မှာ လူတို့ မွေးမြူထားသော ဆင် အပါအဝင် တိရစ္ဆာန်များကို ဆိုသည်။

( ဓ ) **မျှောစာ** ဆိုသည်မှာ တရားဝင်ပိုင်ဆိုင်သည့် သစ်တောထွက်ပစ္စည်း များကို ပြည်တွင်း၌ မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းနိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

( န ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ဤဥပဒေအရ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုသည့် အမိန့် သို့မဟုတ် သစ်တောထွက်ပစ္စည်းနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ခွင့် အမိန့်ကို ဆိုသည်။ ယင်းစကားရပ်တွင် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုရန် ချုပ်ဆိုသည့် စာချုပ်လည်း ပါဝင်ပါသည်။

( ပ ) **ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း** ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပြန်ထားသော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆိုင်ရာညွှန်ကြားချက်များအရ ဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။

( ဖ ) **လက်ကိုင်စက်လွှ** ဆိုသည်မှာ စက်အားကို အသုံးပြု၍ သစ်ပင်၊ သစ်လုံး၊ တိုင်၊ မျောနှင့် ခွဲသားများကို ပိုင်းဖြတ်ခွဲစိတ်နိုင်သော အလွယ်တကူ ရွှေ့ပြောင်းသုံးစွဲနိုင်သည့် လက်ကိုင်စက်ကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အစိုးရအဖွဲ့၏ သစ်တောရေးရာ မူဝါဒကို အကောင်အထည်ဖော်ရန်၊

( ခ ) အစိုးရအဖွဲ့၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရန်၊

( ဂ ) အစိုးရအဖွဲ့၏ သစ်တောရေးရာမူဝါဒနှင့် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒတို့ကို အကောင်အထည်ဖော်ရာတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊

(ဃ) သစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်သူတို့၏ စားဝတ်နေရေးကို အထောက်အကူဖြစ်စေရန်နှင့် စဉ်ဆက်မပြတ် အကျိုးစီးပွားခံစားနိုင်စေရန်၊

( င ) သစ်တောထိန်းသိမ်းကာကွယ်ရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝ ဘေးအန္တရာယ် လျော့ပါးရေးတို့နှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန်၊

( စ ) သစ်တောနှင့် ဇီဝမျိုးများပြုန်းတီးခြင်း၊ မီးလောင်ခြင်း၊ ပိုးမွှားကျရောက်ခြင်းနှင့် အပင်ရောဂါကျရောက်ခြင်း ဘေးအန္တရာယ်တို့မှ ထိန်းသိမ်းကာကွယ်နိုင်ရန်၊

(ဆ) သဘာဝသစ်တောများ ထိန်းသိမ်းကာကွယ်ရေးနှင့် သစ်တောစိုက်ခင်း သစ်များ တည်ထောင်ရေးတို့ကို တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ရန်၊

( ဇ ) ပြည်တွင်းလောင်စာ လိုအပ်ချက်ကို အထောက်အကူ ဖြစ်စေရန်၊

( ဈ ) စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော ထာဝစဉ် တည်တံ့စေသည့် သစ်တောစီမံအုပ်ချုပ်မှုကို အကောင်အထည်ဖော် ဆောင်ရွက်ရန်။

**အခန်း(၃)**

**ကြိုးဝိုင်းတောဖွဲ့စည်းခြင်းနှင့် ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်း**

၄။ ဝန်ကြီးဌာနသည် သဘာဝတောတောင်၊ ရေ၊ မြေတို့ကို ထိန်းသိမ်းကာကွယ်ရန်နှင့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန်အလို့ငှာ အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နယ်နိမိတ်သတ်မှတ်၍ အောက်ပါ ကြိုးဝိုင်းတော အမျိုးအစား များကို ဖွဲ့စည်းနိုင်သည်-

(က) စီးပွားရေး သစ်ထုတ်ကြိုးဝိုင်းတော၊

( ခ ) ဒေသန္တရ ထောက်ပံ့ရေးကြိုးဝိုင်းတော၊

( ဂ ) ရေဝေရေလဲ ထိန်းသိမ်းရေးကြိုးဝိုင်းတော၊

(ဃ) သဘာဝဝန်းကျင်နှင့် ဇီဝမျိုးများ ထိန်းသိမ်းရေးကြိုးဝိုင်းတော၊

( င ) အခြားကြိုးဝိုင်းတော အမျိုးအစားများ။

၅။ ဝန်ကြီးဌာနသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ကြိုးဝိုင်းတောပြင်ပရှိ အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နယ်နိမိတ်ဖော်ပြ၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာနိုင်သည် -

(က) ရေ၊ မြေ ထိန်းသိမ်းကာကွယ်ခြင်း၊

( ခ ) အပူပိုင်းဒေသတော ထိန်းသိမ်းကာကွယ်ခြင်း၊

( ဂ ) ဒီရေတော ထိန်းသိမ်းကာကွယ်ခြင်း၊

(ဃ) သဘာဝဝန်းကျင်နှင့် ဇီဝမျိုးများ ထိန်းသိမ်းကာကွယ်ခြင်း၊

( င ) သစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန် ထိန်းသိမ်းကာကွယ်ခြင်း။

၆။ ဝန်ကြီးဌာနသည် -

(က) ကြိုးဝိုင်းတောဖွဲ့စည်းခြင်း သို့မဟုတ် ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းမပြုမီ မည်သည့်နယ်မြေဒေသကို ကြိုးဝိုင်းတောအဖြစ် ဖွဲ့စည်းရန် သို့မဟုတ် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ရန် ရည်ရွယ်ကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကြေညာ ရမည်။

( ခ ) ကြိုးဝိုင်းတော ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးဝိုင်းတော နယ်နိမိတ်သတ်မှတ်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောကြေးတိုင် အရာရှိတစ်ဦး ဦးဆောင်၍ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ အပါအဝင်ဖြစ်သည့် စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်း၍တာဝန်ပေးအပ်ရမည်။

( ဂ ) ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင် ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့် အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် ညွှန်ကြားရေး မှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ အပါအဝင်ဖြစ်သည့် လုပ်ငန်းအဖွဲ့ကို တာဝန် ပေးအပ်ရမည်။

(ဃ) သစ်တောကြေးတိုင်အရာရှိက ပုဒ်မခွဲ (ခ) အရ ဆောင်ရွက်ပြီးနောက် ညွှန်ကြားရေးမှူးချုပ်မှတစ်ဆင့် တင်ပြလာသော အစီရင်ခံစာအပေါ် စိစစ်သုံးသပ်၍ ကြိုးဝိုင်းတောဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ရမည်။

( င ) ညွှန်ကြားရေးမှူးချုပ်က ပုဒ်မခွဲ (ဂ) အရ ဆောင်ရွက်ပြီးနောက် တင်ပြလာသော အစီရင်ခံစာအပေါ် စိစစ်သုံးသပ်၍ ကြိုးပြင်ကာကွယ် တော သတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ရမည်။

၇။ ဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့်-

(က) ကြိုးဝိုင်းတောတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကြိုးဝိုင်းတောအမျိုးအစား ပြင်ဆင်ဖွဲ့စည်းခြင်း၊ ကြိုးဝိုင်းတောအဖြစ်မှ ပယ်ဖျက်ခြင်း သို့မဟုတ် ကြိုးပြင်ကာကွယ်တောအဖြစ် ပြောင်းလဲ သတ်မှတ်ခြင်း ပြုနိုင်သည်။

( ခ ) ဆက်လက်ကာကွယ်ထိန်းသိမ်းထားရန် မလိုအပ်သည့် ကြိုးပြင်ကာကွယ် တော တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကြိုးပြင် ကာကွယ်တောအဖြစ်မှ ပယ်ဖျက်နိုင်သည်။

( ဂ ) ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းခြင်း၊ ပယ်ဖျက်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်းများကို ပြည်ထောင်စုလွှတ်တော်သို့ အသိပေး တင်ပြရမည်။

(ဃ) ဒေသခံများမှ ၎င်းတို့၏ ဓလေ့ထုံးတမ်းအရ ထိန်းသိမ်းထားသည့် သဘာဝသစ်တောများနှင့် ဒီရေတောများကို အသိအမှတ်ပြုနိုင်သည်။

၈။ (က) နိုင်ငံတော်အတွင်း မည်သည့်နေရာဒေသတွင်မဆို ပေါက်ရောက်နေသော ကျွန်းပင်သည် နိုင်ငံတော်ပိုင် ဖြစ်သည်။

( ခ ) ဝန်ကြီးဌာနသည် အောက်ပါနေရာဒေသများတွင် စိုက်ပျိုးထားသော ကျွန်းပင်များနှင့် စပ်လျဉ်းသည့် သီးခြားအမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်၍ ပိုင်ဆိုင်ခွင့်ပြုနိုင်သည်-

(၁) သစ်တောနယ်မြေအတွင်း ခွင့်ပြုချက်ရယူပြီး တည်ထောင် ထားသော ပုဂ္ဂလိက ကျွန်းစိုက်ခင်းရှိ ကျွန်းပင်များ၊

(၂) သစ်တောနယ်မြေပြင်ပတွင် တည်ထောင်ပြီး သစ်တောဦးစီး ဌာနတွင် မှတ်ပုံတင်ထားသော ပုဂ္ဂလိက ကျွန်းစိုက်ခင်းရှိ ကျွန်းပင်များ၊

(၃) ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအဖြစ် တည်ထောင်ထားသည့် နယ်မြေရှိ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ကျွန်းပင်များ၊

(၄) နေအိမ်ခြံဝန်းများအတွင်း စိုက်ပျိုးပြီး သက်ဆိုင်ရာနယ်မြေရှိ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ကျွန်းပင်များ၊

(၅) ပုဂ္ဂလိက ပိုင်ဆိုင်သည့်မြေ၊ အများပိုင်မြေ၊ သာသနာ့မြေ၊ ဌာနဆိုင်ရာပိုင်မြေနှင့် တပ်ရင်းတပ်ဖွဲ့ပိုင်မြေများတွင် စိုက်ပျိုးပြီး သက်ဆိုင်ရာနယ်မြေရှိ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထား သော ကျွန်းပင်များ။

( ဂ ) ဝန်ကြီးဌာနသည် -

(၁) သစ်တောဦးစီးဌာနက ထိန်းသိမ်းကာကွယ်ရမည့် တားမြစ် သစ်ပင် အမျိုးအမည်များကို နေရာဒေသအလိုက် သတ်မှတ် ကြေညာခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(၂) သစ်မျိုးများကို သစ်မာအုပ်စု ခွဲခြားသတ်မှတ်ကြေညာခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ရွေးကောက်ပွဲတစ်ခုမှာ တရားသောလမ်းကြောင်းပေါ်ကနေယှဉ်ပြိုင်ပြီး ရှုံးနိမ့်ခြင်းက မတရားသော နည်းလမ်းနဲ့ အနိုင်ရရှိခြင်းထက် ပိုပြီးဂုဏ်ယူဖွယ်ကောင်းပါတယ်

ဦးမြင့်နိုင်

## ကြားဖြတ်ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ "လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး၏ ရွေ့ခရီးစဉ်" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို လာမည့် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ကြားဖြတ်ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ "လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး၏ ရွေ့ခရီးစဉ်" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်နောင်လတ်၊ ဦးစီးအရာရှိ ဒေါ်ဟေသူဆွေမွန်နှင့် ဒေါ်မေဇွန်သော်တို့ ပါဝင်ဆွေးနွေးခဲ့သည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-**


ဦးမြင့်နိုင်


ဒေါ်ဟေသူဆွေမွန်


ဦးဇော်နောင်လတ်


ဒေါ်မေဇွန်သော်

*(ယမန်နေ့မှအဆက်)*

**ဦးမြင့်နိုင်**။ ။ ရွေးကောက်ပွဲပြီးသွားလို့ ရွေးကောက်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း ကြေညာတဲ့ရက်ကစပြီးတော့ ၄၅ ရက်အတွင်း သတ်မှတ်ထားတဲ့အတိုင်း ကန့်ကွက်လွှာတင်သွင်းနိုင်တယ်။ မဲဆွယ်စည်းရုံးရေးလုပ်တဲ့အချိန်မှာ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအနေနဲ့ ဘယ်လိုအချက်အလက်တွေကို ဆောင်ရမလဲဆိုတာ ဆွေးနွေးပြောပြပေးပါဦး။

**ဒေါ်ဟေသူဆွေမွန်** ။ ။ နံပါတ်(၁) လွှတ်တော်ကိုယ်စားလှယ်လောင်း အတည်ပြုပြီးတဲ့အခါ ကိုယ်စားလှယ်လောင်း စိစစ်ရေးကတ်ပြားကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲမှ ထုတ်ယူရန်၊ နံပါတ်(၂) မဲဆွယ်စည်းရုံးခြင်း အသုံးစရိတ်ငွေများနှင့်စပ်လျဉ်း၍ ငွေစာရင်းစာအုပ် စနစ်တကျ ထားရှိပြီး မှန်ကန်စွာရေးသွင်းရန်၊ နံပါတ်(၃) ရွေးကောက်ပွဲပြီးစီးသည့်အခါ ရွေးကောက်ပွဲကုန်ကျငွေစာရင်းကို ပုံစံ(၂၀) ဖြင့်ရေးသွင်း၍ ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်၏ အမည်စာရင်းကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း(၃၀) အတွင်း သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းရန်၊ နံပါတ်(၄) ရွေးကောက်ပွဲ ကျင်းပပြုလုပ်ပြီးနောက် ဆန္ဒမဲများ စာရင်းဖြည့်သွင်းသည့် လွှတ်တော်အလိုက် သတ်မှတ်ထားသည့် မဲစာရင်းပုံစံများတွင် မိမိနှင့်သက်ဆိုင်သည့် မဲစာရင်းအရေအတွက်ပုံစံများ၌ လက်မှတ်ရေးထိုးရန်၊ နံပါတ်(၅) နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိပါးစေမည့်အန္တရာယ်ကြုံလာပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးနှင့်လုံခြုံရေးအဖွဲ့များက တည်ဆဲဥပဒေများနှင့်အညီ စီမံဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊ နံပါတ်(၆) နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် Code of Conduct ကို လေးစားလိုက်နာရန်တို့ ဖြစ်ပါတယ်။

### အခက်အခဲရှိတော့မှာ မဟုတ်ဘူး

**ဦးမြင့်နိုင်**။ ။ ဒီအချက် (၆)ချက်ကို လွှတ်တော်ကိုယ်စားလှယ်လောင်းအနေနဲ့ သိရှိထားဖို့ အရေးကြီးပါတယ်။ ပထမဆုံးတစ်ချက်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းကို ပုံစံ(၁၀)နဲ့ အတည်ပြုပြီး ကြေညာပြီးပြီးချင်း သူတို့ ဆောင်ရွက်ရမယ့် ကိစ္စလေးကတော့ စိစစ်ရေးကတ်ပြား သွားထုတ်ဖို့ လိုပါတယ်။

မဲဆွယ်စည်းရုံးရေးလုပ်တဲ့အခါ ဒီစိစစ်ရေးကတ်ပြားလေးကို အမြဲတမ်းချိတ်ထားရင် သူက အခက်အခဲရှိတော့မှာ မဟုတ်ဘူး။ နောက်ဆုံးမဲရုံတွေထဲမှာဝင်မယ်၊ ကြည့်ရှုမယ်ဆိုရင် စိစစ်ရေးကတ်ပြားလေးကို အမြဲဆောင်ထားရပါမယ်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတင်မကပါဘူး၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်အတွက်ပါ စိစစ်ရေးကတ်ပြား လုပ်ထားပေးပါတယ်။ အဲဒီစိစစ်ရေးကတ်ပြားထဲမှာ ဘာတွေပါလဲဆိုတာ ပြောပြပါဦး။

**ဒေါ်ဟေသူဆွေမွန်** ။ ။ လွှတ်တော်ကိုယ်စားလှယ်လောင်းရဲ့ သက်သေခံကတ်ပြား ညာဘက်ထောင့်လေးမှာတော့ ကိုယ်စားလှယ်လောင်းရဲ့ ဓာတ်ပုံပါရှိပါတယ်။ ပတ်စ်ပို့ပုံဖြစ်ပြီးတော့ ကတ်ပြားအမှတ်စဉ်မှာကတော့ ဒီ ထုတ်ပေးတဲ့ကတ်ပြား အမှတ်စဉ်ရယ်၊ ထုတ်ပေးတဲ့ ရက်စွဲပါပါတယ်။ အမည်မှာတော့ ကိုယ်စားလှယ်လောင်းရဲ့အမည်နဲ့ သူ့ရဲ့ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်ပါပါတယ်။ နောက်တစ်ခုက ပါတီကဆိုရင်လည်း သူ့ရဲ့ ပါတီပေါ့၊ တစ်သီးပုဂ္ဂလဆိုရင်လည်း တစ်သီးပုဂ္ဂလပေါ့၊ နောက် မဲဆန္ဒနယ်ကတော့ သူဝင်ရောက်ယှဉ်ပြိုင်မယ့် မဲဆန္ဒနယ်၊ ကတ်ပြားကုန်ဆုံးမယ့် နေ့ရက်ကတော့ ရွေးကောက်ပွဲကျင်းပပြီး နောက်ရက်မှာ သက်တမ်းကုန်ဆုံးမှာပါ။ ဒါကတော့ လွှတ်တော်ကိုယ်စားလှယ်လောင်းရဲ့ သက်သေခံကတ်ပြား ဖြစ်ပါတယ်။

**ဦးမြင့်နိုင်**။ ။ ဒါကတော့ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဖြစ်ကြောင်း သက်သေခံကတ်ပြားနဲ့ ပတ်သက်တာပါ။ လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် တင်မကဘဲ သူ့ရဲ့ရွေးကောက်ပွဲကိုယ်စားလှယ်အတွက်လည်းပဲ ဒီလို သက်သေခံ ကတ်ပြားသတ်မှတ်ထားတယ်။ အဲဒါကိုလည်း ပြောပြပါဦး။

**ဒေါ်ဟေသူဆွေမွန်** ။ ။ ဒါကတော့ ရွေးကောက်ပွဲကိုယ်စားလှယ် သက်သေခံကတ်ပြားပဲ ဖြစ်ပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်လောင်းရဲ့ သက်သေခံကတ်ပြားလိုပါပဲ ဓာတ်ပုံရယ်၊ ကတ်ပြားအမှတ်စဉ်မှာကတော့ ဒီထုတ်ပေးတဲ့ ကတ်ပြားအမှတ်စဉ်ရယ်၊ ထုတ်ပေးတဲ့ ရက်စွဲပါတယ်။ ရွေးကောက်ပွဲ ကိုယ်စားလှယ်ရဲ့အမည်ရယ်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်ရယ်၊ နောက်တစ်ခုက ပါတီကဆိုရင်လည်း ပါတီပေါ့၊ တစ်သီးပုဂ္ဂလဆိုရင်လည်း တစ်သီးပုဂ္ဂလပေါ့၊ နောက် မဲဆန္ဒနယ်ကတော့ သူဝင်ရောက်ယှဉ်ပြိုင်မယ့် မဲဆန္ဒနယ်၊ ကုန်ဆုံးမယ့် နေ့ရက်တွေ ပါရှိပါတယ်။ ကုန်ဆုံးမယ့်နေ့ရက်ကတော့ ခုနက ကတ်ပြားအတိုင်းပါပဲ၊ ရွေးကောက်ပွဲကျင်းပပြီး နောက်ရက်မှာ သက်တမ်းကုန်ဆုံးမှာပဲ ဖြစ်ပါတယ်ရှင့်။

### မှန်မှန်ကန်ကန်ရေးသွင်းဖို့လို

**ဦးမြင့်နိုင်**။ ။ ရွေးကောက်ပွဲကျင်းပပြီးသွားရင် သုံးတဲ့ငွေစာရင်း အသုံးစရိတ်ငွေ စာရင်းကို ပုံစံ(၂၀)နဲ့ တင်သွင်းရမယ်၊ ဒါလည်းအရေးကြီးတယ်။ ဒါက ရွေးကောက်ခံရတဲ့သူလည်း တင်သွင်းရမယ်။ ရွေးကောက်ခံရခြင်းမရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းကလည်း တင်သွင်းရမယ်။

ကြေညာပြီးတာနဲ့ ရက်ပေါင်း(၃၀)အတွင်းမှာ ပုံစံ(၂၀)နဲ့ ရွေးကောက်ပွဲ ကုန်ကျစရိတ်တင်ပြဖို့ကို ဆောင်ရွက်ရမှာပါ။ ဒီလို မတင်ပြဘဲ ပျက်ကွက်သွားရင် အရည်အချင်းပျက်ယွင်းသွားသူအဖြစ် သတ်မှတ်ခံရနိုင်တာပေါ့။ ဒါလေးလည်း အရေးကြီးတယ်။ နောက်ပြီးတော့ ရွေးကောက်ပွဲကုန်ကျစရိတ်၊ အသုံးစရိတ်ကိုလည်းပဲ ငွေစာရင်းစာအုပ်ထားပြီးတော့ မှန်မှန်ကန်ကန် ရေးသွင်းဖို့ လိုတာပေါ့။ မမှန်မကန် ရေးသွင်းရင်လည်းပဲ ရွေးကောက်ခံရလို့ရှိရင် အဲဒါအတွက် ကန့်ကွက်လွှာတင်သွင်းပိုင်ခွင့်လည်းရှိတယ်။ ဒါ့ကြောင့် ငွေစာရင်းစာအုပ်ကို မှန်မှန်ကန်ကန် ထားရှိပြီး ရေးသွင်းရမယ်။ ပြီးရင်လည်းပဲ ရွေးကောက်ပွဲပြီးတာနဲ့ ပုံစံ(၂၀)နဲ့ ဖြည့်သွင်းပြီးတော့ ပြရမယ်ဆိုတာ ဒါလေးကလည်း သိသင့်တယ်။

ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေအတွက် သတ်မှတ်ထားတဲ့ ကျင့်ဝတ်၊ ဒါလည်း စာအုပ် ထုတ်ထားတယ်။ ကျင့်ဝတ်တွေနဲ့ ပတ်သက်လို့ နိုင်ငံရေးပါတီတွေ အားလုံးတက်ရောက်ပြီးတော့ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးပြီးတော့ အတည်ပြုထားတဲ့ ကျင့်ဝတ်ပါ။ စာအုပ်လေးရှိပါတယ်။

**ဒေါ်ဟေသူဆွေမွန်** ။ ။ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေအတွက် ကျင့်ဝတ်ပါရှင့်။

**ဦးမြင့်နိုင်**။ ။ ဟုတ်တယ်။ နိုင်ငံရေးပါတီများအတွက် ကျင့်ဝတ်၊ ဒီထဲမှာလည်း ဆောင်ရမယ့် အချက်တွေ၊ ရှောင်ရမယ့်အချက်တွေ ပါတာပေါ့။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးက ဒါတွေသိထားဖို့ လိုပါတယ်။ ဒီကျင့်ဝတ်ထဲမှာပါတဲ့ အချက်အလက်တွေကိုလည်းပဲ လိုက်နာဆောင်ရွက်ဖို့ လိုတာပေါ့။ ဒါကတော့ ဆောင်ရန်အချက်တွေပါ။ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ မဲဆွယ်စည်းရုံးတဲ့အခါမှာဖြစ်စေ၊ မဲရုံတွေမှာ သွားရောက်လေ့လာကြည့်ရှုတဲ့အခါမှာဖြစ်စေ၊ ရှောင်ရန်အချက်တွေလည်းရှိတယ်။ ဘာတွေမလုပ်နဲ့ဆိုတာ သတ်မှတ်ထားတာရှိတယ်။ ရှောင်ရမယ့်အချက်တွေလည်း အနှစ်ချုပ်ပြောပြပါဦး။

**ဦးဇော်နောင်လတ်**။ ။ လွှတ်တော် ကိုယ်စားလှယ်လောင်း ရှောင်ကြဉ်ရမယ့် အချက်တွေကတော့ နံပါတ် ၁ က လူမျိုးရေး၊ ဘာသာရေး၊ လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့် ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်တဲ့ ရေးသားဟောပြောမှု၊ စည်းရုံးလှုံ့ဆော်မှုများ မပြုလုပ်ဖို့ ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။

နံပါတ် ၂ က ပြိုင်ဘက်ပါတီများနဲ့ ကိုယ်စားလှယ်လောင်းများရဲ့ ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှု၊ အကြမ်းဖက်မှု၊ အမုန်းပွားမှုတွေကို ဖြစ်ပေါ်စေမယ့် အပြောအဆို အပြုအမူ အသွင်အပြင်တွေ မပြုလုပ်ဖို့ ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။

နံပါတ် ၃ က ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစား မပြုလုပ်ဖို့ ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။

နံပါတ် ၄ က ငြိမ်းချမ်းစွာ ပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေဖို့ သွေးထိုးလှုံ့ဆော်ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်းမပြုလုပ်ဖို့ ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။

နံပါတ် ၅ က လွှတ်တော်ရွေးကောက်ပွဲဥပဒေတွေရဲ့အခန်း(၁၃)ပါ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုလုပ်ဖို့ ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။

နံပါတ် ၆ က လွှတ်တော်ရွေးကောက်ပွဲဥပဒေတွေရဲ့အခန်း(၁၄)ပါ တရားမဲ့ပြုကျင့်မှု တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုလုပ်ဖို့ ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။

**ဦးမြင့်နိုင်**။ ။ အဓိကကတော့ ကိုယ့်မှာ ဘာအခွင့်အရေးတွေရှိသလဲ။ ဒါကို သိထားသင့်တာပေါ့။ နောက်ပြီးတော့ သူ ဘာအချက်အလက်တွေကို ဆောင်ရမလဲ။ ဘာတွေရှောင်ရမလဲ။ ဆောင်ရမယ့်အချက်တွေ ၊ ရှောင်ရမယ့် အချက်တွေ သိထားဖို့လိုတာပါ။ ခုနက အနှစ်ချုပ်ပေါ့၊ အခန်း(၁၃)မှာဆိုရင်လည်း အခန်း(၁၃)ရဲ့ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုတွေ၊ ဒီပြစ်မှုတွေလည်း အခန်း(၁၃)မှာ ဖတ်ပြီးတော့ ဒီပြစ်မှုတွေ မကျူးလွန်မိဖို့လည်း ရှောင်ကြဉ်ရမှာပါ။ အခန်း(၁၃) မှာပါတဲ့ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လို့ရှိရင် တရားစွဲဆိုခံရမယ်။ ခုနက ပြောတဲ့အတိုင်း ရွေးကောက်ပွဲ မကျင်းပမီဖြစ်စေ၊ ရွေးကောက်ပွဲ ကျင်းပနေစဉ်ဖြစ်စေ၊ ရွေးကောက်ပွဲ ကျင်းပတဲ့နေ့က ၁၅ ရက်အတွင်း ဖြစ်စေ၊ အခန်း(၁၃) က ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုတွေ သိထားရမယ်။ နောက်ပြီးတော့ အခန်း(၁၄)က တရားမဲ့ပြုကျင့်မှုတွေ ကျူးလွန်လို့ ရွေးကောက်ခံရတယ် ဆိုရင်လည်းပဲ တစ်ဖက်ယှဉ်ပြိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းက သူကတော့ဖြင့် ရွေးကောက်ပွဲဥပဒေ အခန်း(၁၄)မှာပါတဲ့ တရားမဲ့ပြုကျင့်မှုတွေထဲက ဘယ်အချက်တွေကို ပြုကျင့်ပြီးတော့ ရွေးကောက်ခံသွားရတဲ့သူ ဖြစ်ပါတယ်ဆိုပြီးတော့ ကန့်ကွက်ရင်၊ ခိုင်လုံတဲ့ အထောက်အထားတွေနဲ့ ကန့်ကွက်ပိုင်ခွင့် သူ့မှာရသွားနိုင်တာပေါ့။

### ဆောင်ရမယ့်အချက်တွေ၊ ရှောင်ရမယ့်အချက်တွေသိသင့်

ဒါကြောင့် ဆောင်ရမယ့်အချက်တွေ၊ ရှောင်ရမယ့် အချက်တွေ သိသင့်တာပေါ့၊ ခုနက အနှစ်ချုပ် ပြောပြထားတယ်။ သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေတွေကိုလည်း အကျယ်ပြန့်ဖတ်ဖို့ လိုအပ်ပါတယ်။ နောက်တစ်ခါ ကျင့်ဝတ်တွေကိုလည်း လိုက်နာဖို့ လိုပါတယ်။ ရွေးကောက်ပွဲတစ်ခု ကျင်းပတော့မယ်ဆိုရင် ရွေးကောက်ပွဲကျင်းပမယ့် မဲဆန္ဒနယ်တွေမှာ ဝင်ရောက်ယှဉ်ပြိုင်လိုတဲ့သူတွေ ပါတီကိုယ်စားပြုတဲ့သူတွေပဲ ဖြစ်ဖြစ်၊ တစ်သီးပုဂ္ဂလဖြစ်ဖြစ် ပါဝင်ယှဉ်ပြိုင်လိုတယ်ဆိုရင် အမည်စာရင်း တင်သွင်းကြပါလို့ ဖိတ်ခေါ်တယ်။

ပါဝင်ယှဉ်ပြိုင်ရတော့မယ်ဆိုတဲ့အခါ ရွေးကောက်ပွဲက ပြိုင်ပွဲတစ်ခုလို ဖြစ်နေတယ်။ ဒီပြိုင်ပွဲမှာ ဝင်ရောက်ပြီးတော့ ယှဉ်ပြိုင်ကြတယ်။ မဲဆန္ဒနယ်တစ်နယ်မှာ အချို့အနည်းဆုံး (၂) ဦးတော့ ယှဉ်ပြိုင်ရမယ်။ (၂)ဦး၊ (၃)ဦး၊ (၄)ဦး၊ (၅)ဦး ရှိမယ်။ အချို့လည်း (၁၀)ဦး၊ (၁၅)ဦး၊ (၂၀)ဦးပေါ့၊ ဆောင်ရန်တွေ၊ ရှောင်ရန်တွေ၊ ဥပဒေပြဋ္ဌာန်းချက်တွေ နားလည်နေတဲ့အခါ ဥပဒေဘောင်အတွင်းက ဥပဒေနည်းလမ်းနဲ့ အညီ တရားသောနည်းနဲ့၊ တရားသောလမ်းကြောင်းပေါ်ကနေ ယှဉ်ပြိုင်နိုင်တယ်။ ယှဉ်ပြိုင်ဖို့ လိုအပ်တယ်။ ရွေးကောက်ပွဲတွေ လေ့လာကြည့်တဲ့အခါ တရားသောလမ်းကြောင်းပေါ်ကနေ ဥပဒေနည်းလမ်းနဲ့အညီ ယှဉ်ပြိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ ရှိသလိုပဲ တချို့တချို့ကျတော့ လုပ်ထုံးလုပ်နည်းလွဲမှားတာတွေပေါ့၊ လုပ်ထုံးလုပ်နည်းလွဲမှားတဲ့ ပြုမူဆောင်ရွက်ချက်တွေ၊ မမှန်ကန်တဲ့ ပြုမူဆောင်ရွက်ချက်တွေ ပြုကျင့်ပြီးတော့ စည်းရုံးအနိုင်ရရှိသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေလည်း ရှိတယ်။ ဒါကြောင့် ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ ရွေးကောက်ပွဲ ပညာရှင်တွေက ပြောကြတယ်။ ရွေးကောက်ပွဲတစ်ခုမှာ တရားသောလမ်းကြောင်းပေါ်ကနေ ယှဉ်ပြိုင်ပြီး ရှုံးနိမ့်ခြင်းက မတရားသောနည်းလမ်းနဲ့ အနိုင်ရရှိခြင်းထက် ပိုပြီးဂုဏ်ယူဖွယ်ကောင်းပါတယ်လို့ ပြောကြတယ်။ အဓိကကတော့ ရွေးကောက်ပွဲမှာ ကိုယ်အနိုင်ရဖို့၊ ရွေးကောက်ခံရဖို့အတွက် တရားသဖြင့် ဥပဒေနဲ့အညီသာ ယှဉ်ပြိုင်စေချင်ကြတယ်။ ပြိုင်ပွဲလို့ ပြောပေမယ့်လို့ သာမန်ရိုးရိုးပြိုင်ပွဲတော့ မဟုတ်တော့ဘူး။ မဲဆန္ဒရှင်ပြည်သူတွေရဲ့ ရွေးကောက်ခံပိုင်ခွင့်ရအောင် ပြိုင်ရတယ်။ မဲဆန္ဒရှင် ပြည်သူတွေရဲ့ဆန္ဒမဲနဲ့ အဆုံးအဖြတ်ခံယူရမယ့်ပွဲ၊ မြင့်မြတ်တဲ့ ပြိုင်ပွဲတစ်ခုလို့ ပြောလို့ရပါတယ်။ ဒါကြောင့် မြင့်မြတ်တဲ့ ပြိုင်ပွဲလို့ပြောတဲ့အခါ ယှဉ်ပြိုင်မယ့် လွှတ်တော်ကိုယ်စားလှယ်လောင်းတွေအနေနဲ့ သူတို့ထားရှိရမယ့် သဘောထားတွေ၊ ထားရှိရမယ့် ခံယူချက်တွေ၊ ဘယ်လိုသဘောထားရှိရမလဲ၊ ရွေးကောက်တင်မြှောက်ခြင်းမခံရခဲ့သော်လည်း ဘယ်လိုခံယူရမလဲဆိုတာ ပြောပြပါဦး။

### ချီးကျူးနိုင်ရမယ်၊ ဂုဏ်ပြုနိုင်ရမယ်

**ဒေါ်မေဇွန်သော်** ။ ။ ဒီမိုကရေစီစနစ်မှာ ရွေးကောက်ပွဲတွေကတော့ ရှိနေမှာဖြစ်ပါတယ်။ အဲဒီလို ရှိတဲ့နေရာမှာ ရွေးကောက်ခံရသူရော၊ ရွေးကောက်မခံရသူရော ရှိနေမှာ ဖြစ်ပါတယ်။ ရွေးကောက်မခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းအနေနဲ့ဆို ရွေးကောက်ခံရတဲ့ ကိုယ်စားလှယ်ကို ချီးကျူးနိုင်ရမယ်။ ဂုဏ်ပြုနိုင်ရမယ်။ မိမိက ရှုံးသွားတယ်။ မိမိရှုံးနိမ့်ခြင်းကို ကျေနပ်စွာဖြင့် လက်ခံနိုင်ကြရမယ်။ ရှုံးသွားသော်လည်း အပြုံးမပျက်နေနိုင်ရမယ်။ ဒီမိုကရေစီ စနစ်သည် အမြဲတမ်းအနိုင်ရသူဟူ၍ မရှိဘဲ ရှုံးတစ်လှည့် နိုင်တစ်လှည့် ဆိုတာရှိနေမှာပါ။ ဘာ့ကြောင့် ရှုံးနိမ့်သွားရသလဲဆိုတာ လေ့လာဆန်းစစ်၊ ဝေဖန်သုံးသပ်ပြီးတော့ နောင်ကျင်းပမယ့် ရွေးကောက်ပွဲတွေမှာ ဘယ်လိုအနိုင်ရရှိအောင် ဘယ်လိုကြိုးစားသွားမလဲဆိုတာကို နည်းလမ်းကောင်းတွေ ကြိုတင်ကြံဆတွေးတောထားသင့်ပါတယ်။ ရွေးကောက်မခံရလို့ စိတ်ဓာတ်ကျမနေဘဲနဲ့ နောင်ကျင်းပမယ့် ရွေးကောက်ပွဲတွေအတွက် ကြိုတင်ပြင်ဆင်သင့်ပါတယ်။ အဓိကကတော့ ပြည်သူတွေရဲ့ ကောင်းကျိုးကို အစဉ်ဆောင်ရွက်နေရမယ်။ အရွေးမခံရသော်လည်းဘဲ ပြည်သူတွေနဲ့ ကင်းကွာလို့ မရပါဘူး။ ရွေးကောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်နဲ့ ပူးပေါင်းပြီး ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးပါဝင်ဆောင်ရွက်တတ်ဖို့ လိုပါတယ်ရှင့်။

*(ဆက်လက်ဖော်ပြပါမည်)*

ရှင်မင်း

# ရေရှည်တည်တံ့သည့်ငြိမ်းချမ်းရေးအတွက် အမျိုးသမီးများ၏အခန်းကဏ္ဍကို မြှင့်တင်ရန်လိုအပ်ကြောင်း ကျား၊ မ တန်းတူမဟာမိတ်အဖွဲ့က သတင်းထုတ်ပြန်

**နေပြည်တော်　စက်တင်ဘာ　၂၀**

ငြိမ်းချမ်းရေးအတွက် ကျား၊ မတန်းတူ မဟာမိတ်အဖွဲ့က စက်တင်ဘာ ၂၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အပြင် မြန်မာနိုင်ငံ၏ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအခြေအနေများအပေါ် ဆန်းစစ်အဖြေရှာထားသည့် ပိုမိုငြိမ်းချမ်းသော လူမှုအသိုင်းအဝိုင်းတစ်ခုကို ဖော်ဆောင်သွားကြရန် လိုအပ်ကြောင်း ယနေ့ နေ့စွဲဖြင့် သတင်းထုတ်ပြန်ထားသည်။

ဦးဆောင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် ကဏ္ဍများတွင် အမျိုးသမီးများ ပါဝင်မှုသည် ငြိမ်းချမ်းရေးကို ပိုမိုရေရှည်တည်တံ့စေနိုင်သည်ဟု သုတေသနရလဒ်များအရ သိရှိရပါသည်။ သို့သော် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်၏ ဦးဆောင်မှုကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေကြသော အမျိုးသမီးအရေအတွက်မှာ နည်းပါးနေဆဲဖြစ်သည်ကို ကျား၊ မ တန်းတူ မဟာမိတ်အဖွဲ့က ဖော်ထုတ်ပြောကြားခဲ့သည်။

၂၀၁၅ ခုနှစ်တွင် ကျင်းပခဲ့သော ပထမအကြိမ် ငြိမ်းချမ်းရေးညီလာခံတွင် အမျိုးသမီးများပါဝင်မှုသည် ၇ ရာခိုင်နှုန်းခန့်ရှိခဲ့ပြီး အစိုးရသစ်လက်ထက်တွင် ကျင်းပခဲ့သည့် (၂၁)ရာစုပင်လုံ ငြိမ်းချမ်းရေးညီလာခံ သုံးကြိမ်အတွင်း အမျိုးသမီးများ ပါဝင်မှုသည် ၁၃ ရာခိုင်နှုန်း၊ ၁၇ ရာခိုင်နှုန်းနှင့် ၂၂ ရာခိုင်နှုန်းအသီးသီးရှိခဲ့ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်မှ သိရှိရသည်။

**တစ်စတစ်စ တိုးတက်များပြားလာ**

ယင်းပါဝင်မှုအချိုးများအရ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများပါဝင်မှုမှာ တစ်စတစ်စ တိုးတက်များပြားလာသော်လည်း စားပွဲဝိုင်းများတွင် အချေအတင်ဆွေးနွေးဆုံးဖြတ်နိုင်ခွင့်ရှိသည့် ကဏ္ဍများ၌မူ အမျိုးသမီးများပါဝင်မှု ဆက်လက်နည်းပါးနေသေးကြောင်း သိရှိရသည်။ ထို့အပြင် ဆွေးနွေးမှုကဏ္ဍငါးရပ်တွင် အမျိုးသမီးများ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားကာ မူဝါဒဆွေးနွေးဆောင်ရွက်မှုများမှာလည်း နည်းပါးနေဆဲပင်ဖြစ်ကြောင်း သိရှိရသည်။

"စက်တင်ဘာ ၂၁ ရက်မှာ ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ကို နှစ် ၇၀ ပြည့် လူ့အခွင့်အရေးကြေညာစာတမ်းနဲ့ အတူတကွ ကျင်းပချိန်မှာ ကျွန်မတို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးရေရှည်တည်တံ့ဖို့၊ အားလုံးပါဝင်မှုရှိတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ် ဖော်ဆောင်နိုင်ဖို့နဲ့ အမျိုးသမီးအခွင့်အရေးအပြည့်အဝရရှိပြီး အမျိုးသမီးတွေရဲ့အသံ၊ အမျိုးသမီးတွေရဲ့ဆုံးဖြတ်ချက်ချမှုတွေဟာ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်လာဖို့ အရေးကြီးပါတယ်"ဟု ငြိမ်းချမ်းရေးအတွက် ကျား၊ မ တန်းတူမဟာမိတ်အဖွဲ့၏ ဥက္ကဋ္ဌမိကွန်ချမ်းနွန်က ပြောကြားသည်။

ပဋိပက္ခဒေသများရှိ ပြည်သူများ၏ လုံခြုံရေးကိစ္စများနှင့်ပတ်သက်၍ အဖွဲ့၏ ကော်မတီဝင်တစ်ဦးဖြစ်သူ ဆရာမနန်ပူကလည်း ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင် တရားမျှတမှုများ ရှိစေချင်ကြောင်း ပြောကြားခဲ့သည်။

"မိမိတို့ အိုးအိမ်ကို စွန့်ခွာခဲ့တဲ့ စစ်ရှောင်စခန်းက ပြည်သူတွေ၊ ပဋိပက္ခဖြစ်ပွားရာဒေသက ပြည်သူတွေအနေနဲ့ မတရားဖမ်းဆီးနှိပ်စက်သတ်ဖြတ်မှုတွေ၊ ခြိမ်းခြောက်ခံရမှုတွေ၊ ကြောက်ရွံ့ထိတ်လန့်မှုတွေ၊ လိင်အကြမ်းဖက်ခံရမှုတွေနဲ့ လူကုန်ကူးခံရမှုတွေ ကင်းဝေးပြီး တရားခုံရုံးတွေကလည်း တရားမျှတမှုရှိရှိနဲ့ စီရင်ပေးမှုတွေကို တိုင်းရင်းသူတစ်ဦးအနေနဲ့ အလိုရှိပါတယ်"ဟု ဆရာမနန်ပူက ပြောကြားသည်။

**ကဏ္ဍတိုင်းတွင် ကျား-မ ရေးရာ တန်းတူညီမျှရေး**

ထို့ပြင် ငြိမ်းချမ်းရေးဖြစ်စဉ်များအတွက် ပိုမိုကောင်းမွန်သည့် နည်းလမ်းများကို ကျား၊ မတန်းတူမဟာမိတ်အဖွဲ့က အကြံပြုထားပြီး ယင်းအချက်များတွင် မြန်မာနိုင်ငံအတွက် ထာဝရငြိမ်းချမ်းရေးရရှိရန် စစ်ပွဲများလုံးဝရပ်တန့်ပြီး နိုင်ငံရေးနည်းလမ်းအားဖြင့် အဖြေရှာကြရန်၊ စစ်ပွဲများနှင့် ပဋိပက္ခဖြစ်ပွားရာဒေသများအပါအဝင် အခြေအနေအမျိုးမျိုး၌ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ ဘဝလုံခြုံမှု အာမခံချက်ရရှိရန်အတွက် ကျား-မရေးရာအခြေပြု အကြမ်းဖက်မှုများကို ထိရောက်စွာကာကွယ်တားဆီးနိုင်သည့် မူဝါဒများ၊ စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်သွားရန်၊ ပြည်ထောင်စုသဘောတူစာချုပ် အပိုင်း ၁ နှင့် ၂ တို့တွင် ပါဝင်သည့် ကျား-မဆိုင်ရာ တန်းတူညီမျှမှုနှင့်စပ်ဆိုင်သည့် မူဝါဒများအားလုံးကို အစုအဖွဲ့အသီးသီးမှ အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစု ပင်လုံအစည်းအဝေးများ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲအဆင့်တိုင်းတွင် အမျိုးသမီးများ၏ ပါဝင်မှုကို အလေးပေးစဉ်းစားရန်နှင့် ဆွေးနွေးသည့် ကဏ္ဍတိုင်းတွင် ကျား-မ ရေးရာ တန်းတူညီမျှရေးကိစ္စရပ်များ ပါဝင်မှုရှိစေရေး အလေးထားဆောင်ရွက်ရန်၊ အမျိုးသမီးများ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပိုမိုပါဝင်လာနိုင်စေရေးအတွက် ကျား-မရေးရာ ဘတ်ဂျက်ထားရှိရန်တို့ကို တိုက်တွန်းထားကြောင်း သိရှိရသည်။

**သတိပေးနှိုးဆော်စာတမ်း**

အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့သည် နိုင်ငံအားလုံး အတွင်းနှင့် ပြည်သူအားလုံးကြားတွင် ငြိမ်းချမ်းရေး စံနမူနာများကို မြှင့်တင်ရန်နှင့် အထိမ်းအမှတ်ပွဲများ အားပေးကျင်းပရန် ဟူသော ၁၉၈၁ ခုနှစ် ကုလသမဂ္ဂဆုံးဖြတ်ချက်အရ နှစ်စဉ်နှစ်တိုင်း စက်တင်ဘာ ၂၁ ရက်ကို အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။

၂၀၁၈ ခုနှစ်အတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏ သတင်းစကားမှာ "၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ကို လူ့အခွင့်အရေးကြေညာစာတမ်း နှစ် ၇၀ ပြည့် အထိမ်းအမှတ် ကျင်းပမှာဖြစ်ပြီး ယင်းလူ့အခွင့်အရေးကြေညာစာတမ်းက ငြိမ်းချမ်းရေးသည် လူသားများ၏ ဆာလောင်မွတ်သိပ်မှု၊ ဆင်းရဲနွမ်းပါးမှုနှင့် ဖိနှိပ်ချုပ်ချယ်မှုများမှ လွတ်ကင်းပြီး တိုးတက်ရှင်သန်နိုင်သော ပင်မအကြောင်းရင်းဖြစ်ကြောင်း သတိပေး နှိုးဆော်စာတမ်းဖြစ်သည်။ လူ့အခွင့်အရေး ကြေညာစာတမ်း၏ လမ်းညွှန်မှုနှင့် ကျွန်ုပ်တို့အားလုံး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို အောင်မြင်အောင် ဖော်ဆောင်ရမည်။ ကျွန်ုပ်အနေနှင့်လည်း ကျား၊မတန်းတူ ညီမျှရေး၊ အလုံးစုံပါဝင်မှုရှိသော လူ့အဖွဲ့အစည်း၊ ရာသီဥတုပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ချက်များအတွက် ရပ်တည်ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါသည်။ အိမ်မှာ၊ ကျောင်းမှာ၊ လုပ်ငန်းခွင်မှာ ကိုယ်ဆောင်ရွက်နိုင်တဲ့ ကိစ္စကိုဆောင်ရွက်ပါ။ ခြေလှမ်းတိုင်းသည် အရေးပါပြီး အားလုံးအတွက် ရေရှည်တည်တံ့နိုင်သည့် ငြိမ်းချမ်းရေးခေါင်းစဉ် အောက်တွင် အားလုံးအတွက် လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ကြရန် အားလုံးအတူတကွ ပါဝင်ဆောင်ရွက်ကြပါ"ဟု ပြောကြားထားသည်။

**ငြိမ်းချမ်းရေးသဘောတူညီချက်များ အကောင်အထည်ဖော်ရေး**

ကျား၊ မ တန်းတူရေး မဟာမိတ်အဖွဲ့ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများနှင့် သဘောတူညီမှုများ၌ အမျိုးသမီးများပါဝင်မှု နည်းပါးခြင်းနှင့် အပစ်အခတ်ရပ်စဲရေးနှင့် ပိုမိုကျယ်ပြန့်သော ငြိမ်းချမ်းရေးသဘောတူညီချက်များအား အကောင်အထည်ဖော်ရေးလုပ်ငန်းများအပေါ် ကျား၊ မ ရေးရာရှုထောင့်များမှ ဆန်းစစ်သုံးသပ်မှုများ၊ ကျား၊ မ ရေးရာ ထည့်သွင်းပါဝင်မှုရှိသော ရလဒ်များ ထွက်ပေါ်လာစေရန် လိုအပ်ခြင်းတို့ကြောင့် ရည်ရွယ်ဖွဲ့စည်းထားသည့် ကွန်ရက်ဖြစ်သည်။ ယင်းကွန်ရက်တွင် အေးချမ်းမြန်မာအင်စတီကျူ၊ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်၊ ကချင်ပြည်နယ် အမျိုးသမီးများ ကွန်ရက်၊ မွန်အမျိုးသမီးများကွန်ရက်၊ ငြိမ်းဖောင်ဒေးရှင်း၊ အမျိုးသမီးနှင့် ငြိမ်းချမ်းရေးလှုပ်ရှားမှုကွန်ရက် (ရှမ်းပြည်နယ်)၊ အမျိုးသမီးကွန်ရက်(မြန်မာ) စသည့် အဖွဲ့အစည်းများ၊ ကွန်ရက်များ စုပေါင်းပါဝင်ထားကြောင်း သိရှိရသည်။

**ခင်ရတနာ**



## ဗိုလ်တထောင်စေတီရင်ပြင်နှင့် ပတ်ဝန်းကျင်အနီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန်　စက်တင်ဘာ　၂၀**

(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်စေတီရင်ပြင်နှင့် ပတ်ဝန်းကျင်အနီး စက်တင်ဘာ ၁၈ ရက်က အမှတ်(၃)ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ အဖွဲ့ခွဲမှူးရုံးနှင့် တပ်ဖွဲ့ဝင်ရေယာဉ်များမှ အရာရှိတပ်ဖွဲ့ဝင် ၁၇ ဦး၊ အခြားအဆင့် တပ်ဖွဲ့ဝင် ၄၁ ဦး စုစုပေါင်းတပ်ဖွဲ့ဝင် ၅၈ ဦးဖြင့် စုပေါင်းလုပ်အားပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြန်မာ့အလင်း**

## မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များတွေ့ဆုံပွဲ ညောင်ဦးမြို့၌ ကျင်းပမည်

**နေပြည်တော်　စက်တင်ဘာ　၂၀**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မြန်မာ့အသံချစ်သူများအဖွဲ့(Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့၌ ကျင်းပရန် လျာထားကြောင်း သိရသည်။

အဆိုပါ အခမ်းအနားများတွင် မြန်မာ့အသံ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းတင်ဗီဒီယိုပြသခြင်း၊ မြန်မာ့အသံ စီစဉ်တင်ဆက်သူများက မိတ်ဆက်ခြင်းနှင့် တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ အမှတ်တရလက်ဆောင်များပေးအပ်ခြင်းတို့ ပါဝင်မည်ဖြစ်ရာ ညောင်ဦးခရိုင်အတွင်းရှိ မြန်မာ့အသံချစ်သူ အဖွဲ့ဝင်များ အပါအဝင် အခြားနီးစပ်ရာဒေသများမှ မြန်မာ့အသံချစ်သူ အဖွဲ့ဝင်များလည်း အခမ်းအနားသို့ အခမဲ့တက်ရောက်နိုင်ပြီး တက်ရောက်လိုသူများအနေဖြင့် ဖုန်း ၀၆၇-၇၉၂၀၅၊ ၀၉-၄၂၆၉၇၉၆၄၇ နှင့် ၀၉-၄၂၆၉၇၉၆၄၈ တို့သို့ ဆက်သွယ်၍ အောက်တိုဘာ ၁၉ ရက် နောက်ဆုံးထား၍ အခမဲ့စာရင်းပေးသွင်းကြရမည်ဖြစ်သည်။ မြန်မာ့အသံချစ်သူအဖွဲ့သို့ ဝင်ရောက်လိုသည့် သောတရှင်များလည်း အဆိုပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ အဖွဲ့ဝင်အသစ်အဖြစ် အခမဲ့ဝင်ရောက်နိုင်ပြီး အခမ်းအနားတက်ရောက်ရန် စာရင်းပေးသွင်းနိုင်သည်။

အခမ်းအနားတွင် Co-Sponsor အဖြစ် ပါဝင်ကူညီပံ့ပိုးလိုသည့် လုပ်ငန်းရှင်များအနေဖြင့် ဖုန်း ၀၆၇-၇၉၃၇၄၊ ၀၉-၄၂၀၇၀၂၇၉၆၊ ၀၉-၄၂၀၇၀၂၇၇၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အလားတူ မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့နှင့် ဒီဇင်ဘာလအတွင်း ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တို့တွင် ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်-မန္တလေးရထားလမ်း ရေတာရှည်မြို့နှင့် ဆွာမြို့အကြား အစုန်လမ်းပိုင်းမှ ရထားများသွားလာနိုင်ပြီ

**ရေတာရှည်　စက်တင်ဘာ　၂၀**

ရန်ကုန်-မန္တလေးရထားလမ်းပိုင်းသည် ဩဂုတ် ၂၉ ရက်က ရေတာရှည်မြို့နယ် ဆွာချောင်းတမံ ပင်မရေပိုလွှဲကျိုးပေါက်ရာမှ ရေကြီးရေလျှံမှုဖြစ်စဉ်တွင် ဆွာမြို့နှင့် ကုန်းကြီးဘူတာအကြား၌ ဆိုးရွားစွာထိခိုက်ပျက်စီးသွားခဲ့ပြီး မိုင်တိုင် ၁၉၈/၂၁ နှင့် ၂၂ အကြားရှိ တံတားအမှတ်(၃၀၅)မှ အုတ်ခုံများပါမကျန်ကျိုးပြတ်ကာ ရေနောက်မျောပါပျက်စီးသွားခဲ့သည်။ ရထားလမ်းပိုင်းအား အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာန၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ သွားလာပို့ဆောင်ရေးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၃၀ ရက်မှစတင်၍ အရာထမ်း၊ အမှုထမ်း၊ လုပ်သားဝန်ထမ်း ၃၀၀ ကျော်သည် စက်ယန္တရားများအကူအညီဖြင့် နေ့ရောညပါ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် တံတားအမှတ်(၃၀၅)၏ အစုန်လမ်းပိုင်းအနေဖြင့် ယာယီသွားလာနိုင်ရန် ပြုပြင်ပြီးစီးသွားပြီဖြစ်၍ ရန်ကုန်-မန္တလေးသို့ ထွက်ခွာလာသော ခရီးသည်တင် အမှတ်(၁၁)အဆန်ရထားသည်လည်းကောင်း၊ မန္တလေးမှ ရန်ကုန်သို့ ထွက်ခွာလာသည့် အမှတ်(၁၂)အစုန်ရထားသည် လည်းကောင်း တံတားအမှတ် (၃၀၅)ပေါ်မှ မွန်းလွဲ ၃ နာရီ ဝန်းကျင်ခန့်၌



အောင်မြင်စွာဖြတ်သန်းနိုင်ခဲ့ပြီဖြစ်သည်။

ထိုသို့ ခရီးသည်တင်ရထားများ သွားလာနိုင်ခြင်းမရှိမီ နံနက် ၉ နာရီ ၄၁ မိနစ်ခန့်က မြန်မာ့မီးရထားစီးပွားရေး ဌာနမှ အထွေထွေမန်နေဂျာ ဦးအောင်မြင့်လှိုင်နှင့် မြို့ပြအင်ဂျင်နီယာဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးဌေးလှိုင်တို့၏ ကြီးကြပ်မှုဖြင့် မြင်းကောင်ရေ ၉၀၀ စက်ခေါင်းတပ်ဆင်ထားသော ကျောက်တင်ရထားဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မြင်းကောင်ရေ ၂၀၀၀ စက်ခေါင်းတပ်ဆင်ထားသော ကျောက်တင်ရထားဖြင့်လည်းကောင်း စမ်းသပ်မောင်းနှင်ပြီးမှ ရန်ကုန်နှင့် မန္တလေးဘက်မှ ထွက်ခွာလာသည့် ခရီးသည်တင်ရထားများအား ဖြတ်သန်းမောင်းနှင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ရထားများပြေးဆွဲနိုင်ခြင်းမရှိသည့်အတွက် ရန်ကုန်နှင့် မန္တလေးဘက်မှ ရထားဖြင့် လိုက်ပါလာကြသည့် ဝန်ထမ်း၊ ခရီးသည်များအား တပ်မတော်ပိုင် City BUS များဖြင့် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းအထိ ခရီးသည်ပေါင်း ၃၂၃၉၂ ဦးကို ရေတာရှည်မြို့နှင့် ဆွာမြို့အကြား ပြေးဆွဲပေးခဲ့သည်။ တံတားအမှတ်(၃၀၅)၏ အဆန်လမ်းပိုင်း တံတားပြုပြင်မှုမှာ ဆက်လက်ဆောင်ရွက်ရဦးမည်ဖြစ်ပြီး ပြီးစီးမည့်ကာလ နေ့ရက်ကို အတိအကျမပြောနိုင်သေးကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# အမျိုးသားတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၀

**အမျိုးသားတိုးတက်ရေးပါတီဥက္ကဋ္ဌ ဒေါက်တာနေဇင်လတ်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



အမျိုးသားတိုးတက်ရေးပါတီဥက္ကဋ္ဌ ဒေါက်တာနေဇင်လတ်

**မိဘပြည်သူများ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ...**

မကြာခင်မှာပဲ ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပပါတော့မယ်။ ကိုယ်စားလှယ်နေရာ များစွာနည်းပါးပေမယ့်လည်း၊ နိုင်ငံရေးပါတီတွေရဲ့ရပ်တည်ချက်၊ မူဝါဒ၊ တွေ့ကြုံရင်ဆိုင်နေရတဲ့ အခြေအနေတွေကို တင်ပြခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ဦးစွာပြောကြားလိုပါတယ်။

**မိဘပြည်သူများခင်ဗျား...**

အမျိုးသားတိုးတက်ရေးပါတီရဲ့ရပ်တည်ချက်ဟာ ပါတီအမည်မှာ ထင်ဟပ်စေထားပါတယ်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းရင်းသား၊ လူမျိုး ၁၃၅ မျိုးလုံးရဲ့အကျိုးစီးပွားပေါ်မှာရပ်တည်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်စေအောင်လို့ အတွေ့အကြုံပညာများနဲ့ တည်ဆောက်သွားမှသာ အောင်မြင်မှာဖြစ်တယ်လို့ ယုံကြည်ထားတဲ့ ပါတီဖြစ်ပါတယ်။

နိုင်ငံတစ်ခုရဲ့အရေးကြီးကဏ္ဍအချို့အပေါ်မှာ အမျိုးသားတိုးတက်ရေးပါတီရဲ့ အမြင်နဲ့ မူဝါဒကို တင်ပြသွားပါမယ်...

**စီးပွားရေးကဏ္ဍ**

နိုင်ငံတိုင်းမှာ အရေးကြီးဆုံးက စီးပွားရေးဖြစ်ပါတယ်။ ယနေ့မြန်မာ့စီးပွားရေးကို သုံးသပ်ရမယ်ဆိုရင်... ကုန်သည်စက်မှုလုပ်ငန်းရှင်များအသင်းက ထုတ်ဝေခဲ့တဲ့၊ စီးပွားရေး လုပ်ငန်းရှင် ၂၀၀၀ ကျော်လောက်က ထောက်ခံထားတဲ့ စစ်တမ်းအရဆိုရင် မြန်မာ့စီးပွားရေးဟာ ဆက်တိုက်ကျဆင်းနေကာ၊ ယခု ၂၀၁၈ ခုနှစ်မှာ အဆိုးရွားဆုံးဆိုတာ တွေ့ရပါတယ်။ မြန်မာ့ငွေ တန်ဖိုးဟာလည်း အိမ်နီးချင်းနိုင်ငံများရဲ့ ငွေတန်ဖိုးနဲ့ ယှဉ်မယ်ဆိုရင် ပိုမိုကျဆင်းသွားခဲ့တာ တွေ့ရပြီး စီးပွားရေးကို ပိုပြီး ထိခိုက်စေခဲ့ပါတယ်။

အမျိုးသားတိုးတက်ရေးပါတီက နိုင်ငံတစ်ခုစီးပွားရေးမည်မျှအရေးကြီးတယ်ဆိုတာကို ကောင်းစွာသိရှိပြီး၊ မြန်မာ့စီးပွားရေး ပြန်လည်နာလန်ထအောင်၊ ဒုတိယအဆင့်အနေနဲ့ ဘယ်လိုတိုးတက်အောင် ဆောင်ရွက်ရမယ်ဆိုတဲ့ မူဝါဒရော၊ နည်းလမ်းနဲ့ ပညာရောရှိထားတဲ့ ပါတီဖြစ်ပါတယ်။ မိမိမှာရှိတဲ့ အင်အားစုတွေကို မှန်မှန်ကန်ကန် အသုံးချနိုင်တဲ့ မူဝါဒကောင်းတွေမရှိတဲ့အတွက်ကြောင့် စီးပွားရေး ကျဆင်းနေရခြင်း ဖြစ်ပါတယ်။

နိုင်ငံတစ်ခုမှာ အဓိကလိုအပ်ချက်ကြီးဖြစ်တဲ့ စီးပွားရေးကို ဘယ်လိုမဟာဗျူဟာတွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရတယ်ဆိုတဲ့ ပညာနဲ့လက်တွေ့အတွေ့အကြုံရှိတဲ့ ပညာရှင်တွေ အမျိုးသားတိုးတက်ရေးပါတီမှာ လုံလုံလောက်လောက် ရှိနေထားပါတယ်။ ပြည်တွင်းစီးပွားရေးသာမက၊ နိုင်ငံတကာစီးပွားရေးအထိ စီမံခန့်ခွဲနိုင်တဲ့ MBA ၊ အရေးကြီးတဲ့ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာတွေကို လက်တွေ့၊ စာတွေ့ မျှဝေပေးနေတဲ့ ပါတီကြီးတစ်ခုလည်း ဖြစ်ပါတယ်။

**ငြိမ်းချမ်းရေး**

မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရပြီးကတည်းက လက်နက်ကိုင်အစုအဖွဲ့များ ကွဲထွက်ပြီး၊ နိုင်ငံတစ်ခု တိုးတက်မှုကို အဟန့်အတား ဖြစ်စေတာကြောင့် ငြိမ်းချမ်းရေးဟာ အရေးကြီးတဲ့ကဏ္ဍတစ်ခုလို့ အမျိုးသားတိုးတက်ရေးပါတီက ခံယူထားပါတယ်။ လောလောဆယ် သိသာထင်ရှားတဲ့ ရလဒ်ကောင်းတွေကို မတွေ့နိုင်ရသေးခြင်းဟာ... ငြိမ်းချမ်းရေးဆွေးနွေးခြင်း မူဝါဒမှန်ကန်ပေမယ့်လည်း အစီအစဉ်တစ်ခုလုံးရဲ့ မဟာဗျူဟာဆွေးနွေးပုံအပေါ်မှာ မူတည်နေတယ်လို့ မြင်ပါတယ်။

အနာဂတ်မြန်မာနိုင်ငံအတွက် ဆက်လက်ဆောင်ရွက်ရမယ့် မျက်နှာစာတစ်ခုလို့ ခံယူထားပြီး၊ လက်တွေ့ပိုကျတဲ့ အစီအစဉ်တချို့နဲ့ အစားထိုးဆောင်ရွက်သင့်တယ်လို့ အမျိုးသားတိုးတက်ရေးပါတီက သုံးသပ်ရှုမြင်ပါတယ်။

**လူမှုရေးကဏ္ဍ**

အလွန်ကျယ်ပြန့်ပြီး အစိုးရတွေအနေနဲ့ ဗျူရိုကရေစီယန္တရားကို ပိုင်ပိုင်နိုင်နိုင် မောင်းနှင်နိုင်မှသာ ပြေလည်မယ့်ကဏ္ဍဖြစ်ပါတယ်။ Public Administration ဆိုတဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဟာ နိုင်ငံတစ်ခုရဲ့ ကျယ်ပြန့်လှတဲ့ ကဏ္ဍအသီးသီး၊ မျက်နှာစာအသီးသီးကို ထိထိရောက်ရောက် စီမံခန့်ခွဲတဲ့ပညာရပ် ဖြစ်ပါတယ်။ ဒီနေ့ သတင်းတွေမှာ တွေ့နေရတဲ့ လူမှုရေးပြဿနာများ၊ ရာဇဝတ်မှုများ၊ မူးယစ်ဆေးဝါးမှုတွေဟာ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနဲ့ များစွာဆက်စပ်နေပါတယ်။ အမျိုးသားတိုးတက်ရေးပါတီမှာ အဲဒီပညာရှင်တွေရှိနေပြီး၊ အဲဒီပညာရပ်ကိုလည်း ဖြန့်ဖြူးပေးနေတဲ့ ပါတီကြီးတစ်ခုလည်း ဖြစ်ပါတယ်။

**ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ**

နိုင်ငံတစ်ခုမှာ ပစ္စုပ္ပန်အတွက်ရော၊ အနာဂတ်အတွက်ပါ အလွန်အရေးပါလှတဲ့ မျက်နှာစာနှစ်ခုကတော့ ပညာရေးနဲ့ကျန်းမာရေးကဏ္ဍပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပညာရေးကဏ္ဍကို အခုထက်ပိုပြီး ပြုပြင်ပြောင်းလဲမှုတွေ လုပ်ရဦးမှာဖြစ်ပါတယ်။ ကျန်းမာရေးဘက်မှာလည်း ထို့အတူပဲဖြစ်ပါတယ်။ မူဝါဒပိုင်းရော စနစ်ပိုင်းကအစ ပြုပြင်ပြောင်းလဲရေးတွေ လုပ်ဆောင်ပေးရပါလိမ့်မယ်။

အထူးသဖြင့် ပညာရေးမှာ နိုင်ငံတကာသင်ရိုးညွှန်းတမ်းအတိုင်း လိုက်နာနိုင်ပြီလား၊ သင်ကြားပို့ချပေးတဲ့ ဆရာ ဆရာမများ၊ သင်ထောက်ကူပစ္စည်းများ စတဲ့ တစ်ဆင့်လုံးကို စဉ်းစားဖြည့်ဆည်းရမှာ ဖြစ်ပါတယ်။ ပညာကို ကုန်ဆုံးအောင် မသင်ကြားနိုင်လို့ တစ်ဝက်တစ်ပျက်နဲ့ ကျောင်းထွက်ခဲ့တဲ့ လူငယ်ပြည်သူတွေအတွက်လည်း vocational training ဆိုတဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်တွေကို လုံလောက်အောင် ဖြည့်ဆည်းပေးသင့်ပါတယ်။ နောက်မျိုးဆက်တွေအနေနဲ့ အနာဂတ်မြန်မာနိုင်ငံအတွက် ပညာရေးနဲ့ ကျန်းမာရေးဟာ အလွန်အရေးကြီးတဲ့ ကဏ္ဍလို့ အမျိုးသားတိုးတက်ရေးပါတီက ခံယူထားပြီး၊ အမျိုးသားတိုးတက်ရေးပါတီ ကိုယ်စားလှယ်လောင်းတစ်ဦးဦးကိုသာ ရွေးချယ်ခံရမယ်ဆိုရင်... လွှတ်တော်မှာ ဥပဒေပြုနိုင်ဖို့ အမျိုးသားတိုးတက်ရေးပါတီက အဆိုများတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား...**

အမျိုးသားတိုးတက်ရေးပါတီဟာ ခိုင်မာတဲ့ရပ်တည်ချက်၊ တိကျတဲ့မူဝါဒတွေ အစီအစဉ်ကောင်းတွေ ရေးဆွဲထားတဲ့ ပါတီကြီးတစ်ခုဖြစ်ပါတယ်။ နိုင်ငံတစ်ခုအတွက် အလွန်အရေးကြီးတဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု၊ စီးပွားရေးစီမံခန့်ခွဲမှုကို စာတွေ့လက်တွေ့ ကျွမ်းကျင်စွာ တတ်မြောက်ထားပြီး၊ လက်တွေ့စီးပွားရေးမှာ အောင်မြင်နေတဲ့သူများနဲ့ ဖွဲ့စည်းထားတဲ့ ပါတီကြီးတစ်ခုဖြစ်ပါတယ်။ ပြည်တွင်းစီးပွားရေးသာမက၊ နိုင်ငံတကာ စီးပွားရေးအထိပါ လက်လှမ်းမီကြသူ အများအပြားနဲ့ ပါဝင်ထားတဲ့ ပါတီကြီးတစ်ခုလည်း ဖြစ်ပါတယ်။

အရေးကြီးဆုံးနဲ့ အဓိကအာရုံစူးစိုက်မှုအရှိသင့်ဆုံးကဏ္ဍကတော့ တောင်သူလယ်သမားများနဲ့ အလုပ်သမားများကဏ္ဍပဲ ဖြစ်ပါတယ်။ ယနေ့ မြန်မာနိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းကျော်ဟာ တောင်သူလယ်သမားများနဲ့ အလုပ်သမားများဖြစ်ကြပြီး သူတို့ရဲ့ အနာဂတ်ဟာနိုင်ငံရဲ့ စီးပွားရေးအပေါ်မှာ မှီတည်နေရပြီး အလားအလာ အတော်မှေးမှိန်နေကြောင်း တွေ့ရပါတယ်။

တစ်နှစ်ထက်တစ်နှစ် အကြွေးပိုလာတဲ့ တောင်သူလယ်သမားနဲ့ အလုပ်သမားများရဲ့ ရှေ့ရေးကို ဘယ်လိုမူဝါဒတွေ ချမှတ်ပြီး၊ ဖြည့်ဆည်းပေးရမယ်ဆိုတဲ့ အစီအစဉ်မျိုးကို အမျိုးသားတိုးတက်ရေးပါတီက ရေးဆွဲထားပြီးဖြစ်ပါတယ်။ ရေတိုစီးပွားရေး ကောင်းမွန်မှု၊ အချိန်အလယ်အလတ်အတွင်း သီးနှံအထွက်တိုးရေး၊ စက်မှုအား အများဆုံး သုံးစွဲနိုင်ရေး၊ ရေရှည်မှာ တောင်သူလယ်သမားတွေရဲ့အကြွေးကင်းတဲ့ဘဝ၊ အလှူရေစက် လက်နဲ့မကွာဆိုတဲ့ ဘဝမျိုးအထိ ပြန်လည်ရောက်ရှိအောင် အဆင့်ဆင့် မြှင့်တင်သွားမယ့် အစီအစဉ်တွေကိုလည်း ရေးဆွဲထားပြီးဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးကနေတစ်ဆင့် စက်မှုဖွံ့ဖြိုးတဲ့ခေတ်ဆီကို တောင်သူလယ်သမားများနဲ့ အလုပ်သမားတွေကို တွဲခေါ်သွားစေရမှာလည်း ဖြစ်ပါတယ်။

**ကျွန်တော်ဆက်လက်တင်ပြသွားလိုတဲ့ကဏ္ဍကတော့...**

မြန်မာနိုင်ငံနဲ့ နိုင်ငံတကာဆက်ဆံရေး၊ ဒေသတွင်းနိုင်ငံရေး၊ စီးပွားရေးကဏ္ဍပဲ ဖြစ်ပါတယ်။ မိဘပြည်သူများသိရှိထားတဲ့အတိုင်း ရခိုင်ပြည်နယ်၊ မောင်တောကစခဲ့တဲ့ အကြမ်းဖက်မှုဟာ နိုင်ငံတကာဖိအားအဖြစ် ပြောင်းလဲသွားခဲ့ပြီး၊ အစိုးရနဲ့ တပ်မတော်အတွက် စိန်ခေါ်မှုတစ်ခု ဖြစ်လာခဲ့ပါတယ်။ ဖိအားတွေဟာ လျော့ကျသွားမယ့် လက္ခဏာမရှိဘဲ တဖြည်းဖြည်းပိုမိုတိုးတက်လာမယ်လို့ အမျိုးသားတိုးတက်ရေးပါတီက ခန့်မှန်းထားပါတယ်။




မြန်မာနိုင်ငံအပေါ် သက်ရောက်နေတဲ့ ဖိအားတွေဟာ... အတိုင်းအတာတစ်ခုအထိ မြန်မာ့စီးပွားရေးအပေါ်မှာ သက်ရောက်နေပြီး ကုလသမဂ္ဂရဲ့ဆုံးဖြတ်ချက်တွေဟာလည်း အနည်းအများဆိုသလို မြန်မာ့သမိုင်းအပေါ်မှာ သက်ရောက်မှုတွေ ရှိနေပါတယ်။

အဲ့ဒီကိစ္စဟာတစ်ချိန်ကျရင် ... အခုထက်ပိုတဲ့ သက်ရောက်မှုတွေရှိလာနိုင်တယ်လို့ အမျိုးသားတိုးတက်ရေးပါတီက ခန့်မှန်းထားတဲ့အတွက်ကြောင့် မြန်မာနိုင်ငံနဲ့ နိုင်ငံတကာဆက်ဆံရေး၊ မြန်မာနိုင်ငံနဲ့ ဒေသတွင်းနိုင်ငံများ ဆက်ဆံရေး၊ မြန်မာနိုင်ငံနဲ့ ကုလသမဂ္ဂ၊ အခြားဩဇာကြီး အဖွဲ့အစည်းကြီးများနဲ့ ဆက်ဆံရေးကို ဘယ်လိုထိရောက်အောင် ဆက်ဆံရေးများ လုပ်ဆောင်သွားမယ်ဆိုတဲ့ မူဝါဒ၊ မဟာဗျူဟာများကို အမျိုးသားတိုးတက်ရေးပါတီက ရေးဆွဲထားပြီး ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျာ...**

နိုင်ငံတစ်ခုမှာ မျက်နှာစာများစွာ၊ ကဏ္ဍများစွာရှိနေတတ်ပါတယ်။ အချိန်အကန့်အသတ်ရှိတဲ့အတွက်ကြောင့် အရေးကြီးတဲ့ ကဏ္ဍတွေလောက်ကိုပဲ တင်ပြပေးသွားခြင်း ဖြစ်ပါတယ်။ ပိုမိုကျယ်ပြန့်တဲ့မျက်နှာစာများ၊ ကဏ္ဍများဆိုင်ရာမူဝါဒနဲ့ ဆောင်ရွက်အကောင်အထည်ဖော်ရမယ့်လုပ်ငန်းစဉ်များ၊ အစအလယ်အဆုံး(၃)ပါးလုံးနဲ့ ညီညွတ်စေမယ့် မဟာဗျူဟာများကို အမျိုးသားတိုးတက်ရေးပါတီက ရှင်းလင်း၊ ပြတ်သားစွာ ရေးဆွဲထားပြီးဖြစ်ပါတယ်။

ကိစ္စရပ်အတော်များများဟာ လွှတ်တော်ကနေတစ်ဆင့် ဥပဒေပြုရင်းနဲ့ ဆောင်ရွက်သွားရလေ့ရှိပါတယ်။ ပြည်သူတွေအနေနဲ့ အမျိုးသားတိုးတက်ရေးပါတီက ကိုယ်စားလှယ်လောင်းကို တာဝန်ပေးရွေးချယ်ခဲ့မယ်ဆိုရင်... လွှတ်တော်တွေမှာ... နိုင်ငံအတွက် အလွန်အရေးကြီးပြီး၊ နိုင်ငံရဲ့အနာဂတ်ကို ကောင်းစွာအကောင်အထည်ဖော်နိုင်မယ့် ဥပဒေတွေကို ထက်သန်စွာ အဆိုပြုတဲ့ မြင်ကွင်းတွေကို တွေ့ရမှာ ဖြစ်ပါတယ်လို့ ကတိပြုပြောကြားလိုပါတယ်။

ယနေ့ရင်ဆိုင်နေရတဲ့စီးပွားရေး၊ လူမှုရေးအကျပ်အတည်းများကိုလည်း လွှတ်တော်များကတစ်ဆင့် တရားဝင်ပြောကြားနိုင်ခွင့် ရှိလာမှာဖြစ်တဲ့အတွက်ကြောင့်...

**မိဘပြည်သူများအနေနဲ့**

ယနေ့မြန်မာနိုင်ငံရင်ဆိုင်နေရတဲ့ စီးပွားရေး၊ လူမှုရေး အရေးအရာများကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းနိုင်ဖို့အတွက် အမျိုးသားတိုးတက်ရေးပါတီမှ ကိုယ်စားလှယ်လောင်းကို မတွေဝေဘဲ မဲပေးခြင်းဖြင့် တာဝန်ပေးအပ်နိုင်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျာ...။

မိဘပြည်သူများ ကျန်းမာချမ်းသာကြပါစေ...

**အမျိုးသားတိုးတက်ရေးပါတီ(သီချင်း၃)**

❖ ဟာ... ဟာ... ဟာ... ဟာ... ဟာ... ဟာ...
ဟာ... ဟာ... ဟာ... ဟာ... ဟာ... ဟာ
တို့နိုင်ငံ တို့လူမျိုး ... တို့ စီးပွားအတွက် ...
မြင့်မြတ်သော စိတ်ထားတွေနဲ့ တစ်မျိုးသားလုံးအတွက် ...
တည်ထောင်ခဲ့ပြီ ... ဒါဟာတို့ ရဲ့မြေ ဒါဟာတို့ ရေ ...
ဒါဟာ ဘိုးဘွားအမွေ ကာကွယ်စောင့်ရှောက်လို့ ပေးလေ NDP ...

❖ တို့ နိုင်ငံတွက် အတွက် ရွေးချယ်လိုက်ဦးဟေ့ ...
အေးအတူ ပူအမျှ တိုင်းပြည်အကျိုးအတွက်ပေ ...
စည်းလုံးကြမယ်လေ အမျိုးသားရေးဆိုတေးရှေ့တန်းများရှိနေပြီလေ...
တို့ နိုင်ငံတွက် အတွက် ရွေးချယ်လိုက်ဦးဟေ့ ...
အေးအတူပူအမျှ တန်းတူကျော်ဖြတ်ပေး ...
တို့ချစ်တဲ့ဒီမြေ ငြိမ်းချမ်းကြမယ်လေ... အမျိုးသားနိုင်ငံတော်ကြီးလေ...

❖ (လာလာ... လာ...ကြဟေ့)၂ NDP ကို မဲပေးကြစို့ဟေ့
(လာလာ... လာ... ကြဟေ့)၂ NDP ကို မဲပေးကြမယ်လေ
စီးပွားရေးတိုးတက်စေရမယ် ဆင်းရဲနွမ်းပါးမှုတွေ လျှော့ချဖို့
NDP ကို မဲပေးကြစို့လေ... NDP NDP အမျိုးသားတိုးတက်ရေးပါတီ...
"ဒီမိုကရေစီကျင့်စဉ်ကိုကျင့်တဲ့ နိုင်ငံမှာ ညီတူညီမျှဖြစ်ဖို့ လိုပါတယ်"
ဟာ... ဟာ... ဟာ... ဟာ... ဟာ... ဟာ...

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်အတွင်း ရာသီတုပ်ကွေး အစုလိုက်ဖြစ်ပွားရာ ကျေးရွာများတွင် ရောဂါကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်နေ

**နေပြည်တော် စက်တင်ဘာ ၂၀**

ရာသီတုပ်ကွေး၏ နောက်ဆက်တွဲ ပြင်းထန်အဆုတ်ရောင်ရောဂါဖြင့် ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၇ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် လန်သန်းကျေးရွာတွင် ကလေးငယ်လေးဦးနှင့် ပေါ်ကွန်ကျေးရွာတွင် ကလေးငယ်တစ်ဦးတို့သေဆုံးမှုနှင့် ပတ်သက်၍ ဩဂုတ် ၂၉ ရက်မှ စတင်ကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဗဟိုအဆင့် ကွင်းဆင်းအဖွဲ့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့များသည် ရောဂါဖြစ်ပွားရာ ကျေးရွာများသို့ ကွင်းဆင်း၍ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ကွင်းဆင်းအဖွဲ့များသည် ရာသီတုပ်ကွေးရောဂါဖြစ်ပွားသူလူနာ ထပ်မံရှာဖွေခဲ့ရာ လန်သန်းကျေးရွာတွင် လူနာ ၆၄ ဦး၊ ပေါ်ကွန်ကျေးရွာတွင် ၂၂၈ ဦး၊ ရှန်ဟဲနုတ်ညီကျေးရွာတွင် ၁၀၀ စုစုပေါင်း ၃၉၂ ဦး တွေ့ရှိခဲ့ပြီး လိုအပ်သောကုသမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပေါ်ကွန်ကျေးရွာမှ ကလေးငယ်ငါးဦးနှင့် ရှန်ဟဲနုတ်ညီကျေးရွာမှ ကလေးငယ်လေးဦး၏ နှာခေါင်းတို့ဖတ်နမူနာများရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ စစ်ဆေးတွေ့ရှိရသော ဓာတ်ခွဲအဖြေများအရ ပေါ်ကွန်ကျေးရွာမှ လေးဦးနှင့် ရှန်ဟဲနုတ်ညီကျေးရွာမှ လေးဦးတွင် ရာသီတုပ်ကွေးရောဂါပိုး (Influenza A H1N1 pdm 09) တွေ့ရှိရပြီး ကွင်းဆင်းအဖွဲ့သည် အဆိုပါကျေးရွာများတွင် ဆေးကုသမှုပေးသည့်အပြင် ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းနှင့် ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် နန်းယွန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများသည် ပတ်ဝန်းကျင်ကျေးရွာများတွင် ရာသီတုပ်ကွေးနှင့် အခြားကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သတင်းအချက်အလက် ရယူခြင်း၊ ရာသီတုပ်ကွေးရောဂါ ကူးစက်ပုံနှင့် ကာကွယ်ရေးနည်းလမ်းများအား ပညာပေးခြင်းနှင့် ဆေးကုသမှုပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး စက်တင်ဘာ ၁၁ ရက် နောက်ပိုင်းတွင် အစုလိုက် ရာသီတုပ်ကွေးရောဂါ ထပ်မံဖြစ်ပွားမှုမရှိကြောင်း သိရသည်။

**သတင်းစဉ်**




## အိမ်မဲ၌ တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသ

**အိမ်မဲ စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ စက်တင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီက ကျောက်ဝိုင်းမဟာစည်ရိပ်သာတွင် တရားလာရောက်အားထုတ်ကြသော ရဟန်းများ၊ သီလရှင် ဆရာကြီး ဆရာလေးများ၊ အမျိုးသားယောဂီ၊ အမျိုးသမီးယောဂီ ၆၀ ကျော်ကို တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကမမောင်း၌ ဝက်သက်ရောဂါဖြစ်ပွားမှုတွေ့ရှိသဖြင့် ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးသုံးမျိုး ထိုးနှံ

**ကမမောင်း စက်တင်ဘာ ၂၀**



ကရင်ပြည်နယ် ကမမောင်းမြို့ အခြေခံပညာကျောင်းများ၌ ရပ်ဝေးဒေသရှိ ကျေးလက်တောရွာများမှ လာရောက်၍ ပညာသင်ကြားနေကြပြီး ကာကွယ်ဆေးမထိုးခဲ့ကြရသော ကျောင်းသား ကျောင်းသူများကို ဝက်သက်၊ ဂျိုက်သိုး၊ မေးခိုင်နှင့် ဂျပန်ဦးနှောက်အမြေးပါးရောင်ရောဂါကာကွယ်ဆေးသုံးမျိုးကို ကျန်းမာရေး ဝန်ထမ်းများက စုရပ်နေရာများခွဲ၍ ယနေ့ နံနက် ၈ နာရီတွင် စတင်ထိုးနှံပေးကြသည်။

ကျေးလက်တောရွာများမှ ကမမောင်းမြို့ ကိုးနဝင်းဘုန်းကြီးကျောင်းတွင် လာရောက်နေထိုင်ပြီး အခြေခံပညာစာသင်ကျောင်းများတွင် စာသင်နေကြသော ကျောင်းသား ကျောင်းသူများထဲမှ ကလေး ရှစ်ဦးမှာ ကမမောင်းမြို့ ပြည်သူ့ဆေးရုံသို့ ဖျားနာ၍ ဆေးရုံတက်ရာ ဝက်သက်ရောဂါလက္ခဏာတွေ့ရသဖြင့် သွေးနမူနာများကို ရန်ကုန်ဓာတ်ခွဲသွေးစစ်ဌာနသို့ ပေးပို့ခဲ့ရာ ဝက်သက်ရောဂါဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည့်အတွက် အရေးပေါ်ကာကွယ်ဆေးများကို ပြန်လည်ထိုးနှံပေးရခြင်း ဖြစ်သည်။

မြို့ပေါ်ရပ်ကွက်များရှိ ကလေးငယ်များမှအပ ကျေးလက်တောရွာများမှ ကမမောင်းမြို့ပေါ်ရှိ ဘုန်းကြီးကျောင်းများနှင့် ခရစ်ယာန် ဘော်ဒါဆောင်တို့တွင် လာရောက် နေထိုင်ကြသော အသက်(၅ နှစ်)မှ (၁၅ နှစ်) အတွင်းရှိ ကျောင်းသား ကျောင်းသူများ၊ ကိုရင်များ စုစုပေါင်း ၇၀၀ နီးပါးခန့်ကို ကာကွယ်ဆေးမထိုးနှံခဲ့ရသည့်အတွက် စီမံချက်ဖြင့် ပြန်လည်ထိုးနှံပေးနေရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ နေရာများတွင် ကျောင်းသား ကျောင်းသူများ စုပေါင်းနေထိုင်ရသဖြင့် ဝက်သက်ရောဂါ၊ ဂျပန်ဦးနှောက်အမြေးပါးရောင်ရောဂါ ကာကွယ်ဆေးမထိုးနှံခဲ့ကြရသော ကလေးများတွင် ကူးစက်ခံရမှု မြန်ဆန်ကြောင်း၊ ရောဂါပြင်းထန်ပါက မျက်လုံးကွယ်ခြင်း၊ ဉာဏ်ရည်နိမ့်ကျပြီး လူစဉ်မမီတော့ခြင်းနှင့် သေဆုံးရခြင်းအထိ အန္တရာယ်ရှိသဖြင့် ကာကွယ်ဆေးမရရှိခဲ့ကြသည့် ကလေးငယ်များကို စာရင်းကောက်၍ ပြန်လည် ထိုးနှံပေးရခြင်းဖြစ်ကြောင်း၊ တစ်လခြား၍ နောက်တစ်ကြိမ် ကလေးများကို ကာကွယ်ဆေးများ ပြန်လည်ထိုးနှံပေးရမည်ဖြစ်ကြောင်း ကမမောင်းမြို့ ပြည်သူ့ဆေးရုံတာဝန်ခံ ဒေါက်တာဆုရဲထက်ထံမှ သိရသည်။

**ကိုလင်းသန့်(ပြန်/ဆက်)**

## အသိပေးကြေညာချက်

၁။ ထိုင်းနိုင်ငံတွင် ရောက်ရှိလုပ်ကိုင်နေသော ရေလုပ်သားများအား Visa နှင့် Work Permit (နေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်)အတွက် ထိုင်းနိုင်ငံမှ အောက်ပါအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်၍ အလုပ်သမားများအနေဖြင့် အမြန်ဆုံးဆက်သွယ် ဆောင်ရွက်ရန် အသိပေးကြေညာအပ်ပါသည်-

(က) ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် သက်တမ်းကုန်ဆုံးမည့် ရေလုပ်သားကို ဆက်လက်နေထိုင်ခွင့်သက်တမ်း ၂ နှစ်တိုးမြှင့်ပေးမည်။ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို ခရိုင် ၂၂ ခုရှိ One Stop Service Center များတွင် ၂၀-၈-၂၀၁၈ ရက်မှ စတင်ဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိပြီး ၃၀-၉-၂၀၁၈ ရက်နေ့ထိ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

(ခ) (ရေဘတ်) နေထိုင်ခွင့်သက်တမ်း ၂ နှစ် ထပ်မံ တိုးမြှင့်ပေးရာတွင် နိုင်ငံကူးလက်မှတ် (သို့မဟုတ်) CIနှင့် Sea-Book ရှိပြီးသူများကို တစ်နှစ်လျှင် တစ်ကြိမ် ဗီဇာနှင့် Work Permit တို့ကို သက်တမ်း ၁ နှစ်ဖြင့် ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၂။ အထက်ပါကိစ္စနှင့်ပတ်သက်၍ ရေလုပ်သားများအနေနှင့် မရှင်းလင်းသည့်အချက်များ၊ သိရှိလိုသည့်အချက်များအား အောက်ပါအလုပ်သမား သံအရာရှိများထံ ဆက်သွယ်စုံစမ်း/မေးမြန်း အကူအညီတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ဦးစန်းမောင်ဦး ၀၉၄၈၈၄၅၄၈၄
(ခ) ဦးဦးခင်မောင် ၀၉၉၀၅၉၂၃၅၂
(ဂ) ဦးသန်းနိုင် ၀၆၅၂၂၀၆၉၅၁
(ဃ) ဦးဇော်မင်းအောင် ၀၆၅၂၂၀၆၉၅၂
(င) ဦးအောင်မင်း ၀၆၅၂၂၀၆၉၅၃

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

**နေပြည်တော် စက်တင်ဘာ ၂၀**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အစားအသောက်များ၌ ခွင့်မပြုဆိုးဆေးများ ပါဝင်ခြင်းတို့ကြောင့် စားသုံးရန်မသင့်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက် ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုသော ဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသား အစားအသောက်ဥပဒေ ပုဒ်မ ၂၈(က)အရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

| စဉ် | အစားအသောက်အမျိုးအစား | အမှတ်တံဆိပ် | ခွင့်မပြုဆိုးဆေးပါဝင်မှု |
|---|---|---|---|
| ၁။ | အရောင်တင်မှုန့် | ရွှေဟင်္သာ | Sudan III |
| ၂။ | လက်ဖက် | ဟင်္သာမင်း | Auraminc O |
| ၃။ | ပဲကြီးလှော် | ရွှေပြည်စိုး | Auraminc O |
| ၄။ | လက်ဖက်နှပ် | တောင်ကြီး | Auraminc O |
| ၅။ | ပုစွန်ငါးပိထောင်း | Thiri Aung | Rhodamine B |
| ၆။ | မျှင်ငါးပိထောင်း | ကောင်းထက်ကောင်း | Rhodamine B |
| ၇။ | စိမ်းစားငါးပိ | ရောကမ္ဘာ | Rhodamine B |

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# အာရှ ယူ-၁၆ အမျိုးသမီးဘောလုံး ခြေစစ်ပွဲ အုပ်စုဒုတိယပွဲ မြန်မာနှင့် နီပေါ ယနေ့ကစားမည်

**ရန်ကုန် စက်တင်ဘာ ၂၀**

၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ အုပ်စု (င) ဒုတိယနေ့ကို စက်တင်ဘာ ၂၁ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် အိမ်ရှင် နီပေါအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ခြေစစ်ပွဲ အုပ်စုဒုတိယနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ဖိလစ်ပိုင်အသင်းနှင့် မလေးရှားအသင်း၊ ညနေ ၄ နာရီ ၁၅ မိနစ်တွင် မြန်မာအသင်းနှင့် နီပေါအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် ပထမပွဲတွင် တိုက်စစ်မှူး မြတ်နိုးခင်၏ ဟက်ထရစ်ဖြင့် မလေးရှားကို သုံးဂိုးပြတ် အနိုင်ရခဲ့သောကြောင့် နောက်တစ်ဆင့်တက်ရောက်ရန်အခွင့်အရေးပိုများလာပြီး ယနေ့ပွဲတွင် နီပေါအသင်းကို ထပ်မံအနိုင်ရရန် လိုအပ်နေသည်။ မြန်မာအသင်းနှင့် ကစားမည့် နီပေါအသင်းသည် ယခုအုပ်စုတွင် အင်အားအနည်းဆုံးဖြစ်နေပြီး ပထမပွဲတွင် ဖိလစ်ပိုင်အသင်းကို လေးဂိုးပြတ် ရှုံးနိမ့်ခဲ့သည်။ အဖွင့်ပွဲတွင် အနိုင်ရထားသည့် မြန်မာနှင့် ဖိလစ်ပိုင်အသင်းသည် ဒုတိယနေ့တွင် အနိုင်ရပါက နှစ်သင်းထိပ်တိုက်တွေ့ဆုံမည့် နောက်ဆုံးပွဲမှာ ဒုတိယအဆင့် ခြေစစ်ပွဲတက်ရောက်ရန် အဆုံးအဖြတ်ပွဲ ဖြစ်လာမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# မူဆယ် - ပန်ဆိုင်း(ကြူကုတ်) ကားလမ်းဘေး မိုင်းနှစ်လုံးပေါက်ကွဲမှုကြောင့် တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**မူဆယ် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့နယ် နမ့်တောင်းရွာမှ ပန်ဆိုင်း(ကြူကုတ်မြို့) သို့သွားသော ကားလမ်းဘေးမှ ဖုန်းတိုင်ခြေတွင် စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီခန့်တွင် မိုင်းတစ်လုံး ပေါက်ကွဲခဲ့ကြောင်း သိရသည်။

ယင်းပေါက်ကွဲမှုကြောင့် တစ်စုံတစ်ဦး ထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း ပထမတစ်ကြိမ် ပေါက်ကွဲမှုဖြစ်သော နေရာအနီးတစ်ဝိုက်တွင် ယင်းနေ့ ညနေ ၃ နာရီ မိနစ် ၂၀ ခန့်တွင် ဒုတိယအကြိမ် ထပ်မံပေါက်ကွဲမှုဖြစ်ရာ ပန်ဆိုင်း(ကြူကုတ်)မြို့မှ နမ့်တောင်းရွာနေအိမ်သို့ ဆိုင်ကယ်စီးပြန်လာကြသော မအားနာ(၂၈နှစ်)နှင့်ဒေါ်လွန်ထု(၅၉နှစ်)တို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး မူဆယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ ဒေါ်လွန်ထု(၅၉နှစ်)မှာသေဆုံးခဲ့ပြီး မအားနာမှာ ထိခိုက်ဒဏ်ရာပြင်းထန်စွာရရှိ၍ မူဆယ်ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသခံယူနေကြောင်း သိရသည်။

ထို့နောက် မူဆယ်ပြည်သူ့ဆေးရုံသို့ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်၊ မူဆယ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မျိုးညွန့်၊ မူဆယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်ဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်တို့က ဒဏ်ရာရရှိသူနှင့် သေဆုံးသူ၏မိသားစုများကို သွားရောက်တွေ့ဆုံ၍ နစ်သိမ့်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မောင်တောမြို့နယ် သစ်တုံးနားခွဆုံကျေးရွာအုပ်စု ခွဆုံရွာသစ်မှ နွားကျောင်းသည့် မြိုလူမျိုးတစ်ဦးအသတ်ခံရ

**မောင်တော စက်တင်ဘာ ၂၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ သစ်တုံးနားခွဆုံကျေးရွာအုပ်စု ခွဆုံရွာသစ်တွင်နေထိုင်သည့် မြိုလူမျိုးတစ်ဦး အသတ်ခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့ သစ်တုံးနားခွဆုံကျေးရွာအုပ်စု ခွဆုံရွာသစ်ကျေးရွာ၌ နေထိုင်သည့် ဦးဒူလူ(မြိုလူမျိုး) အသက်(၄၀ နှစ်)သည် တစ်ရွာတည်းနေ ဦးကာလင်ဝိုင်၏ နွားရှစ်ကောင်ကို အငှားထိန်းကျောင်းရာမှ စက်တင်ဘာ ၁၉ ရက် ညပိုင်းတွင် နွားကျောင်းသူနှင့် နွားများ ပြန်လည်ရောက်ရှိလာခြင်း မရှိသဖြင့် ကျေးရွာသားများ စုပေါင်းရှာဖွေရာ နွားခြောက်ကောင်အားတွေ့ရပြီး နွားနှစ်ကောင်နှင့် ဦးဒူလူမှာ ပျောက်ဆုံးနေ၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းရွှေက သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့သည်။

ကျေးရွာသားများသည် ယနေ့နံနက်ပိုင်းတွင် ဆက်လက်ရှာဖွေရာ အစ်ကျော်တံတား ကားလမ်း၏အရှေ့ဘက် တစ်မိုင်ခန့်အကွာ တောင်ကြား၌ ဓားဒဏ်ရာများဖြင့် သေဆုံးနေသည့် ဦးဒူလူ၏အလောင်းအား တွေ့ရှိခဲ့သည်။ အဆိုပါအမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာက ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်ဇော်**

## ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ ကြည်လင်း(ခ)ဖိုးထူး၏ တရားခံပြ သက်သေ နှစ်ဦးစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့်ပစ်ခတ်လုပ်ကြံမှုကြောင့် သေဆုံးသွားသူ တရားလွှတ်တော်ရှေ့နေ ဦးကိုနီအမှုနှင့်ပတ်သက်၍ သေနတ်သမား ကြည်လင်း(ခ)ဖိုးထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ကို မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးချိန်းပေါင်း ၇၇ ချိန်းမြောက်အဖြစ် ယနေ့ နံနက် ၁၀ နာရီက ရုံးထုတ်ရောက်ရှိခဲ့ပြီး လူသတ်မှုနှင့် လက်နက်မှုဖြင့် စွဲချက်တင်ခံထားရသူ ကြည်လင်း(ခ)ဖိုးထူးက တင်ပြထားသော တရားခံပြ သက်သေနှစ်ဦးရောက်ရှိသဖြင့် စစ်ဆေးမှုလုပ်ခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့်ပြန်ကြားရေးတာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး-၆ ဦးရဲလွင်က "ဒီကနေ့ မြောက်ပိုင်းခရိုင်အထူးတရားခုံရုံးကနေ စစ်ဆေးမှုပြုလုပ်နေတဲ့ ရာဇဝတ်ကြီး အမှုအမှတ် ၄၅/ ၂၀၁၇(လူသတ်မှု )နဲ့ ၄၆/ ၂၀၁၇(လက်နက်မှု )မှာ ကြည်လင်း(ခ)ဖိုးထူး ပြတဲ့ တရားခံပြသက်သေ နှစ်ဦးဖြစ်တဲ့ ယင်းမာပင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းရယ်၊ ယင်းမာပင်မြို့နယ် စိုင်းလျားကျေးရွာက ရာအိမ်မှူး ဦးမြင့်ကျော်ဦးတို့နှစ်ဦးကို စစ်ဆေးခဲ့တာ ဖြစ်ပါတယ်။ နောက်ရုံးချိန်းကိုတော့ စက်တင်ဘာ ၂၁ ရက် သောကြာနေ့မှာ ဒုတိယ တရားခံ အောင်ဝင်းဇော် ပြတဲ့ တရားခံပြသက်သေ ၁၂ ဦးထဲက သုံးဦးကို ဆက်လက်စစ်ဆေးဖို့ ပြန်လည်ချိန်းဆိုထားပါတယ်"ဟု ပြောသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၁ . ၉. ၂၀၁၈ (သောကြာနေ့)**

**နံနက်ပိုင်း**

၆ း ၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇ း၀၀ - Breakfast News
၇ း၃၅ - MRTV Travelogue
၈ း ၃၅ - မျက်မှောက်ရေးရာအဖြာဖြာ
၉ း ၁၅ - "အမြတ်တနိုးတန်ဖိုးထားစရာ တွင်းထွက်ရတနာ "
၁၀ း၃၀ - လူမှုစီးပွားမြင်ကွင်းများ
၁၁ း ၃၅ - အလုပ်သမားရေးရာအစီအစဉ်
၁၄ း ၂၀ - တိမ်မြုပ်နေတဲ့ တိုင်းရောရဲ့ ဂဝံမြို့ဟောင်း (အပိုင်း-၃)
၁၄း ၄၀ - "အိုက်တင်နံပါတ် ၁၅၀၀"

**ညပိုင်း**

၁၆ း၃၅ - Weekly MNL Review
၁၇း ၀၅ - ကျန်းမာရေးမဂ္ဂဇင်း "အသည်းအဆီဖုံးရောဂါ အကြောင်း သိကောင်းစရာ"
၁၇း ၂၅ - Catch Asia News
၁၇ း၃၀ - Weekly Sport Info
၁၈ း၂၀ - BBC Click
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "နေရယ် လရယ် အမုန်တရားရယ်" (အပိုင်း- ၉) (ဒါဒို့ပိုင်တဲ့မြေ) ဆုပန်ထွာ၊ ခင်ဇာခြည်ကျော် (ဒါရိုက်တာ- အောင်ကိုလတ်)
၂၀ း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - **၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်** "ပြည်ထောင်စုလယ်သမား အလုပ်သမားအင်အားစုပါတီ"
- "ရွေးကောက်ပွဲ ကိုယ်စားလှယ်များနှင့် ဥပဒေ "

## အမှုစစ်ဆေးဆဲကာလ အချုပ်ယာဉ်ပေါ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ထွက်ပြေးနေသူအား ဖမ်းဆီးရမိ

**ဘားအံ စက်တင်ဘာ ၂၀**

ကရင်ပြည်နယ် ဘားအံအကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်နေသည့် အကျဉ်းသား ၂၀ အား ဖမ်းဆီးရမိရေးအတွက် ဘားအံခရိုင် မှုခင်းနှိမ်နင်းရေး အဖွဲ့ခေါင်းဆောင် ရဲအုပ်သက်စိုးဦး ဦးစီးသည့် ပူးပေါင်းအဖွဲ့များဖြင့် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် စက်တင်ဘာ ၁၉ ရက် ညနေ ၆နာရီခွဲခန့်က မူးယစ်အမှုဖြင့် စစ်ဆေးဆဲကာလတွင် အချုပ်ယာဉ်ပေါ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ထွက်ပြေးနေသည့် တရားခံပြေးတစ်ဦးကို လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံကျေးရွာ မြင့်စိုး ကားဝပ်ရှော့တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိခဲ့သည့် မြင့်စိုးအောင်(ခ)တိုတို (၃၀ နှစ်) မြိုင်သာယာကျေးရွာ ဘားအံမြို့နယ်နေသူသည် ၂၀၁၇ ခုနှစ် မေ ၁၄ ရက်က စိတ်ကြွရူးသွပ်ဆေးပြား ၂၇၈ ပြားနှင့်အတူဖမ်းဆီးရမိ၍ ဘားအံမြို့မရဲစခန်းက မယ(ပ)၄၅/၂၀၁၇၊ မူး/စိတ်ပုဒ်မ ၁၅/ ၁၉(က)ဖြင့် ဘားအံခရိုင်တရားရုံးသို့ တရားစွဲတင်ပို့စစ်ဆေးခဲ့ရာမှ ၂၀၁၇ ခုနှစ် ဇူလိုင် ၂၅ ရက် ညနေပိုင်းက ဘားအံတရားရုံးမှ ဘားအံအကျဉ်းထောင်သို့ တရားရုံးထုတ် အချုပ်ယာဉ်ဖြင့် ပြန်လည်ပို့ဆောင်စဉ် ဘားအံ-လှိုင်းဘွဲ့ကားလမ်း တောင်ကလေးကျေးရွာ အနီးအရောက် ၎င်းနှင့် ကျန်အချုပ်သား သုံးဦးတို့ပေါင်းကာ လုံခြုံရေးတာဝန်ကျ ရဲတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ပြီး အချုပ်ယာဉ်ပေါ်မှ ခုန်ချထွက်ပြေးလွတ်မြောက်သွားသဖြင့် ဘားအံမြို့မရဲစခန်းက အမှုရေးဖွင့်ထားပြီး အဆိုပါနှစ်မှုဖြင့် ဘားအံမြို့မရဲစခန်းက အလိုရှိသည့် တရားခံပြေးတစ်ဦးဖြစ်ကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

## ကွတ်ခိုင်နှင့် နမ့်ခမ်းမြို့တို့၌ မူးယစ်ဆေးဝါးများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၀**

နမ့်ဖက်ကာ ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၈ ရက် ညနေ ၅ နာရီခွဲက ကွတ်ခိုင်မြို့နယ် ခိုမုန်းကျေးရွာအုပ်စု ဟန်ကိုင်ရွာနေ မအေးငွေ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၂၀ နှင့် ဘိန်းဖြူ ၂၆ ဒသမ ၄ ဂရမ်တို့ကို လည်းကောင်း၊ အလားတူ ယမန်နေ့ နံနက်ပိုင်းတွင် နယ်မြေခံတပ်မှ ကွတ်ခိုင်မြို့နယ် မန်တာကျေးရွာအနီး တောင်စောင်းတွင် မိုးကာစဖြင့်အုပ်ထားသည့် မူးယစ်ဆေးဝါးချက်လုပ်ရာ၌ အသုံးပြုသည့် အီသိုင်းအီသာ ၁၂ လီတာစီပါ ကော်ပုံး ၂၇ ပုံး( စုစုပေါင်း အီသိုင်းအီသာ ၃၂၄ လီတာ)၊ အက်စီတုန်း ၁၂ လီတာစီပါ ကော်ပုံး ငါးပုံး(စုစုပေါင်း အက်စီတုန်း ၆၀ လီတာ)၊ ဆာလဖျူရစ်အက်စစ် ၁၂ လီတာပါ ကော်ပုံးတစ်ပုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။



ယောဘရှန်းအား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

နမ့်ခမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက နမ့်ခမ်းမြို့ မြို့အဝင်မုခ်ဦးတွင် ယောဘရှန်း မောင်းနှင်လာသော မော်တော်ယာဉ်ကိုရှာဖွေရာ ယာဉ်နောက်ခန်းအဖုံးအတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၃၄၀ ဖြင့်ထည့်လျက်(စုစုပေါင်း ဘိန်းဖြူအလေးချိန် ၃ ဒသမ ၇၄ ကီလို)ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဘားအံအကျဉ်းထောင်မှ ထွက်ပြေးသူများအနက် နှစ်ဦး ထပ်မံဖမ်းဆီးရမိ

**ဘားအံ စက်တင်ဘာ ၂၀**

ဘားအံအကျဉ်းထောင်မှထွက်ပြေးသွားသည့် အကျဉ်းသားနှစ်ဦးကို စက်တင်ဘာ ၂၀ ရက်က ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း အကျဉ်းသား ၂၄ ဦး ဖမ်းဆီးရမိပြီးဖြစ်ကြောင်း ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

စက်တင်ဘာ ၂၀ ရက် နံနက် ၆ နာရီခွဲခန့်က ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မြတ်မိုး ကွပ်ကဲ၍ ဖမ်းဆီးရန်ကျန်ရှိနေသေးသည့် အကျဉ်းသား ၂၀ အား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် မင်းဇီအထက်ကျေးရွာတွင် အောင်အောင်(ခ)ဖာစွပ်(၃၅နှစ်)၊ လက်နက်ပုဒ်မ ၁၉(င)ဖြင့် (ထောင်ဒဏ်နှစ်နှစ်)ပြစ်ဒဏ်ချမှတ်ခံထားရသူကို ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးခေါင်းဆောင် ရဲအုပ် သက်စိုးဦး ဦးစီးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် မောင်မောင်ဝင်းဦးစီးအဖွဲ့၊ ဝတ်ကြီးနယ်မြေရဲစခန်းမှူး ရဲအုပ် ဇော်ဝင်းဦးစီးအဖွဲ့၊ နယ်ခြားစောင့်တပ် ဗဟိုအကြံပေးနှင့် ကွပ်ကဲအဖွဲ့မှ ဗိုလ်မှူးဇော်လင်း ဦးစီးအဖွဲ့တို့ ပူးပေါင်းဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက စက်မှုဇုန်နယ်မြေစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုရဲအုပ်ဇော်လင်း ဦးစီးတပ်ဖွဲ့ဝင်များသည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့များနှင့်အတူ ဘားအံ-လှိုင်းဘွဲ့ လမ်းပေါ်ရှိ တောင်ကလေးစစ်ဆေးရေးဂိတ်၌ လှိုင်းဘွဲ့ဘက်မှ ဘားအံသို့ လိုင်းကားဖြင့် ရုပ်ဖျက်လိုက်ပါလာသူတစ်ဦးအား မသင်္ကာ၍ ထွက်ပြေးအကျဉ်းသားများ၏ မှတ်တမ်းပုံနှင့် တိုက်ဆိုင်စစ်ဆေးခဲ့ရာ ဘားအံအကျဉ်းထောင်မှ ထွက်ပြေး လွတ်မြောက်သွားသော ထောင်ကျအကျဉ်းသား မင်းဇော်(ခ)သံချောင်း (၃၈နှစ်) မူး/စိတ်ပုဒ်မ ၁၅/၁၉(က)ဖြင့် ထောင်ဒဏ် ၁၄ နှစ်ကျခံနေရသူဖြစ်ကြောင်း စစ်ဆေးတွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။

ကရင်ပြည်နယ် ဘားအံအကျဉ်းထောင်တွင် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ထွက်ပြေးသည့် အကျဉ်းသား ၄၂ဦးရှိရာ အကျဉ်းဦးစီးဌာနက ထောင်ဘူးဝတွင် ပုန်းအောင်းနေသူတစ်ဦးအပါအဝင် ပူးပေါင်းအဖွဲ့များဖြင့် ဖမ်းဆီးရမိသူ ၂၃ ဦး စုစုပေါင်း ၂၄ ဦးကို ဖမ်းဆီးရမိထားပြီး ကျန်ရှိသည့် ထွက်ပြေးအကျဉ်းသား ၁၈ ဦးကို ဆက်လက်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

## မကွေးမြို့၌ လင်းယုန်စီမံချက်ဖြင့် အမှုပေါင်း ၃၃၃ မှု ၊ လူဦးရေ ၃၆၂ ဦးကို အရေးယူထား

**မကွေး စက်တင်ဘာ ၂၀**

မကွေးမြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက် လျော့နည်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစီမံချက် (လင်းယုန်စစ်ဆင်ရေး)ကို စက်တင်ဘာ ၃ ရက်မှ အောက်တိုဘာ ၂ ရက်အထိ တစ်လတာ စစ်ဆင်ရေး အဖြစ် ဆောင်ရွက်လျက်ရှိရာ လတ်တလော၌ အမှုပေါင်း ၃၃၃ မှု၊ လူဦးရေ ၃၆၂ ဦးအား အရေးယူမှုများ လုပ်ဆောင်ထားကြောင်း မကွေးမြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

လက်နက်ပုန်းရှစ်မှု ၊ လောင်းကစားနှစ်မှု၊ မူးယစ်ဆေးဝါးတစ်မှု၊ပြည့်တန်ဆာတစ်မှု ၊ ရဲအက်(၅၆)မှု ၊ မော်တော်ယာဉ်ဥပဒေဖြင့် ၂၆၅ မှု စုစုပေါင်းအမှုပေါင်း ၃၃၃ မှုမှ အမျိုးသား ၃၀၆ ဦး ၊ အမျိုးသမီး ၅၆ ဦး စုစုပေါင်း ၃၆၂ ဦးရှိကြောင်း၊ တားဆီးအရေးယူမှုများ လုပ်ဆောင်နေစဉ်အတွင်း အိမ်တိုင်ရာရောက် ရဲလုပ်ငန်းကိုပါ တစ်ပါတည်းဆောင်ရွက်နေပြီး အိမ်နှင့် ဈေးများရှိပြည်သူများထံ မှုခင်းပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ လုပ်ဆောင်နေကြောင်း ရဲမှူးငွေတင်က ရှင်းပြသည်။

လင်းယုန်စီမံချက်ကို ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့၊ လူကုန်ကူး၊ မူးယစ်၊ အရန်မီးသတ်နှင့် အုပ်ချုပ်ရေးအဖွဲ့များက ဟန်ချက်ညီညီ လုပ်ဆောင်နေပြီး ရဲအက်နှင့် လက်နက်ယာယီဥပဒေတို့ကဲ့သို့ အသေးစားအမှုများအပေါ် ဖမ်းဆီးမှုများလာပါက လူသတ်မှု ၊ မုဒိမ်းမှု ၊ လုယက်ခိုးမှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ပြည်သူကို အကျိုးမပြုသည့် လူများကို ရွေးချယ်စစ်ထုတ်ပြီး အပြစ်ပေးထားခြင်းဖြင့် လူကောင်းများ ကောင်းကောင်းနေလို့ရမည် ဖြစ်ကြောင်း မကွေးနယ်မြေရဲစခန်း ဒုရဲအုပ် အာကာလွှမ်းမိုးထံမှ သိရသည်။

**ဇေယျာတု(မကွေး)**

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် တောင်ကိုရီးယားသမ္မတတို့ ပက်ထူတောင်သို့ သွားရောက်

**ပြုံယမ်း စက်တင်ဘာ ၂၀**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် တောင်ကိုးရီးယား သမ္မတမွန်ဂျယ်အင်းတို့သည် မြောက်ကိုရီးယားနိုင်ငံသားတို့ အလေးအမြတ်ထားရာ ပက်ထူတောင်သို့ အတူတကွ သွားရောက်ခဲ့ကြသည်။ ကြာသပတေးနေ့က သွားရောက်ခဲ့ခြင်းဖြစ်ပြီး တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်း၏သုံးရက်တာ ပြုံယမ်းခရီးစဉ် နောက်ဆုံးနေ့အဖြစ် သွားရောက်ခဲ့ကြခြင်းဖြစ်သည်။ နံနက် ၆နာရီခွဲတွင် သမ္မတမွန်သည် ဟိုတယ်မှ ထွက်ခွာခဲ့ပြီး လမ်းမထက်တွင် မြောက်ကိုရီးယားနိုင်ငံသားများက ပန်းများဖြင့် ဝေ့ယမ်းနှုတ်ဆက်ခဲ့ကြသည်။



လေဆိပ်တွင် သမ္မတမွန်သည် မြောက်ကိုရီးယား အဆင့်မြင့်အရာရှိကြီးများနှင့် စကားလက်ဆုံကျခဲ့ကျပြီးနောက် ၎င်း၏လေယာဉ်ဖြင့် မြောက်ကိုရီးယားနိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြား နယ်စပ်ရှိ ပက်ထူတောင်သို့ သွားခဲ့ကြသည်။ သမ္မတမွန်နှင့် ခေါင်းဆောင်ကင်တို့သည် တောင်ပေါ်ခရီးစဉ်ကို အတူတကွသွားခဲ့ကြပြီး ကာတာရေကန်နှင့် အခြားသောနေရာများသို့ သွားရောက်ခဲ့ကြသည်။ အဆိုပါတောင်သည် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်း၏ဖခင် ကင်ဂျုံအီ မွေးဖွားရာနေရာဟု မြောက်ကိုရီးယားနိုင်ငံသားများကပြောကြပြီး အဆိုပါ ခရီးစဉ်ကို ခေါင်းဆောင်ကင်က အဆိုပြုခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ယုံကြည်မှုကိုပြသရန် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးသည် အတူတကွ လမ်းလျှောက်ခဲ့ကြသည်။ ခေါင်းဆောင်နှစ်ဦးစလုံးသည် နျူကလီးယား လက်နက်ကင်းစင်ရေးကို အတူတကွ ကိုင်တွယ်ဖြေရှင်းလိုသည်။ ကြာသပတေးနေ့က ဆိုးလ်မြို့တွင် ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေး အထူးကိုယ်စား လှယ်လီဒိုဟွန်းက သတင်းထောက်များအား ထိပ်သီးဆွေးနွေးပွဲရလဒ်များကို ရှင်းလင်းခဲ့သည်။

ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးမှ နျူကလီးယားလက်နက် ကင်းစင်ရေးအတွက် တိုးတက်မှုများရှိကြောင်း လီကပြောသည်။ အဆိုပါ ထိပ်သီးအစည်းအဝေးအတွက် အမေရိကန်သမ္မတထရန့်က ဝမ်းမြောက်ကြောင်းလည်း ပြောခဲ့သည်။ မြောက်ကိုရီးယားနှင့် အမေရိကန်တို့၏ ဆွေးနွေးပွဲကို မကြာမီအချိန်တွင်ပြန်လည် စတင်နိုင်တော့မည်ဟုလည်း လီကပြောသည်။ **အင်န်အိတ်ခ်ျကေ**

# ဂျီ -၇ နိုင်ငံများမှ ဝန်ကြီးများ ကနေဒါတွင်စုဝေး၍ ရာသီဥတုပြောင်းလဲမှုအတွက် ဆွေးနွေး

**အော့တဝါ စက်တင်ဘာ ၂၀**

ဂျီ-၇ နိုင်ငံများမှ သဘာဝပတ်ဝန်းကျင်နှင့် စွမ်းအင်ဝန်ကြီးများသည် သုံးရက်ကြာ ဆွေးနွေးပွဲပြုလုပ်ရန် ဗုဒ္ဓဟူးနေ့က စုဝေးခဲ့ကြသည်။ ရာသီဥတုပြောင်းလဲရေး၊ ပင်လယ်သမုဒ္ဒရာ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စွမ်းအင်ကဏ္ဍဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။



ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများဖြစ်သော ကနေဒါ၊ ပြင်သစ်၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ဂျာမနီ၊ အီတလီနိုင်ငံတို့မှ ဝန်ကြီးများသည် ရေရှည်တည်တံ့ခိုင်မြဲသည့် ဘဏ္ဍာရေး၊ ပလတ်စတစ်အမှိုက် ညစ်ညမ်းမှုနှင့် စွမ်းအင်ကဏ္ဍလုံခြုံရေးတို့အတွက် ဆွေးနွေးသွားကြမည်ဖြစ်သည်။ ဇွန်လအတွင်းကလည်း ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်၍ ဆွေးနွေးပွဲပြုလုပ်ခဲ့ရာ ဂျီ ၇ နိုင်ငံများထဲမှ ငါးနိုင်ငံနှင့် ဥရောပသမဂ္ဂတို့သည် ပင်လယ်သမုဒ္ဒရာအတွင်း စွန့်ပစ်ပလတ်စတစ်အမှိုက်များ များလာမှုကို ကိုင်တွယ်ဖြေရှင်းရန်၊ ကမ်းရိုးတန်းများပြန်လည်ပြုပြင်ရေး အစရှိသည်တို့ကိုသဘောတူခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့ကမူ လက်မှတ်ရေးထိုးခဲ့ကြခြင်းမရှိပေ။ နော်ဝေ၊ ဒိန်းမတ်၊ တောင်အာဖရိက၊ ကင်ညာ၊ အာဂျင်တီးနားနှင့် အခြားသောနိုင်ငံများမှ ကိုယ်စားလှယ်များကိုလည်း ရာသီဥတုဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ခေါ်ထားသည်။ **ဆင်ဟွာ**

# ကာလဝမ်းရောဂါကိုတိုက်ဖျက်ရန် အမေရိကန်ဒေါ်လာ ၆၄ သန်း အသုံးပြုမည်ဟု ဇင်ဘာဘွေသမ္မတ ကတိပေး

**ဟာရာရီ စက်တင်ဘာ ၂၀**

ဇင်ဘာဘွေသမ္မတ အီမာဆွန် မနန်ဂါဂွါသည် ကာလဝမ်းရောဂါဖြစ်ပွားနေသောနေရာများတွင် ချက်ချင်းလိုအပ်နေသည့် အရေးပေါ်ရောဂါ တိုက်ဖျက်ရေးအတွက် အမေရိကန်ဒေါ်လာ ၆၄ သန်း အကုန်ကျခံ သုံးစွဲသွားမည်ဟုပြောသည်။

ကာလဝမ်းရောဂါကြောင့် မြို့တော်ဟာရာရီတွင် အနည်းဆုံး လူ ၃၀ခန့် သေဆုံးခဲ့ကြောင်း အစိုးရအဖွဲ့ဝန်ကြီးများကပြောသည်။ အဆိုပါ ရန်ပုံငွေဖြင့် မြို့တွင်းနှင့် တိုင်းပြည်၏ နေရာအတော်များများတွင် ဖြစ်ပွားနေသော အူရောင်ငန်းဖျားကိုလည်း ကာကွယ်တိုက်ဖျက်မှုများ ပြုလုပ်သွားမည်ဟု အရေးပေါ်ပြင်ဆင်ရေးနှင့် ဘေးအန္တရာယ်တားဆီးမှု စီမံခန့်ခွဲမှုမှ ဥက္ကဋ္ဌ ဂျူလိုင်မိုရိုက ပြောသည်။




စေတနာရှင်ပြည်သူများအနေဖြင့်လည်း လိုအပ်သည့် ရန်ပုံငွေများကို လှူဒါန်းနိုင်ကြောင်း လောင်စာ၊ အနွေးထည်၊ သန့်ရှင်းသော သောက်သုံးရေနှင့် အစားအစာများကိုလည်း လှူဒါန်းကြရန် အလှူရှင်များကို ဖိတ်ခေါ်ထားသည်။

ငွေသား လှူဒါန်းသူများသည် ဘဏ္ဍာရေးနှင့် စီးပွားရေးဌာနသို့ လှူဒါန်းနိုင်ပြီး အဆိုပါဌာနမှ ဝန်ကြီးဖြစ်သူ မက်သူ့လီအန်ကျူ့ထံ ငွေကြေးများ လှူဒါန်းခြင်းဖြင့် ရောဂါဖြစ်ပွားမှုကို တိုက်ဖျက်နိုင်ကြောင်း ပြောခဲ့သည်။

ရောဂါဖြစ်ပွားမှုကြောင့် လူပေါင်းတစ်သိန်းခန့် အဆိုးရွားဆုံး ထိခိုက်ခံစားရနိုင်ကြောင်းလည်း ခန့်မှန်းထားသည်။ ၂၀၀၈ ခုနှစ် ဩဂုတ်လအတွင်းကလည်း တိုင်းပြည်အတွင်း အဆိုးရွားဆုံးသော ကာလဝမ်းရောဂါ ဖြစ်ပွားခဲ့ရာ ရောဂါကူးစက်ခံရသူ ၉၈၅၉၆ ဦး ရှိခဲ့ပြီး ၄၃၆၉ ဦး ရောဂါကြောင့်သေဆုံးခဲ့ရသည်။

**ဆင်ဟွာ**

# မြောက်ကိုရီးယားနိုင်ငံနှင့် ဆွေးနွေးပွဲပြန်လည်စတင်ရန် အမေရိကန်အဆိုပြု

**ဝါရှင်တန် စက်တင်ဘာ ၂၀**

အမေရိကန်ပြည်ထောင်စုသည် တောင်နှင့်မြောက် ကိုရီးယားဆွေးနွေးပွဲ ရလဒ်များကိုကြိုဆိုခဲ့ပြီး ပြုံယမ်းနှင့် ဆွေးနွေးပွဲပြန်လည်စတင်ရန် အဆိုပြုခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံဆွေးနွေးပွဲ ပူးတွဲကြေညာချက်ကို ကြိုဆိုကြောင်း ဗုဒ္ဓဟူးနေ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

မြောက်ကိုရီးယားသည် ဒုံးကျည်စမ်းသပ်ရာလုပ်ငန်းခွင်ကို ပိတ်သိမ်းတော့မည်ဟု ကြေညာခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးက ကိုးကားပြောဆိုခဲ့သည်။ ညောင်ဗြွန်းနျူကလီးယားစက်ရုံကိုလည်း အမေရိကန်ပြည်ထောင်စုနှင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီမှ စုံစမ်းစစ်ဆေးသူများ၏ရှေ့တွင် ပိတ်သိမ်းတော့မည်ဟု ကြေညာခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည် အမေရိကန်နှင့် မြောက်ကိုရီးယားတို့ကြား ပြုပြင်ပြောင်းလဲရေးဆွေးနွေးပွဲကို ပြုလုပ်ရန် ပြင်ဆင်မှုများပြုလုပ်နေသည်ဟု မိုက်ပွန်ပီအိုကပြောသည်။

မြောက်ကိုရီးယားနိုင်ငံခြားရေး ဝန်ကြီး ရီရောင်းဟိုကိုလည်း လာမည့်အပတ် နယူးယောက်မြို့တွင် တွေ့ဆုံရန် ဖိတ်ခေါ်ခဲ့ပြီး ကုလသမဂ္ဂအထွေထွေ ညီလာခံတွင်လည်း မြောက်ကိုရီးယားနှင့် နျူကလီးယား လက်နက်စွန့်လွှတ်ရေးအတွက် ဆွေးနွေးသွားဖွယ်ရှိသည်ဟု မိုက်ပွန်ပီအိုကပြောသည်။

အမေရိကန်ပြည်ထောင်စုသည် မြောက်ကိုရီးယားမှ ကိုယ်စားလှယ်များကို မြောက်ကိုရီးယားဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ်များနှင့် တွေ့ဆုံရန် ဖိတ်ခေါ်ထားခြင်းဖြစ်သည်။ မိုက်ပွန်ပီအိုသည် မြောက်ကိုရီးယား၌ ၂၀၂၁ ဇန်နဝါရီလတွင် နျူကလီးယားလက်နက်ကင်းစင်ရေးအတွက် ရည်မှန်းထားသည်။

**အင်န်အိတ်ခ်ျကေ**

# LDP ပါတီဥက္ကဋ္ဌအဖြစ် ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ပြန်လည်အရွေးခံရ

**တိုကျို စက်တင်ဘာ ၂၀**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ ဥက္ကဋ္ဌအဖြစ်ပြန်လည် အရွေးခံရသည်။ ထို့ကြောင့် ရှင်ဇိုအာဘေးသည် ဂျပန်နိုင်ငံတွင် သက်တမ်းအရှည်ဆုံး ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်သူ ဖြစ်လာစေရေးလမ်းကြောင်းပေါ် ရောက်ရှိသွားသည်။

မဲအရေအတွက် ၈၁၀တွင် အာဘေးက ၅၅၃ မဲ ရရှိခဲ့ပြီး အဓိကပြိုင်ဘက်ဖြစ်သူ ရှိဂီရူအီရှိဘာ ၂၅၄ မဲရရှိခဲ့သည်။ ရလဒ်များထွက်ပေါ်လာမှုအပြီး မစ္စတာအာဘေးက ပါတီမှအမတ်များကို တိုင်းပြည်၏ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။ တိုင်းပြည်တွင် မျှော်လင့်ချက်နှင့် ဂုဏ်သိက္ခာများ ပြည့်ဝစေရေး အနာဂတ်မျိုးဆက်သစ် လူငယ်များအတွက် ဖော်ဆောင်ပေးသွားမည်ဟု ပြောကြားခဲ့သည်။

မစ္စတာအာဘေးသည် ပါတီအတွင်း လွှတ်တော်အမတ် ၈၀ ရာခိုင်နှုန်း၏ ထောက်ခံမှုကို ရရှိခဲ့ခြင်းဖြစ်သည်။ **အင်န်အိတ်ခ်ျကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ၂၀၁၇ခုနှစ်တွင် အကြမ်းဖက်မှုများ ၂၃ ရာခိုင်နှုန်းခန့် လျော့ကျ

**နယူးယောက် စက်တင်ဘာ ၂၀**

လွန်ခဲ့သောနှစ်အတွင်း ကမ္ဘာနေရာအနှံ့အပြားတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ၂၀ ရာခိုင်နှုန်းကျော် ကျဆင်းသွားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

အဆိုပါဝန်ကြီးဌာနသည် ဗုဒ္ဓဟူးနေ့က ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ အစီရင်ခံစာ တင်ပြခဲ့သည်။ ၂၀၁၇ခုနှစ်တွင် ကမ္ဘာတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုပေါင်း ၈၅၈၄ခု ဖြစ်ပွားခဲ့ကြောင်း လွန်ခဲ့သောနှစ်ကနှင့် ယှဉ်လျှင် ၂၃ ရာခိုင်နှုန်းခန့် လျော့ကျသွားကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အကြမ်းဖက်တိုက်ခိုက်မှုများ အတွင်း သေဆုံးရသော လူဦးရေမှာလည်း ၁၈၇၅၃ ဦးခန့်ရှိရာ ၂၇ ရာခိုင်နှုန်းခန့် ကျဆင်းသွားသည်။ ယခုကဲ့သို့ သိသိသာသာ ကျဆင်းသွားခြင်းမှာ အီရတ်၌ အကြမ်းဖက်တိုက်ခိုက်မှုများ ကျဆင်းသွားခြင်းကြောင့် ဖြစ်သည်။

အိုင်အက်စ်အကြမ်းဖက်သမားများနှင့် စစ်သွေးကြွများကို တစ်ကမ္ဘာလုံးက ပူးပေါင်း နှိမ်နင်းနိုင်ခဲ့ခြင်းကြောင့်လည်း ဖြစ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

---

### ယခင် အမေရိကန်ကျောထောက်နောက်ခံပြုထားသော သူပုန်များ ဆီးရီးယားမြောက်ပိုင်းသို့ ဆုတ်ခွာ

**ဒမတ်စကတ် စက်တင်ဘာ ၂၀**

ယခင် အမေရိကန်က ကျောထောက်နောက်ခံပြုထားသော လီဝါရှုဟာဒါ အယ်လ် ကာရာတရန် သူပုန်များသည် ဆီးရီးယားနိုင်ငံတောင်ပိုင်းတွင်နေရာယူထားရာမှ ယခုအခါ ဆီးရီးယားနိုင်ငံ မြောက်ပိုင်းသို့ ဆုတ်ခွာသွားမည်ဟု အစိုးရလိုလားသော သတင်းစာတွင် ဖော်ပြထားသည်။

သူပုန်များနှင့် ၎င်းတို့၏မိသားစုဝင် ငါးထောင်ခန့်သည် မကြာမီနေ့ရက်များအတွက် အမေရိကန် ဦးဆောင်သော အခြေစိုက်စခန်းအနီးမှ ဆီးရီးယား ဒီမိုကရက်တစ် တပ်ဖွဲ့များထိန်းချုပ်ရာနေရာသို့ ပြောင်းရွှေ့တော့မည်ဟု အတိုက်အခံ တက်ကြွလှုပ်ရှားသူအုပ်စုက ပြောသည်။

ရုရှားနှင့် ဆီးရီးယား အစိုးရတို့နှင့် သူပုန်အဖွဲ့တို့ ဆွေးနွေးမှုပြုလုပ်ပြီးနောက် ယင်းသို့ ပြောင်းရွှေ့မှုများ ပေါ်ပေါက်လာခြင်းဖြစ်သည်။ အဆိုပါ အုပ်စုသည် ယခင်က အမေရိကန်၏ထောက်ပံ့မှုကို ရရှိခဲ့သော်လည်း နောက်ပိုင်းတွင် ဆီးရီးယားအစိုးရတပ်များကို တိုက်ခိုက်မှုများ ရပ်ဆိုင်းပြီး အိုင်အက်စ်တပ်ဖွဲ့များကိုသာ တိုက်ထုတ်ရန် အမေရိကန်က စေခိုင်းသည့်အခါ ငြင်းဆိုခဲ့သည့်အတွက် ထောက်ပံ့ကြေးများ ရပ်ဆိုင်းခံရသည်။

**ဆင်ဟွာ**

---

# လေဆန်ကို အတောင်ပံဖြန့်ကာ လောကဓံကိုအန်တုရင်း အေးငြိမ်းရာ ကွန်းခိုနန်းဆီသို့

**ထွန်းသစ်စ**



အခြားသူတွေရဲ့ ပိုင်ဆိုင်မှုပစ္စည်းတွေ ဝိုင်းဝိုင်းလည်နေတဲ့ အိပ်ရာထက်မှာ ရှိနေတဲ့သူကတော့ ဂျော်ဂျီနာဒက်ပဲ ဖြစ်ပါတော့တယ်။ သူဟာ တူနီးရှားနိုင်ငံရဲ့ တစ်ခုတည်းသော ရွှေ့ပြောင်းသူများခိုလှုံရာစခန်းမှာရှိနေတာဖြစ်ပြီး သူ့ရဲ့ကလေးကို ဥရောပကို ပို့ပေးချင်တဲ့ မိခင်တစ်ဦး ဖြစ်ပါတယ်။

**မိခင်မေတ္တာပြသ**

လစ်ဗျားမှာရှိတဲ့ အကျဉ်းထောင်ထဲမှာ ရှစ်လကြာနေထိုင်ခဲ့တယ်လို့ သူကဆိုပါတယ်။ အခုတော့ သူဟာ သူ့သားရဲ့ဘဝနောင်ရေး အာမခံချက်ရှိရေး၊ ကောင်းမွန်တဲ့ ပညာရေးအတွက်ရတက်အေးအောင် သူ့ရဲ့သားကို ဥရောပကို ပို့ဆောင်ပေးချင်နေတာပါ။ ဒါဟာမိခင်တစ်ယောက်ရဲ့ ကြီးမားတဲ့ မေတ္တာကို လှစ်ဟပြလိုက်တာပဲဖြစ်ပြီး သားသမီးအတွက် အရိုးပင်ကြေကြေအရေပင်ခန်းခန်း အသက်ပင်သေစမ်းပါစေ၊ မိမိရဲ့ဘဝ ဘာပဲဖြစ်ဖြစ် သားသမီးတွေအတွက် အကောင်းဆုံးတွေကို ဖန်တီးပေးချင်တဲ့ မိခင်တိုင်းရဲ့ ရင်ထဲကမေတ္တာကို မြင်သာအောင် ဖော်ကျူးလိုက်တာပဲ ဖြစ်ပါတယ်။

သူ့ရဲ့အသက်ကတော့ အခုဆိုရင် ၂၁ နှစ်သာရှိသေးပြီး ကင်မရွန်းနိုင်ငံကလို့ ဆိုပါတယ်။ ပိတ်လှောင်မွန်းကျပ်နေတဲ့ အခန်းကျဉ်းလေးထဲမှာ ထိုင်နေရင်း သူ့ရဲ့သားလေး "မိုဆက်" ကို ပေါင်ဒါ ရိုက်ပေးနေတာပါ။ ရွှေ့ပြောင်းသူများ ခိုလှုံရေးစခန်းမှာရှိတဲ့ သူ့ရဲ့ သားလေးဟာဆိုရင်လည်း လွတ်လပ်ပေ့ါပါးပြီး ကောင်းကောင်းမွန်မွန်ရှင်သန်နေထိုင်ရတဲ့ အခြားကလေးတွေလိုမဟုတ်ဘဲ အရေပြားအပူလောင်တာတွေဖြစ်နေပြီး အဲဒါတွေကို သက်သာဖို့အတွက် သူက ပေါင်ဒါရိုက်ပေးနေခြင်းပဲ ဖြစ်ပါတယ်။

**ဒုက္ခသည်တွေရဲ့ကွန်းခိုရာ**

"တူနီးရှားကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဒီကအခြေအနေတွေက လုံးဝမကောင်းဘူး။ ပြီးတော့ ကျွန်မရဲ့ဦးတည်ချက်ကလည်း ဥရောပနဲ့ ပြင်သစ်တို့ ဖြစ်ပါတယ်" လို့ ဂျော်ဂျီနာဒက်က ပြောပါတယ်။ သူဟာ မြောက်အာဖရိကကိုရောက်ရှိဖို့ နိုင်ဂျီးရီးယားနဲ့ နိုင်ဂျာတို့ကိုသတ္တိရှိရှိ၊ ဇွဲကောင်းကောင်းနဲ့ ဖြတ်ကျော်ခဲ့တဲ့ သူပဲဖြစ်ပါတယ်။

သူဟာ ကလေးငယ် ၁၅ ဦးအပါအဝင် ရွှေ့ပြောင်းခိုလှုံသူ ၂၄၇ ဦးထဲက တစ်ဦးဖြစ်ပြီး တူနီးရှားတောင်ပိုင်း မယ်ဒီနီးမြို့ရှိ လခြမ်းနီကယ်ဆယ်ရေးစခန်းမှာ နေထိုင်နေတဲ့သူ တစ်ဦးလည်း ဖြစ်ပါတယ်။ ဒါဟာတစ်ခုတည်းသော တူနီးရှားရှိ တရားမဝင် ရွှေ့ပြောင်းခိုလှုံသူများနေထိုင်ရာ နားခိုရာနေရာလေး တစ်ခုပဲ ဖြစ်ပါတယ်။ သူတို့တွေဟာ လစ်ဗျား သို့မဟုတ် တူနီးရှားနိုင်ငံရဲ့ ကမ်းလွန်ရေပိုင်နက်ထဲက ကယ်ဆယ်ခဲ့တဲ့ သူတွေပဲဖြစ်ပါတယ်။

သုံးထပ် အဆောက်အအုံမှာ လူတွေ ငါးပိသိပ်ငါးချဉ်သိပ်ပြည့်ညပ်သပ်နေပြီးတော့ သူတို့ထဲက ထက်ဝက်လောက်ဟာ အိပ်ရာတွေ မလောက်မင အခြေအနေတွေနဲ့ နေထိုင်နေရပါတယ်။ မီးဖိုချောင်သုံးခုနဲ့ ရေချိုးသန့်စင်ခန်း သုံးခုကိုတော့ ရှိသမျှလူတွေ အကုန်ဝိုင်းသုံးနေရပါတယ်။

ကင်မရွန်းနိုင်ငံသား ဖရန်စစ်လီလီက လူတစ်ဦးဟာ တစ်ပတ်လုံးမှ ထမင်းတစ်ကီလို၊ ငါးသေတ္တာသုံးဘူးနဲ့ နို့တစ်ဘူးသာရရှိကြောင်း ပြောပါတယ်။ တူနီးရှားနိုင်ငံဟာ ရွှေ့ပြောင်းဒုက္ခသည်တွေအပေါ် ကောင်းကောင်းဂရုမစိုက်ဘူးလို့ လစ်ဗျားသို့ ရောင်းစားခံရပြီး ဆောက်လုပ်ရေးလုပ်ငန်းခွင်မှာ အလုပ်အတင်းအကျပ်စေခိုင်းခံရသူ အသက် ၃၂နှစ် အရွယ်ရှိသူတစ်ဦးက ဥရောပသို့ မထွက်ခွာခင် ပြောခဲ့ပါတယ်။

**ကွန်းခိုရာမဟုတ်တဲ့ တူနီးရှား**

လခြမ်းနီကယ်ဆယ်ရေးစခန်းကို ၂၀၁၃ ခုနှစ်မှာ ဖွင့်လှစ်ခဲ့ပါတယ်။ အခုနှစ်ဦးပိုင်းမှာ သူ့ရဲ့ ရန်ပုံငွေအချို့ပျောက်ပျက်သွားခဲ့ပြီး နောက်ပိုင်းမှာ နှစ်စဉ် ကုန်ကျစရိတ် ဒိုင်နာ ၃၂၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၁၄၀၀၀) သို့မဟုတ် (ယူရို ၁၀၀၀၀၀)လိုအပ်လျက်ရှိပါတယ်။ ကျွေးမွေးမှုမှာ ဖြတ်တောက်မှုတွေရှိသော်လည်း လခြမ်းနီကယ်ဆယ်ရေးစခန်းအကြီးအကဲက ဒုက္ခသည်တွေကို ကျွေးမွေးဖို့ ခွင့်ပြုထားတဲ့ အစားအစာတွေဟာ လုံလောက်မှုရှိကြောင်း ပြောခဲ့ပါတယ်။ ဒါဇိမ်ကျကျစားနေတာမျိုးမဟုတ်ကြောင်း၊ သို့သော်လည်း မိမိတို့အနေနဲ့ ပုံမှန်ကယ်လိုရီ ရရှိစေဖို့အတွက် အစားအစာများကို ဝေခြမ်းပေးနေကြောင်း သူက ပြောခဲ့ပါတယ်။

တူနီးရှားနိုင်ငံဟာ သူ့ရဲ့ ဒုက္ခသည်အရေးအတွက်ကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေတဲ့အချိန်မှာ ဥရောပသမဂ္ဂက တူနီးရှားနိုင်ငံအနေနဲ့ ကုန်းပေါ်သို့ ရောက်လာတဲ့ဒုက္ခသည်တွေကို လက်ခံသင့်တယ်လို့ အကြံပြုခဲ့ပေမယ့်လည်း ဒီအကြံကို တူနီးရှားက လက်မခံခဲ့ပါဘူး။

ဇူလိုင်လကုန်မှာ ကုန်တင်သင်္ဘောတွေက ကယ်ဆယ်ခဲ့တဲ့ ဒုက္ခသည် ၄၀ ခန့်ကိုလက်ခံခဲ့ကြောင်း တူနီးရှားကပြောပါတယ်။ ဒါကလည်း ဒုက္ခသည်တွေ ခြေချနိုင်တဲ့အစဉ်အလာကို သတိထားဆောင်ရွက်ခဲ့တာဖြစ်ပြီး လူသားချင်းစာနာမှုအကြောင်းပြချက် သီးသန့်အတွက်သာဖြစ်ကြောင်း ပြောခဲ့ပါတယ်။

တူနီးရှားနိုင်ငံဟာ ဒုက္ခသည်တွေကို လက်ခံနိုင်တဲ့ နိုင်ငံတစ်နိုင်ငံမဟုတ်ကြောင်း၊ တူနီးရှားနိုင်ငံမှာ ဒုက္ခသည်များအရေးနဲ့ပတ်သက်ပြီး အာမခံချက်မရှိကြောင်း စီးပွားရေးနဲ့ လူ့အခွင့်အရေးဆိုင်ရာ တူနီးရှားဖိုရမ်မှ ရွမ်ဒန်ဘမ်အာမာက ပြောပါတယ်။

ဆာဟာရ အာဖရိက ဒေသခွဲက တူနီးရှားကို လာရောက်တဲ့ ဆာဟာရအာဖရိကန်ရွှေ့ပြောင်းအခြေချသူတွေ တောင်မှပဲ တူနီးရှားက နေထိုင်ခွင့် ခွင့်ပြုချက်ပါရှိဖို့ အတော်လေး ရှုပ်ရှုပ်ထွေးထွေး လုပ်ဆောင်ရကြောင်းနဲ့ တူနီးရှားကတစ်ဆင့် ဥရောပကို သွားရောက်ဖို့ ရည်ရွယ်ချက်တွေနဲ့ တူနီးရှားကို တရားမဝင်လာရောက်တဲ့ ဒုက္ခသည်တွေရှိကြောင်း၊ တူနီးရှားနိုင်ငံဟာ အဲဒီလိုရောက်လာတဲ့ ဒုက္ခသည်တွေကို ကူညီလုပ်ဆောင်ပေးတဲ့နေရာမှာ အတော်လေးစီမံခန့်ခွဲမှု အားနည်းတယ်လို့ ကုလသမဂ္ဂရွှေ့ပြောင်းဒုက္ခသည် အေဂျင်စီက ပြောပါတယ်။

တူနီးရှားနိုင်ငံဟာ ဥပဒေဆိုင်ရာမူဘောင်လည်းမရှိသလို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဆောက်အအုံလည်း မရှိပါဘူး။ ထို့အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလည်း မရှိပါဘူးလို့ ကုလသမဂ္ဂရဲ့ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းဒုက္ခသည်အဖွဲ့က ပြောပါတယ်။

**ခရီးဆက်လက်ချီတက်ရဦးမယ်**

လခြမ်းနီ ကယ်ဆယ်ရေးစခန်းမှာ ရောက်ရှိခိုလှုံနေတဲ့သူတွေဟာ အိမ်ပြန်မလားသို့မဟုတ် တူနီးရှားမှာပဲနေမလားဆိုတာနဲ့ပတ်သက်ပြီး စဉ်းစားချိန်ရက်ပေါင်း ၆၀ ရမှာ ဖြစ်ပါတယ်။ အဓိကကတော့ သူတို့တွေဟာ ဥရောပကို ခရီးဆက်လက်ထွက်ခွာချင်တာပဲဖြစ်ပါတယ်လို့ လခြမ်းနီကယ်ဆယ်ရေးစခန်းအကြီးအကဲက ပြောပါတယ်။

နေရာပေါင်းစုံက မှောင်ခိုလှေတွေနဲ့ မြေထဲပင်လယ်တစ်လျှောက် အန္တရာယ်တွေဖြတ်ကျော်ပြီး စွန့်စားမှုတွေနဲ့ ရောက်ရှိလာတဲ့ ရွှေ့ပြောင်းဒုက္ခသည်တွေတင်မကဘဲ တူနီးရှားနိုင်ငံသားတွေပါ နိုင်ငံကို လက်ပြနှုတ်ဆက်ထွက်ခွာနေကြတာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တူနီးရှားနိုင်ငံမှာ အလုပ်လက်မဲ့နှုန်းဟာ ၁၅ ရာခိုင်နှုန်းလောက်ရှိပြီး ကျန်းမာရေး ဝန်ဆောင်မှုကဲ့သို့သော ပြည်သူ့ဝန်ဆောင်မှုတွေဟာ ရုန်းကန်ကြိုးစားနေရဆဲအဆင့်မှာသာ ရှိသေးပါတယ်။

ဒီနှစ်မှာတော့ တူနီးရှားနိုင်ငံသားတွေဟာလည်း ဆီးရီးယား၊ အီရတ်၊ ဂီနီနိုင်ငံတွေပြီးနောက် လေးနိုင်ငံမြောက်အနေနဲ့ ဥရောပကို ထွက်ခွာသွားနေတယ်ဆိုတာ ကုလသမဂ္ဂဒုက္ခသည် အေဂျင်စီနဲ့ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့ရဲ့ ထုတ်ပြန်တဲ့စာရင်းတွေအရ သိရပါတယ်။

သူတို့တွေတောင် သူတို့နိုင်ငံကို စွန့်ခွာပြီး ဥရောပကို ထွက်ခွာနေတဲ့အတွက် ကျွန်တော်တို့လည်းပိုကောင်းတဲ့နေရာကို ရေကြည်ရာ မြက်နုရာဆိုသလို စွန့်စားသွားလာနေထိုင်တာဖြစ်ပါတယ်လို့ တူနီးရှားတောင်ပိုင်း မယ်ဒီနီးမြို့ရှိ လခြမ်းနီကယ်ဆယ်ရေးစခန်းမှာ နေထိုင်နေတဲ့သူတစ်ဦးဖြစ်တဲ့ အသက် ၂၆ နှစ်အရွယ် အီဂျစ်တစ်ဦးက ပြောပါတယ်။

တူနီးရှားနိုင်ငံဟာ ရွှေ့ပြောင်းဒုက္ခသည်တွေကိုလက်ခံထားနိုင်တဲ့နေရာမဟုတ်သလို ဒုက္ခသည်တွေဟာလည်း တူနီးရှားကိုခေတ္တနားခိုရာအဖြစ်သတ်မှတ်ကာ ထိုမှတစ်ဆင့် ဥရောပနိုင်ငံများသို့ ဆက်လက်ထွက်ခွာသွားနိုင်ဖို့အရေး လေဆန်ကို အတောင်ပံဖြန့်ကာ လောကဓံကို အန်တုရင်း ရည်မှန်းရာကွန်းခိုရာဆီသို့ မဆုတ်မနစ်ဖြင့်သာ။ ။

**ကိုးကား - အေအက်ဖ်ပီ**

> **"တူနီးရှားနိုင်ငံဟာ သူ့ရဲ့ဒုက္ခသည် အရေးအတွက်ကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေတဲ့အချိန်မှာ ဥရောပသမဂ္ဂက တူနီးရှားနိုင်ငံအနေနဲ့ ကုန်းပေါ်သို့ရောက်လာတဲ့ ဒုက္ခသည်တွေကို လက်ခံသင့်တယ်လို့ အကြံပြုခဲ့ပေမယ့်လည်း ဒီအကြံကို တူနီးရှားက လက်မခံခဲ့ပါဘူး"**

# ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ ပြဋ္ဌာန်း

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ
## (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၈။)
## ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၀ ရက်
## (၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

**နိဒါန်း**

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ်တိုးတက်မှုရရှိစေရန် ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက် ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန/ ကဏ္ဍအလိုက် ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အနှစ် ၂၀ နှစ်ရှည် စီမံကိန်း၊ ကာလတိုငါးနှစ်စီမံကိန်းများနှင့် အဆိုပါစီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါဝင်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက် ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်း စသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက် ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **ဘဏ္ဍာနှစ်** ဆိုသည်မှာ အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ**ဆိုသည်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်သစ်အရ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၈ခုနှစ်၊ မတ်လအထိ အကောင်အထည်ဖော်နိုင်မှုနှင့် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်း ဖြစ်သည်။

(င) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်း နှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ**ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

**အခန်း(၂)**

**စီမံကိန်းရည်မှန်းချက်များ**

၄။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း၏အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)ကို ပုံမှန်ဈေးနှုန်းအရ ၇.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ-

(၁) လယ်ယာကဏ္ဍတွင် ၂.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၄.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၁.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၂.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၇.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၁.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင်၂.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၈.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၈.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၁၅.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၉.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၇.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) ကချင်ပြည်နယ်တွင် ၉.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) ကယားပြည်နယ်တွင် ၈.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ကရင်ပြည်နယ်တွင် ၇.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) ချင်းပြည်နယ်တွင် ၇.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၇.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၄.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ပဲခူးတိုင်းဒေသကြီးတွင် ၇.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) မကွေးတိုင်းဒေသကြီးတွင် ၆.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) မန္တလေးတိုင်းဒေသကြီးတွင် ၈.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) မွန်ပြည်နယ်တွင် ၆.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ရခိုင်ပြည်နယ်တွင် ၂.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၉.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ရှမ်းပြည်နယ်တွင် ၇.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၆.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၉.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက် ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၃.၀ ရာခိုင်နှုန်းမှ ၂၁.၉ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၆.၄ ရာခိုင်နှုန်းမှ ၃၇.၃ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၀.၆ ရာခိုင်နှုန်းမှ ၄၀.၈ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးဖြစ်ပေါ်ရန်၊

(င) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၇၁၇၅၇.၉ ဘီလီယံ ဖြစ်ပေါ်ရန်၊

(စ) နှစ်အလိုက် ဈေးနှုန်းအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၄.၉၉ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀.၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၅.၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊

(ဆ) နှစ်အလိုက်ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို ကျပ် ၂၀၈၀၈.၀ ဘီလီယံတင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၂၁၄၈၈.၀ ဘီလီယံတင်သွင်းရန်၊

(ဇ) လူတစ်ဦးစီ၏ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(Per Capita GDP)ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၇၇၃၆၁၅ မှ ကျပ် ၁၉၇၄၈၆ သို့ ဖြစ်ပေါ်လာရန်။

**အခန်း(၃)**

**အထွေထွေ**

၅။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) နှင့် (၇)တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်းအကောင်အထည်ဖော်ကြရန်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ် ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ပြင်ဆင်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

ပူးတွဲ-၁

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း

ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

( ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ )

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | ၂၀,၁၃၂,၇၁၁.၀ | ၂၄.၀ | ၂.၁ | ၂၀,၇၁၀,၉၁၅.၈ | ၂၃.၀ | ၂.၉ |
| | ၁ | လယ်ယာ | ၁၃,၅၄၃,၁၇၄.၆ | ၁၆.၁ | ၁.၇ | ၁၃,၈၆၂,၇၈၈.၈ | ၁၅.၄ | ၂.၄ |
| | ၂ | သားငါး | ၆,၅၂၁,၇၄၇.၂ | ၇.၈ | ၂.၆ | ၆,၇၇၉,၅၆၆.၇ | ၇.၅ | ၄.၀ |
| | ၃ | သစ်တော | ၆၇,၇၈၈.၂ | ၀.၁ | ၂၂.၃ | ၆၈,၅၆၀.၃ | ၀.၁ | ၁.၁ |
| ၂ | | **စက်မှုကဏ္ဍကြီး** | ၂၉,၆၄၈,၈၅၃.၂ | ၃၅.၃ | ၈.၁ | ၃၂,၄၂၁,၄၇၂.၅ | ၃၅.၉ | ၉.၄ |
| | ၁ | စွမ်းအင် | ၃,၁၆၄,၄၉၉.၁ | ၃.၈ | ၀.၆ | ၃,၂၅၆,၆၃၇.၁ | ၃.၆ | ၂.၉ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၈၀၂,၂၆၉.၂ | ၀.၉ | -၂.၅ | ၈၆၂,၀၄၈.၅ | ၀.၉ | ၇.၅ |
| | ၃ | စက်မှုလက်မှု | ၁၉,၁၁၁,၉၉၇.၀ | ၂၂.၈ | ၉.၉ | ၂၁,၂၄၃,၂၃၉.၄ | ၂၃.၅ | ၁၁.၂ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၂၈၂,၄၇၇.၁ | ၁.၅ | ၁၀.၆ | ၁,၃၁၉,၅၂၈.၂ | ၁.၅ | ၂.၉ |
| | ၅ | ဆောက်လုပ်မှု | ၅,၂၈၇,၆၁၀.၈ | ၆.၃ | ၇.၄ | ၅,၇၄၀,၀၁၉.၃ | ၆.၄ | ၈.၆ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | ၃၄,၁၄၄,၈၉၂.၀ | ၄၀.၇ | ၈.၀ | ၃၇,၁၃၇,၆၀၅.၄ | ၄၁.၁ | ၈.၈ |
| | ၁ | ပို့ဆောင်ရေး | ၉,၈၉၇,၄၈၅.၆ | ၁၁.၈ | ၇.၉ | ၁၀,၇၇၄,၁၇၃.၂ | ၁၁.၉ | ၈.၉ |
| | ၂ | ဆက်သွယ်ရေး | ၂,၀၀၇,၁၁၆.၅ | ၂.၄ | ၁၁.၉ | ၂,၃၀၇,၄၅၅.၆ | ၂.၅ | ၁၅.၀ |
| | ၃ | ငွေရေးကြေးရေး | ၃၀၆,၀၆၂.၂ | ၀.၄ | ၁၅.၆ | ၃၃၃,၆၀၆.၄ | ၀.၄ | ၉.၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂,၉၇၀,၄၆၄.၅ | ၃.၅ | ၃.၉ | ၃,၁၈၈.၁၄၃.၉ | ၃.၅ | ၇.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၂,၄၆၉,၅၀၅.၉ | ၂.၉ | ၁၁.၉ | ၂,၇၆၅,၈၄၆.၆ | ၃.၁ | ၁၂.၀ |
| | ၆ | ကုန်သွယ်မှု | ၁၆,၄၉၄,၂၅၇.၃ | ၁၉.၇ | ၇.၆ | ၁၇,၇၆၈,၃၀၀.၇ | ၁၉.၇ | ၇.၇ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | ၈၃,၉၂၆,၄၅၅.၂ | ၁၀၀.၀ | ၆.၅ | ၉၀,၂၆၉,၉၉၃.၇ | ၁၀၀.၀ | ၇.၆ |

# နိုင်ငံ၏ ၇၅ ရာခိုင်နှုန်းကျော်တွင် တယ်လီနော 4G ကွန်ရက် လွှမ်းခြုံထားပြီးဖြစ်

**ရန်ကုန် စက်တင်ဘာ ၂၀**

တယ်လီနောမြန်မာ၏ 4G/LTE ကွန်ရက်ကို လက်ရှိတွင် မြန်မာနိုင်ငံ၏ ၇၅ ရာခိုင်နှုန်းကျော်ဖြစ်သော မြို့နယ်ပေါင်း ၂၅၅ မြို့နယ်အထိ လွှမ်းခြုံထားနိုင်ပြီဖြစ်ကြောင်းနှင့် ဆက်လက်၍လည်း နိုင်ငံတစ်ဝန်း တိုးချဲ့ပေးအပ်နိုင်ရန် အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကာ ယခုနှစ်ကုန်တွင် မြို့နယ်ပေါင်း ၃၀၀ နီးပါးအထိ လွှမ်းခြုံနိုင်ရန် ဆက်လက်ဆောင်ရွက်နေကြောင်းလည်း သိရသည်။

တယ်လီနောမြန်မာ၏ 4G/LTE ကွန်ရက်ကို ပြီးခဲ့သည့် လပိုင်းအတွင်းက ပဲခူးတိုင်းဒေသကြီးမှ ၁၀ မြို့နယ်၊ ကရင်ပြည်နယ်မှ မြို့နယ် နှစ်ခု၊ ဧရာဝတီတိုင်းဒေသကြီးမှ မြို့နယ်ကိုးခု၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ မြို့နယ်တစ်ခုစီတွင် တိုးချဲ့ဝန်ဆောင်မှုပေးနိုင်ခဲ့ရာ အဆိုပါဒေသများရှိ အသုံးပြုသူများအနေနှင့် ယခုအခါ တယ်လီနော၏ 4G ဝန်ဆောင်မှုများကို ရရှိသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

"၂၀၁၈ ခုနှစ်အတွင်း မြို့နယ်ပေါင်း ၂၅၀ ကို အရည်အသွေးမြင့် 4G/LTE ကွန်ရက်လွှမ်းခြုံနိုင်ဖို့ဆိုတဲ့ ရည်မှန်းချက်က မျှော်မှန်းထားတာထက် သုံးလလောက်စောပြီး ပြည့်မီသွားခဲ့ပြီဖြစ်ပါတယ်။ ဒီနှစ်မှာ ကွန်ရက်ကို အမြန်ဆုံးတိုးချဲ့လွှမ်းခြုံဖို့ဆုံးဖြတ်ပြီး လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံက တယ်လီနောအသုံးပြုသူတွေအနေနဲ့ 4G/LTE ကွန်ရက်ကို လက်လှမ်းမီလာတော့မှာဖြစ်ပါတယ်"ဟု တယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေးအရာရှိချုပ်က ပြောကြားသည်။

ထိုသို့ နိုင်ငံတစ်ဝန်းတွင် 4G/LTE ကွန်ရက် တိုးချဲ့ဖြန့်ကြက်နေသလို ကွန်ရက်အရည်အသွေးကောင်းမွန်မှုရှိစေရန်အတွက်လည်း တယ်လီနောမြန်မာ၏ ကွန်ရက်ဆိုင်ရာ ကိုယ်စားလှယ်သည် နိုင်ငံတစ်ဝန်း လှည့်လည်သွားလာ၍ ကွန်ရက်အရည်အသွေး တိုင်းတာစစ်ဆေးခြင်း၊ အသုံးပြုသူများနှင့်တွေ့ဆုံခြင်းတို့ကို ဆက်လက်လုပ်ဆောင်သွားမည်ဟု သိရသည်။

တယ်လီနောမြန်မာသည် 4G/LTE ဝန်ဆောင်မှုများကို ပြီးခဲ့သည့်နှစ် ဇွန်လက စတင်ပေးအပ်ခဲ့ပြီး လက်ရှိအချိန်တွင် နိုင်ငံတစ်ဝန်း၌ ဆက်သွယ်ရေးတာဝါတိုင်ပေါင်း ၈၀၀၀ ကျော်နှင့် အသုံးပြုသူပေါင်း ၁၉ သန်းကျော်ရှိနေကြောင်း သိရသည်။

**သူရဖြိုး**

# အူရီဒူး၏ M-ပိုက်ဆံကို အသုံးပြုသူ လေးသိန်းကျော်နှင့် ကိုယ်စားလှယ် တစ်သောင်းကျော်ရှိလာ

**ရန်ကုန် စက်တင်ဘာ ၂၀**

ပြီးခဲ့သည့်နှစ် စက်တင်ဘာလက အူရီဒူးက စတင်မိတ်ဆက်ခဲ့သော ငွေလွှဲဝန်ဆောင်မှုဖြစ်သည့် M-ပိုက်ဆံကို တစ်နှစ်အတွင်း အသုံးပြုသူ လေးသိန်းကျော်အထိ ရှိလာခဲ့ကာ နိုင်ငံအနှံ့ M-ပိုက်ဆံကိုယ်စားလှယ် အရေအတွက်မှာလည်း တစ်သောင်းကျော်အထိရှိလာကြောင်း သိရသည်။

M-ပိုက်ဆံဝန်ဆောင်မှုသည် M-ပိုက်ဆံအကောင့်ရှိသူအချင်းချင်းသာမက မြန်မာနိုင်ငံအတွင်းရှိ မိုဘိုင်းဖုန်းနံပါတ်တိုင်းသို့ M-ပိုက်ဆံအကောင့်မှတစ်ဆင့် လုံခြုံစိတ်ချစွာဖြင့် ငွေလွှဲနိုင်အောင် ဆောင်ရွက်ပေးသော ၂၄ နာရီ ဝန်ဆောင်မှုဖြစ်သည်။ M-ပိုက်ဆံဝန်ဆောင်မှုကိုအသုံးပြု၍ ငွေလွှဲပို့ခြင်းနှင့် ငွေလက်ခံခြင်းဝန်ဆောင်မှုများကို ဝန်ဆောင်မှုစာရင်းသွင်းရယူထားသူများနှင့် အူရီဒူးဆင်းကတ်ကိုအသုံးပြုသူများ သုံးစွဲနိုင်ရုံသာမက ဝန်ဆောင်မှုကို စာရင်းသွင်းရယူထားခြင်းမရှိသူများအနေဖြင့်လည်း ကိုယ်စားလှယ်များထံမှ တစ်ဆင့် အသုံးပြုနိုင်သည်။ M- ပိုက်ဆံသည် CB ဘဏ်တွင်ဖွင့်ထားသော မိမိ၏ဘဏ်စာရင်းနှင့် မိမိ၏ မိုဘိုင်း wallet အကြား အချိန်နှင့်တစ်ပြေးညီ ငွေလွှဲပြောင်း လက်ခံစစ်ဆေးနိုင်သည့် ဝန်ဆောင်မှုကို ဆောင်ရွက်ပေးထားသော မြန်မာနိုင်ငံ၏ တစ်ခုတည်းသော မိုဘိုင်းငွေကြေးဝန်ဆောင်မှုလည်းဖြစ်၍ သုံးစွဲသူများသည် မိုဘိုင်း Walletမှ ဘဏ်အကောင့်ထဲသို့ ငွေလွှဲပြောင်းခြင်းကိုလည်း လွယ်ကူချောမွေ့စွာ ပြုလုပ်နိုင်သည်ဟု သိရသည်။

အူရီဒူးမြန်မာမှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့အနေနဲ့ M-ပိုက်ဆံဟာ မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေးကဏ္ဍတိုးတက်မှုမှာ တစ်စိတ်တစ်ပိုင်းပါဝင်ပံ့ပိုးပေးခွင့်ရလို့ ဝမ်းသာမိပါတယ်။ ဝန်ဆောင်မှုကို အချိန်မရွေး၊ နေရာမရွေး ငွေလွှဲပြောင်းခြင်း၊ ဘီလ်ပေးဆောင်ခြင်းတွေမှာ ယုံကြည်စိတ်ချစွာ၊ မြန်ဆန်စွာနဲ့ အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ လက်ခံရရှိတဲ့သူတွေက ငွေသားကို မြန်မာနိုင်ငံအနှံ့အပြားမှာရှိတဲ့ အနီးစပ်ဆုံး M-ပိုက်ဆံကိုယ်စားလှယ်တွေထံကနေ ထုတ်ယူနိုင်တဲ့အပြင် ဘဏ်အကောင့်များသို့လည်း လွှဲပြောင်းရယူနိုင်ပါတယ်။ ယခုလာမယ့် ဒုတိယမြောက်နှစ်အတွက်လည်း ဝန်ဆောင်မှုပိုင်းမှာ ကြီးမားတဲ့ ဆန်းသစ်တီထွင်ဖန်တီးမှုတွေနဲ့ ပိုမိုသစ်ဆန်းတဲ့ ဝန်ဆောင်မှုတွေကို တိုးချဲ့ပေးအပ်သွားဖို့ မျှော်လင့်ပါတယ်"ဟု ပြောသည်။

M-ပိုက်ဆံကို စတင်ဝန်ဆောင်မှုပေးစဉ်က ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ ပဲခူးနှင့် တောင်ကြီးမြို့များတွင် ကိုယ်စားလှယ် ၂၄၀၀ ဖြင့် စတင်ခဲ့ရာ တစ်နှစ်အတွင်းတွင် M-ပိုက်ဆံကိုယ်စားလှယ်ပေါင်း ၁၀၀၀၀ ကျော်အထိ ရှိလာခဲ့ကြောင်း၊ M-ပိုက်ဆံ သုံးစွဲသူပေါင်းသည်လည်း လေးသိန်းကျော်အထိ ရှိလာခဲ့ကြောင်း၊ M-ပိုက်ဆံ တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် အူရီဒူးက အဆိုပါ သုံးစွဲသူလေးသိန်းကျော်အား ၁၀၀ ရာခိုင်နှုန်း ငွေဖြည့်လက်ဆောင်များကိုလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**သူရဖြိုး**

# MPT ၏ LTE+ ကွန်ရက်ကို ၂၀၁၈ နှစ်ကုန်တွင် မြို့နယ်ပေါင်း ၃၀၀ ကျော်၌ အသုံးပြုနိုင်တော့မည်

**ရန်ကုန် စက်တင်ဘာ ၂၀**

MPT က ပြည်တွင်း၌ ၎င်း၏ မြန်နှုန်းမြင့် LTE+ ကွန်ရက်ကို တိုးချဲ့ဖြန့်ကြက်နိုင်ရန် ဆောင်ရွက်လျက်ရှိရာ ယခု စက်တင်ဘာလကုန်တွင် LTE+ ကွန်ရက်ကို နိုင်ငံအနှံ့ရှိ မြို့နယ်ပေါင်း ၁၈၀ ကျော်တွင် အသုံးပြုနိုင်မည်ဖြစ်ပြီး ယခုနှစ်ကုန်တွင် မြို့နယ်ပေါင်း ၃၀၀ ကျော်အထိ ကွန်ရက်ဖြန့်ကြက်သွားနိုင်ရန်လည်း စီစဉ်ထားကြောင်း သိရသည်။

MPT-KSGM Joint Operations မှ တာဝန်ရှိသူ Mr. Reizo Umeda က "MPT ဟာ 4×4 MIMO နဲ့ Carrier Aggregation နည်းပညာကို အသုံးပြုထားတဲ့ LTE+ ကွန်ရက်ကို မိတ်ဆက်ပေးနိုင်ခဲ့တဲ့ ပထမဆုံး ဆက်သွယ်ရေးအော်ပရေတာ ဖြစ်ပါတယ်။ အခုလို LTE+ ကွန်ရက်ကိုစတင်ရရှိတဲ့ မြို့နယ်တွေမှာ နေထိုင်ကြတဲ့ အင်တာနက်အသုံးပြုသူတွေအနေနဲ့ ဖိုင်ဆိုက်အကြီးတွေ ဒေါင်းလုပ်လုပ်တဲ့အခါမှာဖြစ်စေ၊ အင်တာနက်ဒေတာအများကြီးသုံးပြီးကစားရတဲ့ ဂိမ်းတွေကို ကစားတဲ့အခါမှာဖြစ်စေ၊ ဗီဒီယိုတွေကို အွန်လိုင်းကနေ တိုက်ရိုက်ကြည့်ရှုတဲ့အခါတွေမှာဖြစ်စေ တကယ့်ကို သိသာတဲ့ပြောင်းလဲမှုကို မြင်တွေ့ရမှာပါ။ ဒီဇင်ဘာလကုန်မှာ LTE+ ကွန်ရက်ကို မြို့နယ်ပေါင်း ၃၀၀ ကျော်မှာ အသုံးပြုနိုင်တဲ့အထိ လုပ်ဆောင်သွားဖို့ မျှော်မှန်းထားပါတယ်"ဟု ပြောကြားသည်။

MPT အနေဖြင့် ယခု ၂၀၁၈ ခုနှစ်၏ တတိယသုံးလပတ်ကာလဖြစ်သည့် ဇူလိုင်လမှ စက်တင်ဘာလအတွင်း၌ နောက်ဆုံးပေါ် 4×4 MIMO နည်းပညာကို အသုံးပြုထားသည့် LTE+ ကွန်ရက်ကို ပဲခူး၊ ဘားအံ၊ ကလော၊ လွိုင်ကော်၊ မုံရွာနှင့် စစ်တွေ အပါအဝင် နေရာအသစ်ပေါင်း ၄၀ ခန့်တွင် စတင်မိတ်ဆက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။

**သူရဖြိုး**

# Mytel က အရမ်းမိုက်တယ် ပရီမီးယံ ပရိုမိုးရှင်းအစီအစဉ်သစ်ကို မိတ်ဆက်ထား

**ရန်ကုန် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးအော်ပရေတာသစ်ဖြစ်သည့် Mytel သည် ယခင်က ပေးခဲ့သော ပရိုမိုးရှင်းအစီအစဉ်တစ်ခုဖြစ်သည့် မိုက်တယ်အစီအစဉ်အစား ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း အရမ်းမိုက်တယ် အစီအစဉ်သစ်ကို စက်တင်ဘာ ၇ ရက်မှ စတင်မိတ်ဆက်ထားကြောင်း သိရသည်။

အဆိုပါ အရမ်းမိုက်တယ်အစီအစဉ်ကို နိုဝင်ဘာလကုန်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး ပရိုမိုးရှင်းအစီအစဉ်အတွင်း Mytel ဆင်းကတ်ကို စတင်အသုံးပြုမည့် သုံးစွဲသူများအတွက် Welcome bonus အဖြစ် ရက် ၃၀ ကြာ အသုံးပြုနိုင်သော ဒေတာ 1GB၊ Mytel ဖုန်းအချင်းချင်း မိနစ် ၅၀ ဖုန်းခေါ်ဆိုခွင့်နှင့် ခြောက်ရက်ကြာ CRBT (ဖုန်းခေါ်ဆိုသူမှ ပြန်ကြားနိုင်သောတီးလုံးသံ)ကို အခမဲ့ပေးသွားမည်ဖြစ်ပြီး ငွေဖြည့်ရာတွင်လည်း လက်ဆောင် ၁၂၀ ရာခိုင်နှုန်းအထိ ရရှိမည်ဖြစ်ကာ လက်ဆောင်ရရှိသည့်ငွေကို ငါးရက်အတွင်း Mytel အချင်းချင်း ဖုန်းခေါ်ဆိုမှု၊ စာတိုပေးပို့မှုနှင့် အင်တာနက်အသုံးပြုမှုတို့အတွက် သုံးစွဲနိုင်မည်ဟု သိရသည်။

ထို့အပြင် data package များ ဝယ်ယူရန်အတွက်လည်း အရမ်းမိုက်တယ် ၄၀၀၀၊ ကောင်းဆုံး ၈၀၀ နှင့် ကောင်းဆုံး ၃၅၀၀ ဟု သုံးမျိုးခွဲခြားသတ်မှတ်ထားပြီး ဝယ်ယူသော package အလိုက် ဒေတာပမာဏအပြင် package ၏ ဈေးနှုန်းအတိုင်း Mytel ဖုန်းအချင်းချင်း စာတိုပေးပို့နိုင်မည့်စောင်ရေကိုလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံခါးပတ်လုပွဲကို MY Sports ဖေ့စ်ဘုတ်စာမျက်နှာမှ အခမဲ့ထုတ်လွှင့်ပြသမည်

**ရန်ကုန် စက်တင်ဘာ ၂၀**

စက်တင်ဘာ ၂၂ ရက်တွင် ဝင်ဘလေကွင်း၌ ကျင်းပမည့် Anthony Joshua နှင့် Alexander Povetkin တို့၏ ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံခါးပတ်လုပွဲကို မြန်မာနိုင်ငံတွင် နိုင်ငံတကာအားကစားပွဲစဉ်များ တရားဝင်ထုတ်လွှင့်ပြသရန် အခွင့်အရေးရရှိထားသည့် MY Sports က ၎င်းတို့၏ ဖေ့စ်ဘုတ်စာမျက်နှာမှ အခမဲ့ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လက်ဝှေ့ချန်ပီယံခါးပတ်လုပွဲကို မြန်မာစံတော်ချိန် စက်တင်ဘာ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၃ နာရီ ၃၀ မိနစ်တွင် ကျင်းပမည်ဖြစ်ပြီး ၂၁ ပွဲဆက်တိုက် ရှုံးပွဲမရှိသော ဗြိတိန်နိုင်ငံသား Anthony Joshua က ၎င်း၏ WBA, WBA Super, IBF, WBO နှင့် IBO ခါးပတ်များကို ကာကွယ်ရန်အတွက် ရုရှားနိုင်ငံသား Alexander Povetkin နှင့် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။

MY Sports Myanmar ၏ တာဝန်ရှိသူတစ်ဦးက "မြန်မာနိုင်ငံမှာရှိတဲ့ ကြည့်ရှုအားပေးသူ ပရိသတ်တွေအတွက် ထိပ်တန်းအားကစားပွဲစဉ်တွေကို ကြည့်ရှုနိုင်အောင် လုပ်ဆောင်ပေးသွားမယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်နဲ့အညီ ဒီပြိုင်ပွဲကို MY Sports ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာကနေ အခမဲ့ပြသပေးသွားမှာဖြစ်ပါတယ်၊ ဒါ့အပြင် မကြာခင်မှာကျင်းပသွားမယ့် WBA, WBA Super, IBF , WBO နဲ့ IBO လက်ဝှေ့ချန်ပီယံခါးပတ်တွေအတွက် ချန်ပီယံလုပွဲကိုလည်း ကျွန်တော်တို့ရဲ့ MY Sports ကနေ ထုတ်လွှင့်ပြသသွားမှာဖြစ်လို့ ပရိသတ်တွေရဲ့အားပေးမှုတွေ ပိုမိုရရှိလာနိုင်မယ်လို့ မျှော်လင့်မိပါတယ်"ဟု ပြောသည်။

MY Sports သည် နိုင်ငံတကာအားကစားပွဲများကို မြန်မာနိုင်ငံအတွက် တရားဝင် ဒစ်ဂျစ်တယ်မီဒီယာအနေဖြင့် လွန်ခဲ့သောသုံးလခန့်မှ၍ ၎င်းတို့၏ ဖေ့စ်ဘုတ်စာမျက်နှာမှတစ်ဆင့် ပြသခဲ့ကာ ၁၈ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၊ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၊ အီတလီ စီးရီးအေပြိုင်ပွဲနှင့် အခြားအားကစားပြိုင်ပွဲများကို ဖေ့စ်ဘုတ်စာမျက်နှာမှတစ်ဆင့် မြန်မာနိုင်ငံမှ ကြည့်ရှုသူပေါင်း ၃၇ သန်းကျော်ထံရောက်အောင် ပို့ဆောင်နိုင်ခဲ့ကြောင်း၊ MY Sports ၏ ဖေ့စ်ဘုတ်စာမျက်နှာ www.facebook.com/MYSPORTSMYA အနေဖြင့်လည်း လက်ရှိအချိန်အထိ follower အရေအတွက် ငါးသိန်းကျော်ကိုရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၀-၉-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၅၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၅၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၅/၁၀၄၅ ကျပ် | ၁၀၈၀/၁၀၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅/၁၀၅၅ ကျပ် | ၁၀၉၅/၁၁၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၉၇၅/၁၀၁၅ ကျပ် | ၁၀၈၀/၁၀၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၂၅/၁၀၆၅ကျပ် | ၁၁၃၀/၁၁၄၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၇၈ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၈၄၃ ・ ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၅၃ ・ ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၇၄ ・ ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၀၅ ・ ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၄၅ ・ ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၃၀ ・ ၄၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၈၀၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၄၁ ・ ၀၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၈၁ ・ ၁၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၇၁၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# စောင့်ကြည့်ရမယ့် လီဗာပူးရဲ့ အရည်အသွေး

6 Game Week



● ဝေမိုးဆက်

ပရီမီယာလိဂ်ပွဲစဉ် ၅ မှာတော့ လီဗာပူးဟာ ခြေစွမ်းပြသပြီး စပါးကို အနိုင်ရယူထားခဲ့ပါတယ်။ ဒါပေမယ့်လည်း အဆိုပါပွဲစဉ်ဟာ လီဗာပူးအတွက် ပွဲကျပ်ကာလအစဖြစ်နေပြီး ဒီတစ်ပတ်မှာလည်း ပီအက်စ်ဂျီနဲ့ ချန်ပီယံလိဂ်ပွဲကစားပြီး ချယ်လ်ဆီးနဲ့ လိဂ်ဖလားပွဲ မကစားခင်ကြားမှာ ဆောက်သမ်တန်ကို ရင်ဆိုင်သွားရမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း လီဗာပူးအနေနဲ့ ရလဒ်ကောင်းရယူကာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ရပ်တည်နိုင်မလားဆိုတာ စောင့်ကြည့်သွားရမှာပါ။

## ဂိုးအများဆုံးသွင်းထားသူများ

| အမည် | အသင်း | ဂိုး |
|---|---|---|
| ဟာဇက် | ချဲလ်ဆီး | ၅ |
| လူကာကူ | မန်ယူ | ၄ |
| မာနေး | လီဗာပူး | ၄ |
| မီထရိုဗစ် | ဖူလ်ဟမ် | ၄ |
| အဂူရို | မန်စီးတီး | ၃ |

## လက်စတာ Vs ဟတ်ဒါဖီးလ်

ကစားမည့်အချိန် ည ၈း၃၀ (၂၂-၉-၁၈) King Power Stadium

နောက်ဆုံးဆုံတွေ့မှု - လက်စတာ ၃-၀ ဟတ်ဒါဖီးလ်

လက်စတာဟာ နှစ်ပွဲဆက်တိုက် အရေးနိမ့်ခဲ့တဲ့အတွက် ဒီအိမ်ကွင်းပွဲမှာ နိုင်ပွဲရရှိရေး အားစိုက်မှာပါ။ လက်စတာ ခံစစ်အားနည်းပေမယ့် တိုက်စစ်ကစားအားတော့ ကောင်းတယ်။ ဟတ်ဒါဖီးလ်က ဒီရာသီခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေပြီး တိုက်စစ်စွမ်းဆောင်ရည် ညံ့လွန်းတယ်။ စုစုပေါင်း ငါးပွဲ ကစားခဲ့ပြီးချိန်မှာ တိုက်စစ်က နှစ်ဂိုးသာ သွင်းယူနိုင်ခဲ့သလို နိုင်ပွဲလည်း ရယူနိုင်ခြင်း မရှိသေးဘူး။ ဒီပွဲမှာ လက်စတာတို့ နိုင်ပွဲပြန်ရသွားဖို့သာ ရှိပါတယ်။

## ဘရိုက်တန် Vs စပါး

ကစားမည့်အချိန် ည ၁၁း၀၀ (၂၂-၉-၁၈) The American Express

နောက်ဆုံးဆုံတွေ့မှု - ဘရိုက်တန် ၁-၁ စပါး

စပါးက လီဗာပူးကို အရေးနိမ့်ပြီး ပရီမီယာလိဂ်မှာ နှစ်ပွဲဆက်တိုက်ရှုံးပွဲကြုံခဲ့လို့ နိုင်ပွဲ ပြန်လည်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် ချန်ပီယံလိဂ်မှာ အင်တာနဲ့ကစားခဲ့ရလို့ ပွဲပန်းလာနိုင်ပါတယ်။ ဒါ့အပြင် ဒီပွဲအပြီးမှာလည်း လိဂ်ဖလားပွဲအဖြစ် ဝက်ဖို့ဒ်နဲ့ ကစားရဦးမှာဖြစ်လို့ စပါးစ်တို့ ခြေကုန်ထုတ်နိုင်ဖို့ခက်နေပါတယ်။ ဘရိုက်တန်ခြေ သာမန်သာရှိပေမယ့် အိမ်ကွင်းဖြစ်နေပါတယ်။ ဒါကြောင့်လည်း စပါးတို့ ကပ်ပြီးသာ အနိုင်ရနိုင်ပါတယ်။

## ဖူလ်ဟမ် Vs ဝက်ဖို့ဒ်

ကစားမည့်အချိန် ည ၆း၀၀ (၂၂-၉-၁၈) Craven Cottage

နောက်ဆုံးဆုံတွေ့မှု - ဖူလ်ဟမ် ၀-၁ ဝက်ဖို့ဒ်

ဖူလ်ဟမ်တို့ မန်စီးတီးကို အရေးနိမ့်ခဲ့တာကြောင့် အခု အိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ရေး အတွက် အားစိုက်ကစားလာဖို့ရှိပါတယ်။ ဒါပေမယ့်လည်း ဖူလ်ဟမ်ခံစစ်က အားနည်းမှုတွေ ရှိနေပါတယ်။ ငါးပွဲကစားပြီးချိန်မှာ ၁၂ ဂိုးအထိ ပေးခဲ့ရပါတယ်။ ဝက်ဖို့ဒ်ကလည်း ကစားပြီးသမျှ ပွဲတွေမှာ မန်ယူကိုသာ အရေးနိမ့်ခဲ့တဲ့အထိ ခြေစွမ်းပိုင်းကောင်းမွန်နေသလို တိုက်စစ်ပိုင်းက လည်း ဂိုးသွင်းထက်မြက်မှုရှိပါတယ်။ ဖူလ်ဟမ် အမြင့်ဆုံးသရေပဲရမယ်။

## ကာဒစ် Vs မန်စီးတီး

ကစားမည့်အချိန် ည ၈း၃၀ (၂၂-၉-၁၈) Cardiff City Stadium

နောက်ဆုံးဆုံတွေ့မှု - ကာဒစ် ၀-၂ မန်စီးတီး

မန်စီးတီးအနေနဲ့ ဒီပွဲမတိုင်ခင်မှာ ချန်ပီယံလိဂ်ကစားခဲ့ရမှာဖြစ်သလို ဒီပွဲအပြီးမှာလည်း လိဂ်ဖလားပွဲကစားရမှာဖြစ်ပေမယ့် ပြိုင်ဘက်တွေက လိုင်ယွန်၊ အောက်စ်ဖို့ဒ်တို့သာ ဖြစ်နေသလို အရန်အင်အားလည်း တောင့်တင်းတယ်။ ကာဒစ်ကတော့ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိနေကာ လက်ရှိအချိန်အထိ နိုင်ပွဲမရသေးသလို တိုက်စစ်ပိုင်းကလည်း အားနည်းမှုတွေ ရှိနေတာကြောင့် မန်စီးတီးကို တံ့ပြန်ဖို့ခက်မယ်။ မန်စီးတီးပဲ ဂိုးပြတ်နိုင်မယ်။

## လီဗာပူး Vs ဆောက်သမ်တန်

ကစားမည့်အချိန် ည ၈း၃၀ (၂၂-၉-၁၈) Anfield

နောက်ဆုံးဆုံတွေ့မှု - လီဗာပူး ၂-၀ ဆောက်သမ်တန်

လီဗာပူးတို့ လက်ရှိအချိန်မှာခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမှာ ရှိနေတာမှန်ပါတယ်။ ဒါပေမယ့်လည်း ချန်ပီယံလိဂ်ပွဲအပါအဝင် ပွဲကျပ်တွေ ဆက်တိုက်ကစားရမယ့် အချိန်ဖြစ်နေတယ်။ ဒါကြောင့်လည်း လီဗာပူးတို့ ဒီပွဲစဉ်မှာ ပွဲပန်းမှုဒဏ်ခံရနိုင်သလို ခြေကုန်ထုတ်ဖို့လည်း အခက်အခဲရှိလာနိုင်ပါတယ်။ ဆောက်သမ်တန်ကတော့ ဒီနောက်ပိုင်းကစားပုံကောင်းမွန်လာတာကို တွေ့ရပါတယ်။ လီဗာပူးတို့ အိမ်ကွင်းဖြစ်ပေမယ့်လည်း ဂိုးပြတ်နိုင်ပွဲရဖို့ကတော့ ခက်ခဲလွန်းပါတယ်။

## ဝက်စ်ဟမ်း Vs ချယ်လ်ဆီး

ကစားမည့်အချိန် ည ၇း၀၀ (၂၃-၉-၁၈) London Stadium

နောက်ဆုံးဆုံတွေ့မှု - ဝက်စ်ဟမ်း ၁-၁ ချယ်လ်ဆီး

ချယ်လ်ဆီးဟာ ဒီပွဲမတိုင်ခင်မှာ ယူရိုပါလိဂ် ကစားခဲ့ရမှာဖြစ်ပြီး ဒီပွဲအပြီးမှာလည်း လီဗာပူးနဲ့ လိဂ်ဖလားပွဲ ကစားရဖို့ရှိနေပါတယ်။ ဒါကြောင့် ချယ်လ်ဆီးတို့ ခြေကုန်ထုတ်ဖို့ ခက်ခဲနေပါတယ်။ ဝက်စ်ဟမ်းကတော့ အဲဗာတန်ကို အနိုင်ရခဲ့တဲ့အတွက် စိတ်ဓာတ်ပိုင်း ကောင်းမွန်လာနိုင်သလို ဒါဘီပွဲဖြစ်ပြီး အိမ်ကွင်းလည်းဖြစ်လို့ အားစိုက်ကစားမှာပါ။ ဒါကြောင့်လည်း ချယ်လ်ဆီးတို့ ဒီပွဲစဉ်မှာ နိုင်ပွဲရဖို့ ခက်ခက်ခဲခဲရုန်းကန်ရနိုင်ကာ နိုင်ရင်တောင် ဂိုးပြတ်ဖို့ခက်တယ်။

## ဘန်လေ Vs ဘုန်းမောက်

ကစားမည့်အချိန် ည ၈း၃၀ (၂၂-၉-၁၈) Turf Moor

နောက်ဆုံးဆုံတွေ့မှု - ဘန်လေ ၁-၂ ဘုန်းမောက်

ဘန်လေဟာ လက်ရှိအချိန်မှာ နိုင်ပွဲမရှိသေးဘဲ အမှတ်ပေးဇယားအောက်ဆုံးကိုရောက်ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ အားစိုက်ကစားလာဖို့ရှိသလို ဝုဖ်နဲ့ပွဲမှာလည်း ခံစစ်ပိုင်းကျစ်လျစ်မှုရှိခဲ့တာကို တွေ့ခဲ့ရပါတယ်။ ဘုန်းမောက်ကတော့ ခြေစွမ်းပိုင်းမဆိုးပေမယ့် အဝေးကွင်းမှာ ခြေစွမ်းပိုင်းအနည်းငယ်ကျဆင်းတတ်တယ်။ ဒါ့အပြင် အခုနောက်ပိုင်းမှာ ဘုန်းမောက်ခံစစ်က လည်း အားနည်းလာပြီး ဂိုးတွေဆက်တိုက်ပေးနေရတယ်။ ဘန်လေ ကပ်နိုင်မယ်။

## ပဲလေ့စ် Vs ကာဆယ်

ကစားမည့်အချိန် ည ၈း၃၀ (၂၂-၉-၁၈) Selhurst Park

နောက်ဆုံးဆုံတွေ့မှု - ပဲလေ့စ် ၁-၁ ကာဆယ်

ချယ်လ်ဆီး၊ မန်စီးတီး၊ အာဆင်နယ်တို့နဲ့ဆက်တိုက်ကစားခဲ့ရမှုတွေကြောင့်သာ ကာဆယ်တို့ ရလဒ်တွေ ဆိုးရွားနေတာဖြစ်ပြီး ခြေစွမ်းကတော့ မညံ့ပါဘူး။ အမှတ်ပေးဇယားအောက်ခြေကို ရောက်နေတဲ့အတွက်လည်း ကာဆယ်တို့ အားစိုက်ကစားလာမှာပါ။ ပဲလေ့စ် ခြေစွမ်းမဆိုးပေမယ့် အခုနောက်ပိုင်းမှာ တိုက်စစ်ပိုင်းကဂိုးသွင်း ခြေကျဆင်းလာတာကိုတွေ့ရတယ်။ ဒါကြောင့်လည်း ပဲလေ့စ်ကွင်းဖြစ်နေပေမယ့် ကာဆယ်တို့ အမှတ်ခွဲယူသွားနိုင်မှာပါ။

## မန်ယူ Vs ဝုဖ်

ကစားမည့်အချိန် ည ၈း၃၀ (၂၂-၉-၁၈) Old Trafford

နောက်ဆုံးဆုံတွေ့မှု - မန်ယူ ၅-၀ ဝုဖ်

မန်ယူတို့အတွက် ဒီပွဲဟာ ချန်ပီယံလိဂ်ပွဲအပြီးမှာ ကစားရမှာဖြစ်ပေမယ့်လည်း အဆိုပါပွဲက ယန်းဘွိုင်းစ်နဲ့သာဖြစ်သလို ဒီပွဲအပြီးမှာလည်း လိဂ်ဖလားပွဲတွေ ကစားရဖို့ ရှိနေပေမယ့်လည်း ကစားရမယ့်အသင်းက ဒါဘီသာဖြစ်လို့ ဒီပွဲမှာ အားစိုက်နိုင်မှာပါ။ ဝုဖ်ခြေစွမ်းပိုင်း မဆိုးပေမယ့် ဒီနောက်ပိုင်းမှာ တိုက်စစ်ကစားအား ကျဆင်းလာပါတယ်။ မန်ယူအိမ်ကွင်းလည်း ဖြစ်နေတာကြောင့် အမှားခံမှာမဟုတ်သလို အိမ်ကွင်းနိုင်ပွဲရယူသွားနိုင်မှာပါ။

## အာဆင်နယ် Vs အဲဗာတန်

ကစားမည့်အချိန် နံနက် ၉း၃၀ (၂၃-၉-၁၈) Emirates Stadium

နောက်ဆုံးဆုံတွေ့မှု - အာဆင်နယ် ၅-၁ အဲဗာတန်

အာဆင်နယ် ခြေစွမ်းပိုင်းကောင်းမွန်လာပေမယ့် ခံစစ်ပိုင်းကတော့ အားနည်းမှုတွေကို ပြုပြင်နိုင်ခြင်းမရှိသေးပါဘူး။ ဒီပွဲက အိမ်ကွင်းဖြစ်ပေမယ့် ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့်လည်း အာဆင်နယ်တို့ ပွဲပန်းနိုင်ပါတယ်။ အဲဗာတန်ကလည်း လက်ရှိအချိန်မှာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း သုံးပွဲဆက်အနိုင်မရခဲ့လို့ အားစိုက်မှာပါ။ အိမ်ကွင်းမှာ အဲဗာတန်ကို ဖိအားပေးနိုင်ဖို့ အားစိုက်ကစားလာမှာ ဖြစ်ပေမယ့် အာဆင်နယ် ကပ်ပြီးသာနိုင်မယ်။

## ပရီမီယာလိဂ်ပွဲစဉ် (၆)

| စနေနေ့ | | | ၂၂-၉-၁၈ |
|---|---|---|---|
| ဖူလ်ဟမ် | - | ဝက်ဖို့ဒ် | ည ၆း၀၀ |
| ဘန်လေ | - | ဘုန်းမောက် | ည ၈း၃၀ |
| ကာဒစ်ဖ် | - | မန်စီးတီး | ည ၈း၃၀ |
| ပဲလေ့စ် | - | နယူးကာဆယ် | ည ၈း၃၀ |
| လက်စတာ | - | ဟက်ဒါဖီးလ် | ည ၈း၃၀ |
| လီဗာပူး | - | ဆောက်သမ်တန် | ည ၈း၃၀ |
| မန်ယူ | - | ဝုဖ် | ည ၈း၃၀ |
| ဘရိုက်တန် | - | စပါး | ည ၁၁း၀၀ |
| **တနင်္ဂနွေနေ့** | | | **၂၃-၉-၁၈** |
| ဝက်စ်ဟမ်း | - | ချယ်လ်ဆီး | ည ၇း၀၀ |
| အာဆင်နယ် | - | အဲဗာတန် | ည ၉း၃၀ |

## လာလီဂါပွဲစဉ် (၅)

| သောကြာနေ့ | | | ၂၁-၉-၁၈ |
|---|---|---|---|
| ဝက်စ်ကာ | - | ဆိုစီဒက် | နံနက် ၁း၃၀ (စနေနံနက်) |
| **စနေနေ့** | | | **၂၂-၉-၁၈** |
| ဗယ်လီကာနို | - | အလာဗက်စ် | ညနေ ၅း၃၀ |
| ဆယ်တာဗီဂို | - | ဗယ်လာဒိုးလစ် | ည ၈း၄၅ |
| အီဘား | - | လီဂါနက်စ် | ည ၈း၄၅ |
| ဂီတာဖေး | - | အက်သလက် | ည ၁၁း၀၀ |
| ရီးရဲမက်ဒရစ် | - | အက်စ်ပန်ညော | နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) |
| **တနင်္ဂနွေနေ့** | | | **၂၃-၉-၁၈** |
| လီဗန်တေး | - | ဆီဗီးလာ | ညနေ ၄း၃၀ |
| ဗီလာရီးရဲ | - | ဗလန်စီယာ | ည ၈း၄၅ |
| ဘက်တစ် | - | ဘီလ်ဘို | ည ၁၁း၀၀ |
| ဘာစီလိုနာ | - | ဂျီရိုနာ | နံနက် ၁း၁၅ (တနင်္လာနံနက်) |

## စီးရီးအေပွဲစဉ် (၅)

| သောကြာနေ့ | | | ၂၁-၉-၁၈ |
|---|---|---|---|
| ဆာဆူအိုလို | - | အမ်ပိုလီ | နံနက် ၁း၀၀ (စနေနံနက်) |
| **စနေနေ့** | | | **၂၂-၉-၁၈** |
| ပါးမား | - | ကက်ဂလီယာရီ | ည ၇း၃၀ |
| ဖီအိုရင်တီးနား | - | SPAL | ည ၁၀း၃၀ |
| ဆမ့်ဒိုးရီးယား | - | အင်တာ | နံနက် ၁း၀၀ (တနင်္ဂနွေနံနက်) |
| **တနင်္ဂနွေနေ့** | | | **၂၃-၉-၁၈** |
| တိုရီနို | - | နာပိုလီ | ညနေ ၅း၀၀ |
| ဘလော့ညာ | - | ရိုမာ | ည ၇း၃၀ |
| ခီယေဗို | - | အူဒီးနီးစ် | ည ၇း၃၀ |
| လာဇီယို | - | ဂျီနိုအာ | ည ၇း၃၀ |
| မီလန် | - | အတ္တလန္တာ | ည ၁၀း၃၀ |
| ဖရိုစီနိုနီ | - | ဂျူဗင်တပ် | နံနက် ၁း၀၀ (တနင်္လာနံနက်) |

## ပြင်သစ်ပထမတန်းပွဲစဉ် (၆)

| သောကြာနေ့ | | | ၂၁-၉-၁၈ |
|---|---|---|---|
| မိုနာကို | - | နီမက်စ် | နံနက် ၁း၁၅ (စနေနံနက်) |
| **စနေနေ့** | | | **၂၂-၉-၁၈** |
| လိုင်လီ | - | နန့်စ် | ည ၉း၃၀ |
| အန်ဂျာစ် | - | တူးလောက်စ် | နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) |
| မောင့်ပယ်လီယာ | - | နိုက်စ် | နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) |
| ရိမ်းစ် | - | ဒီဂျွန် | နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) |
| စိန့်အေတီယန် | - | ကိန်းစ် | နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) |
| စထရက်ဘော့ဂ် | - | အာမီယန် | နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) |
| **တနင်္ဂနွေနေ့** | | | **၂၃-၉-၁၈** |
| ရိန်းစ် | - | ပီအက်စ်ဂျီ | ည ၇း၃၀ |
| ဂူအင်ဂမ့် | - | ဘော်ဒိုး | ည ၉း၃၀ |
| လိုင်ယွန် | - | မာဆေး | နံနက် ၁း၃၀ (တနင်္လာနံနက်) |

# မန်ယူလျှောက်လမ်းပေါ်မှာအနာဂတ်တွေဝေဝါးနေတဲ့ ကစားသမားများ

● အောင်က

မန်ယူအသင်းကနေ ဖာဂူဆန် ထွက်ခွာသွားခဲ့ပြီးတဲ့နောက်ပိုင်း ကစားသမားခေါ်ယူဖို့အတွက် အသုံးပြုခဲ့တဲ့ငွေကြေးစုစုပေါင်းဟာ ပေါင် ၇၇၅ သန်း ကျော်ရှိခဲ့တယ်။ အဲဒီအသုံးပြုထားတဲ့ ပေါင် ၇၇၅ သန်းမှာတော့ ထက်ဝက်ကျော်ကျော်ဟာ မန်ယူအသင်းကို မော်ရင်ညို ကိုင်တွယ်ပြီးနောက်ပိုင်း အသုံးပြုခဲ့တဲ့ အသုံးစရိတ်တွေဖြစ်တယ်။ ဒါပေမယ့် ဒီနှစ်တွေအတွင်း မန်ယူအသင်းအနေနဲ့ ဆုဖလားအောင်မြင်မှုဆိုလို့ ယူရိုပါလိဂ်ဆုဖလား၊ အက်ဖ်အေဆုဖလားနဲ့ လိဂ်ဖလားတို့သာ ရရှိထားခဲ့တယ်။ မန်ယူအသင်းအနေနဲ့ ကစားသမားသစ်တွေ ခေါ်ယူဖို့အတွက် အဆက်မပြတ်စောင့်ကြည့်မှုတွေ ပြုလုပ်နေသလို အသင်းအတွက် မလိုအပ်ဘူးလို့ ထင်တဲ့ကစားသမားတွေကိုလည်း ဖယ်ထုတ်ဖို့ ကြိုးစားနေတယ်လို့ ပြောရမယ်။ ဒါကြောင့် လက်ရှိကစားသမားတွေထဲမှာတော့ အသင်းကနေ ထွက်ခွာဖို့ရှိနေပြီး အနာဂတ်တွေဝေဝါးနေတဲ့ မန်ယူကစားသမား သုံးဦးကို ဖော်ပြလိုက်ပါတယ်။

### ဖီးလ်ဂျုန်းစ်

ဖီးလ်ဂျုန်းစ်ဟာ မန်ယူအသင်းကိုတော့ ၂၀၁၁ ခုနှစ်က ဘလက်ဘန်းအသင်းကနေ ရောက်ရှိလာခဲ့တဲ့သူဖြစ်ပါတယ်။ သူဟာအင်္ဂလန်ရဲ့ ပါရမီရှင်ကစားသမားတစ်ဦး ဖြစ်လာလိမ့်မယ်လို့ အစောပိုင်းကာလတွေက ထင်မှတ်ထားခဲ့ကြပေ



မယ့် အကောင်းဆုံးအဆင့်အထိတော့ ရောက်မလာခဲ့ပါဘူး။ အထူးသဖြင့် ဒဏ်ရာပြဿနာနဲ့ ရုန်းကန်နေရခြင်းတွေကလည်း ခြေစွမ်းကောင်းရရှိဖို့အတွက်တော့ အဟန့်အတားသဖွယ်ဖြစ်နေတယ်လို့ ဆိုနိုင်ပါတယ်။

ဒ့ါအပြင်ကွင်းထဲမှာ ဆုံးဖြတ်ချက် မှားယွင်းမှုတွေကြောင့် အသင်းအတွက် နစ်နာမှုတွေရှိခဲ့တဲ့ အမှားတွေကိုလည်း တွေ့ရပါတယ်။ အကောင်းဆုံးဥပမာကတော့ ၂၀၁၇-၁၈ အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲမှာ ဟာဇက်ကို ပယ်နယ်တီ ပေးလိုက်ရခြင်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း နောက်ပိုင်းတွေမှာတော့ မော်ရင်ညိုရဲ့ယုံကြည်မှုတွေဟာ သူ့အပေါ်နည်းပါးလာခဲ့တာလည်း ဖြစ်ပါတယ်။ သူဟာ မန်ယူအသင်းမှာ ကစားနေခဲ့တာကြာပြီဖြစ်ပေမယ့် အခုတော့ သူ့ရဲ့အနာဂတ်တွေ



ဟာ ဝေဝါးနေပြီလို့ ဆိုရမှာလည်း ဖြစ်ပါတယ်။

ဖီးလ်ဂျုန်းဟာ မန်ယူအသင်းမှာ ကစားခဲ့တဲ့ ပြီးခဲ့တဲ့ ၇ နှစ်အတွင်းမှာတော့ ပရီမီယာလိဂ်ပွဲပေါင်း ၁၄၆ ပွဲသာ ပါဝင်ကစားခွင့်ရရှိထားခဲ့သူလည်းဖြစ်ပါတယ်။ သူ့အနေနဲ့ မန်ယူအသင်းမှာ ပရီမီယာလိဂ် အများဆုံးကစားခွင့်ရခဲ့တဲ့ ရာသီဆိုလို့ စတင်ပြောင်းရွှေ့ခဲ့တဲ့နှစ် ၂၀၁၁-၁၂ ရာသီကဖြစ်ပါတယ်။ ကစားခွင့်ရခဲ့တဲ့ ပွဲပေါင်းကတော့ ၂၉ ပွဲဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာဆိုရင်လည်း ပရီမီယာလိဂ်စတင်တာဟာ ငါးပွဲရှိပေမယ့် သူကစားရတာက တစ်ပွဲပဲ ရှိပါသေးတယ်။ ဒါကြောင့်လည်း လာမယ့်အပြောင်းအရွှေ့ဈေးကွက်တွေမှာတော့ သူ့ရဲ့မန်ယူအသင်းမှာ ဆက်လက်ရှိနေနိုင်ရေးကတော့ မေးခွန်းထုတ်စရာအဖြစ် ရှိနေပြီ ဖြစ်ပါတယ်။

### ဟာရဲရား

ဟာရဲရားဟာ တစ်ချိန်မှာတော့ မန်ယူအသင်းရဲ့ ကပ္ပတိန်တစ်ဦးဖြစ်လာနိုင်တယ်လို့ လူတိုင်းက ထင်မှတ်ထားခြင်းခံရသူလည်းဖြစ်ပါတယ်။ သူဟာ မန်ယူအသင်းမှာ ကစားခဲ့တဲ့ ပထမ နှစ်ရာသီအတွင်း မန်နေဂျာဗန်ဟားလ်နဲ့ မော်ရင်ညိုတို့ လက်အောက်မှာတော့ တိုးတက်မှုတွေနဲ့အတူ ခြေစွမ်းကောင်းတွေ ရရှိခဲ့တဲ့သူလည်း ဖြစ်ပါတယ်။ မော်ရင်ညို စတင်ကိုင်တွယ်ခဲ့တဲ့ ရာသီမှာဆိုရင် သူဟာ မန်ယူအသင်းရဲ့တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကိုတောင် ရရှိခဲ့ပါသေးတယ်။

ဒါပေမယ့် မန်ယူအသင်းကို မာတစ် ရောက်ရှိလာခဲ့ပြီးနောက်ပိုင်း ဟာရဲရားအတွက် အသင်းမှာ ကစားနိုင်ခွင့်တွေဟာ ထိခိုက်မှုရှိလာခဲ့ပါတယ်။ ဒီနှစ်ရာသီမှာဆိုရင်လည်း ဟာရဲရားဟာ မန်ယူအသင်းမှာ ပရီမီယာလိဂ် နှစ်ပွဲသာ ပါဝင်ကစားခွင့်ရရှိသေးတာလည်း ဖြစ်ပါတယ်။ တစ်ပွဲကတော့ စပါးအသင်းကို ၃-၀ ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့ပွဲဖြစ်ပြီး အဲဒီပွဲမှာတော့ ၅၅ မိနစ် ပါဝင်ကစား ခွင့်ရခဲ့ပါတယ်။ နောက်တစ်ပွဲကတော့ ဘန်လေအသင်းကို ၂-၀ နဲ့ နိုင်ခဲ့တဲ့ပွဲဖြစ်ပြီး ၁၄ မိနစ်သာ ကစားခွင့်ရရှိခဲ့တာလည်းဖြစ်ပါတယ်။

ဒါကြောင့်လည်း ဟာရဲရားဟာ ပုံမှန်ကစားခွင့်ရနိုင်ဖို့အတွက် အသင်းက ထွက်ခွာဖို့အတွက်ဆန္ဒရှိနေပြီလို့ ပြောရမှာပါ။ သူ့ကိုခေါ်ယူဖို့ ပြီးခဲ့တဲ့ နွေရာသီကတည်းက ဘီလ်ဘာအိုအသင်းကကမ်းလှမ်းမှုတွေ ပြုလုပ်ထားခဲ့ပေမယ့်သူက အသင်းမှာ ကစားခွင့်ရနိုင်ဖို့အတွက် မျှော်လင့်ချက်တွေနဲ့ ဆက်လက်ကစားနေခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် အခုလိုသာ အသင်းမှာ ကစားခွင့်တွေမဲ့လာခဲ့မယ်ဆိုရင်တော့ ဟာရဲရားရဲ့အနာဂတ်ဟာ မန်ယူအသင်းမှာ မရှိနိုင်တာကတော့ သေချာလွန်းတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

### ဒါမီယန်

ဒါမီယန်ဟာ မန်ယူအသင်းကို ၂၀၁၅ ခုနှစ်က စီးရီးအေကလပ် တိုရီနိုအသင်းကနေ ပြောင်းရွှေ့လာခဲ့တာ ဖြစ်တယ်။ မန်ယူအသင်းကို စတင်



ရောက်ရှိခဲ့စဥ်က သူနဲ့ပတ်သက်ပြီး အများကြီးမျှော်လင့်ထားခဲ့ကြတယ်။ ဒါပေမယ့် သူဟာ မန်ယူအသင်းအတွက်တော့ ထင်သလောက်ဖြစ်မလာခဲ့သလို ခြေစွမ်းတွေကလည်း တစ်ခါတစ်ရံ အလွန်အမင်းဆိုးရွားတာကိုတောင် တွေ့မြင်ရနိုင်တယ်။ ဒါကြောင့်လည်း အခုဆိုရင်သူဟာ မန်ယူအသင်းမှာတော့ ဗလန်စီယာ၊ ဒါးလော့၊ အက်ရှ်လေယန်းတို့ ပြီးမှသာ ပွဲထွက်ခွင့်ရတဲ့ ကစားသမားတစ်ဦးအဖြစ် ရှိနေတာကို တွေ့ရမှာလည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ နွေရာသီကဆိုရင်သူ့ကို ခေါ်ယူဖို့ အီတလီကလပ် ဂျူဗင်တပ်အသင်းက ကမ်းလှမ်းမှုတွေ ပြုလုပ်ခဲ့တယ်။ ကံမကောင်းစွာနဲ့ အဲဒီအပြောင်းအရွှေ့က မဖြစ်မြောက်ခဲ့ဘူး။ ဒီနှစ် ရာသီမှာဆိုရင်လည်း ဒါမီယန်ဟာ မန်ယူအသင်းနဲ့အတူ ပရီမီယာလိဂ်မှာ တစ်ပွဲသာ ကစားခွင့်ရရှိသေးတာလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း လာမယ့် အပြောင်းအရွှေ့ ရာသီတွေမှာတော့ ဒါမီယန်ရဲ့ အသင်းကနေ ထွက်ခွာဖို့ဟာ ပိုမိုများနေပြီလို့ ဆိုရမှာပါ။

## ရီးရဲမက်ဒရစ်အသင်းနှင့် မက်ဆီအား ဘိုင်ယန်အသင်းနည်းပြ ကိုဗာ့ ချီးကျူးစကားဆို

စပိန်ကလပ် ရီးရဲမက်ဒရစ်သည် အသင်း၏ အဓိက ကစားသမားတစ်ဦးဖြစ်သည့် ပေါ်တူဂီတိုက်စစ်ကစားသမား ခရစ္စတီယာနိုရော်နယ်ဒိုအား ရောင်းထုတ်ခဲ့သော်လည်း တောင့်တင်းခိုင်မာသည့်အသင်းအဖြစ် ဆက်ရှိနေဆဲဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်အသင်း နည်းပြ နီကိုကိုဗာ့က ထုတ်ဖော်ပြောဆိုလိုက်သည်။

ရီးရဲမက်ဒရစ်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီ သုံးရာသီ ဆက်တိုက် ချန်ပီယံလိဂ်ချန်ပီယံဆုဖလားကို သိမ်းပိုက်နိုင်ခဲ့သည့်အသင်းဖြစ်သည်။ ခရိုအေးရှားလက်ရွေးစင်အသင်းနှင့် ဖရန့်ဖတ်အသင်းတို့ကို တာဝန်ယူခဲ့ဖူးသူ နည်းပြ ကိုဗာ့ (၄၆နှစ်)သည် ပြီးခဲ့သည့် နွေရာသီအတွင်းတွင် ဘိုင်ယန်မြူးနစ်အသင်းနည်းပြရာထူးကို စတင်ရယူခဲ့ကာ ဘိုင်ယန်အသင်း နှင့် ၂၀၂၁ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားသူဖြစ်သည်။

နည်းပြ ကိုဗာ့က “ရီးရဲမက်ဒရစ်အသင်းက ပြီးခဲ့တဲ့ ဘောလုံးရာသီ သုံးရာသီဆက်တိုက် ချန်ပီယံလိဂ်ဆုဖလား ရယူနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ဟာ တကယ့်ကို ထူးခြားတဲ့ စွမ်းဆောင်နိုင်မှုပါ။ ရီးရဲအသင်းလို စွမ်းဆောင်နိုင်မယ့် အသင်းမျိုးက လာမယ့်နှစ်အနည်းငယ်အတွင်း ပေါ်ပေါက်လာမှာ မဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်။ ရော်နယ်ဒို မရှိတော့တဲ့ ရီးရဲအသင်းဟာ ပြောင်းလဲမှုတွေ ရှိလာခဲ့ပါတယ်။ ဒါပေမယ့် ရီးရဲအသင်းက အခုချိန်အထိ တောင့်တင်းတဲ့အသင်း တစ်သင်းအဖြစ် ရှိနေဆဲပါ။ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ သုံးရာသီဆက်တိုက် ချန်ပီယံဆုရယူနိုင်ခဲ့တာက တကယ့်ကို ကောင်းမွန်တဲ့ မှတ်တမ်းဖြစ်ပါတယ်။ ဒါပေမယ့် ရီးရဲအသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီ သုံးရာသီအတွင်း စပိန်လာလီဂါချန်ပီယံဆုဖလားကို တစ်ကြိမ်သာ ရယူနိုင်ခဲ့တာကလည်း သတိပြုစရာ ဖြစ်ပါတယ်။ ဒါဟာ ဘာကိုပြသလဲဆိုရင် ကလပ်အသင်းတွေအနေနဲ့ အဓိကပြိုင်ပွဲကြီး သုံးခုစလုံးမှာ ကောင်းမွန်တဲ့ ခြေစွမ်းမျိုးနဲ့ ကစားနိုင်ဖို့ဆိုတာ အလွန်ခက်ခဲတယ် ဆိုတဲ့အချက်ကို ပြသနေတာပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ရီးရဲအသင်းအနေနဲ့ အခုနှစ် ဘောလုံးရာသီရဲ့ချန်ပီယံလိဂ်ပြိုင်ပွဲမှာလည်း အကောင်းဆုံး စွမ်းဆောင်ပြနိုင်ဦးမယ်လို့ ကျွန်တော် ယုံကြည်ထားပါတယ်။ ကစားသမားတိုင်း၊ ကလပ်အသင်းတိုင်းက ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ပါဝင်ကစားချင်ကြတာချည်းပါပဲ။ ဘိုင်ယန်မြူးနစ်အသင်းအပေါ်မှာလည်း ပရိသတ်တွေက မျှော်လင့်ချက်အများကြီးထားကြတယ်။ ဒါကို ဘိုင်ယန်အသင်းနဲ့ စာချုပ်ချုပ်ဆိုချိန်ကတည်းက ကျွန်တော်သိထားခဲ့ပါတယ်”ဟု ပြောဆိုခဲ့သည်။

၂၀၁၈ ခုနှစ်အတွက် ဖီဖာနှင့် ယူအီးအက်ဖ်အေ တစ်နှစ်တာအကောင်းဆုံးဆုများအတွက် နောက်ဆုံးဆန်ခါတင်စာရင်းတွင် ဘာစီလိုနာကစားသမား လီယွန်နယ်မက်ဆီ ပါဝင်ခဲ့ခြင်းမရှိသော်လည်း အာဂျင်တီးနားကစားသမား မက်ဆီသည် မိမိအမြင်၌ အကောင်းဆုံးကစားသမားအဖြစ် ရှိနေကြောင်း နည်းပြ ကိုဗာ့က ဆက်လက်ပြောဆိုခဲ့သည်။ **ထက်အောင်**

## ဂျူဗင်တပ်အသင်း ဘဏ္ဍာရေးထိန်းညှိမှု စည်းမျဉ်းချိုးဖောက်ခဲ့ခြင်း ရှိ၊ မရှိ စစ်ဆေးခံရမည်



ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ဈေးကွက်ကာလတွင် ရီးရဲမက်ဒရစ်အသင်းထံမှ တိုက်စစ်ကစားသမား ခရစ္စတီယာနိုရော်နယ်ဒိုအား ခေါ်ယူခဲ့သည့် ဂျူဗင်တပ်အသင်းသည် ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)က ချမှတ်ထားသည့် ဘဏ္ဍာရေးထိန်းညှိမှု စည်းမျဉ်းအား ချိုးဖောက်ခြင်း ရှိ၊ မရှိ ယူအီးအက်ဖ်အေ အဖွဲ့မှ စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဂျူဗင်တပ်အသင်းသည် ပေါ်တူဂီတိုက်စစ်ကစားသမား ရော်နယ်ဒို(၃၃ နှစ်)အား ခေါ်ယူနိုင်ရေးအတွက် ရီးရဲမက်ဒရစ်အသင်းထံသို့ ပြောင်းရွှေ့ကြေးအဖြစ် ပေါင် ၉၉ သန်း ပေးချေခဲ့ရသည်။ ထို့အပြင် ဂျူဗင်တပ်အသင်းသည် ပြီးခဲ့သည့် နွေရာသီဈေးကွက်ကာလအတွင်း ဘိုင်ယန်မြူးနစ်အသင်းထံမှ တောင်ပံတိုက်စစ်ကစားသမား ဒေါက်ကလပ်ကော်စတာ၊ ဗလင်စီယာအသင်းထံမှ ပေါ်တူဂီခံစစ်ကစားသမား ဂျာအိုကန်ဆီလို၊ အေစီမီလန်အသင်းထံမှ အီတလီဗဟိုခံစစ်မှူး လီယိုနာဒိုဘိုနူချီ စသည့်ကစားသမားများအပါအဝင် ကစားသမားသစ် ခေါ်ယူရေးအတွက် ပေါင် ၂၁၇ သန်းအထိ သုံးစွဲခဲ့သည့် အသင်းဖြစ်သည်။

နာမည်ကျော် ကစားသမားတစ်ဦးဖြစ်သူ ရော်နယ်ဒိုအား ခေါ်ယူခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်း၏ နွေရာသီဈေးကွက်ကာလအတွင်း ကစားသမားသစ်များ ခေါ်ယူမှုကို ယူအီးအက်ဖ်အေက သတိပြုမိလာခဲ့ကာ ကစားသမားသစ် ခေါ်ယူရေးအတွက် အသုံးပြုခဲ့သည့် ငွေကြေးပမာဏသည် ပြီးခဲ့သည့် ၂၀၁၇-၁၈ ခုနှစ် ဘောလုံးရာသီတွင် ရရှိခဲ့သော ဝင်ငွေနှင့် အချိုးအစား မျှတမှု ရှိ၊ မရှိ စစ်ဆေးသွားရန် ရှိနေခြင်းဖြစ်ကြောင်း အီတလီမီဒီယာများက ရေးသားဖော်ပြခဲ့သည်။

ဂျူဗင်တပ်အသင်းထံမှ တစ်ပတ်လုပ်ခငွေ ပေါင် ၂၀၀၀၀၀ ရရှိနေသူ တိုက်စစ်ကစားသမား ရော်နယ်ဒိုသည် စီးရီးအေပြိုင်ပွဲ အစပိုင်းပွဲစဉ်များတွင် ဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့သည့်အတွက် သူ၏ခြေစွမ်းနှင့် ပတ်သက်၍ မေးခွန်းထုတ်မှုများ ခံခဲ့ရသူဖြစ်သည်။ သို့သော်လည်း ရော်နယ်ဒိုသည် ပြီးခဲ့သည့် စက်တင်ဘာ ၁၆ ရက်တွင် ဂျူဗင်တပ်အသင်းက အိမ်ကွင်း၌ ဆာဆူအိုလိုအသင်းအား ၂-၁ ဖြင့် အနိုင်ရရှိခဲ့သော စီးရီးအေပွဲစဉ်တွင် ဂျူဗင်တပ်အသင်း ရရှိခဲ့သော နှစ်ဂိုးစလုံးကို သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ **ထက်အောင်**

## သားဖြစ်သူက မိမိထက် ပိုမိုကောင်းမွန်သည့် ကစားသမားဖြစ်လာမည် ယူဆထားကြောင်း

## ရော်နယ်ဒိုပြောဆို

ဂျူဗင်တပ်အသင်း တိုက်စစ်ကစားသမား ခရစ္စတီယာနိုရော်နယ်ဒိုက သူ၏ အကြီးဆုံးသားဖြစ်သူ ခရစ္စတီယာနို ဂျူနီယာသည် သူ့ထက် ပိုမိုကောင်းမွန်သည့် ကစားသမား ဖြစ်လာလိမ့်မည်ဟု ယူဆနေကြောင်း၊ သို့သော်လည်း ထိုသို့ဖြစ်လာရန် ခက်ခဲလိမ့်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။



ခရစ္စတီယာနိုဂျူနီယာ

ပေါ်တူဂီကစားသမား ရော်နယ်ဒိုသည် ပြီးခဲ့သည့် နွေရာသီဈေးကွက် ကာလတွင်းတွင် ရီးရဲမက်ဒရစ်မှ ဂျူဗင်တပ်သို့ ပြောင်းရွှေ့လာပြီးနောက် သူ၏အကြီးဆုံးသားဖြစ်သူ ခရစ္စတီယာနိုဂျူနီယာ(၈ နှစ်)သည် ၈ နှစ်အောက် ဂျူဗင်တပ်လူငယ်အသင်းတွင် ပါဝင်ကစားနေပြီး မကြာသေးမီက ပထမဆုံးဂိုးသွင်းယူနိုင်ခဲ့သည်။

တိုက်စစ်ကစားသမား ရော်နယ်ဒို က “ကျွန်တော့်ရဲ့သားက ကျွန်တော့်လို ကစားသမားမျိုးဖြစ်လာဖို့ မျှော်လင့်ပါတယ်။ ခရစ္စတီယာနိုကတော့ သူဟာ ကျွန်တော့်ထက် ပိုမိုကောင်းမွန်တဲ့ ကစားသမားဖြစ်လာလိမ့်မယ်လို့ ကျွန်တော့်ကို ပြောပါတယ်။ ဒါပေမယ့် ဒီလိုဖြစ်လာဖို့ ခက်တယ်လို့ ကျွန်တော်ထင်တယ်။ ဂျူဗင်တပ်အသင်းအတွက် ကျွန်တော် ဂိုး စတင်သွင်းယူနိုင်ခဲ့ ပြီဖြစ်လို့ ဝမ်းသာမိသလို ဂျူဗင်တပ်လူငယ်အသင်းအတွက် ခရစ္စတီယာနို ဂိုးသွင်းနိုင်ခဲ့လို့လည်း ပျော်ရွှင်မိပါတယ်။ သူဟာ ဂျူဗင်တပ် လူငယ်အသင်းမှာ အသားကျနေပြီလို့ ဆိုရမှာပါ။ ကျွန်တော့်ထက် ကျွန်တော့်ရဲ့သားက အသင်းသစ်မှာ ပိုမိုအလွယ်တကူ အဆင်ပြေသွားတယ်လို့ ပြောရမှာပါ”ဟု ပြောဆိုခဲ့သည်။

အသက် ၃၃ နှစ်အရွယ်ရှိ ရော်နယ်ဒိုက သူ၏သားဖြစ်သူနှင့် ပတ်သက်၍ ယခင်ကလည်း “ကျွန်တော့် သားဟာ အလွန်ကိုယှဉ်ပြိုင်လိုစိတ် ပြင်းထန်သူပါ။ သူ့ပုံစံက ကျွန်တော်ငယ်ငယ်က အတိုင်းပါပဲ။ ခရစ္စတီယာနိုဟာ ရှုံးနိမ့်မှုဆိုတာကို နှစ်သက်ခြင်းမရှိသူဖြစ်ပါတယ်”ဟု ပြောဆိုခဲ့ဖူးသည်။ ခရစ္စတီယာနိုသည် လျင်မြန်မှု၊ ဘောလုံးကျွမ်းကျင်ပိုင်နိုင်မှု၊ ဂိုးကန်သွင်းရာတွင် ကောင်းမွန်မှု စသည့်အချက်များ ရှိသော်လည်း မိမိ၏ ခြေရာနင်းနိုင်ရေးအတွက် ကိုယ်ကိုယ်တိုင် ရွေးချယ်ဆုံးဖြတ်ရမည်ဖြစ်ကြောင်းလည်း ရော်နယ်ဒိုက ပြောဆိုခဲ့သည်။ **ထက်အောင်**

# အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

**ငြိမ်းချမ်းရေးခေါင်းလောင်း**

၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၁ ရက်သည် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ဖြစ်သည်။ နှစ်စဉ် ထိုနေ့ကို ကမ္ဘာတစ်ဝန်း အလေးထားကျင်းပကြရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၈၁ ခုနှစ်ကပင် တိုက်တွန်းဆော်ဩထားသည်။ ထိုနေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအဆောက်အအုံကြီး၌ ငြိမ်းချမ်းရေးခေါင်းလောင်းထိုးပြီး ထိုခေါင်းလောင်းသည် ကမ္ဘာအနှံ့ရှိကလေးငယ်များက ပေးပို့သော ငွေအကြွေစေ့ကလေးများဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ ထိုငြိမ်းချမ်းရေးခေါင်းလောင်း(Peace Bell)ကို ဂျပန်နိုင်ငံ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (United Nations association of Japan) က လက်ဆောင်အဖြစ် ပေးပို့ထားခြင်းဖြစ်ပြီး စစ်ပွဲကြီးများအတွက် လူသားများက တန်ဖိုးကြီးစွာပေးဆပ်ခဲ့ရမှု(A reminder of the human cost of war)ကို မမေ့စေလို၊ တားဆီးစေလိုသည့် ဆန္ဒများဖြင့် ပြုလုပ်ထားသည်ဟု သိရသည်။ ငြိမ်းချမ်းရေးအဓွန့်ရှည်စွာဖြင့် ရှင်သန်ကြစို့(Long live with absolute peace) ဟုလည်း ထိုခေါင်းလောင်းမျက်နှာပြင်ပေါ်တွင် ရေးထိုးထားပါသည်။

**အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ ဆောင်ပုဒ်**

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့အတွက် ဆောင်ပုဒ်မှာ Together for peace: Respect, Safety, Dignity for All" ဖြစ်ပြီး ယခု ၂၀၁၈ ခုနှစ်အတွက် ဆောင်ပုဒ်မှာ The Right to peace-The Universal Declaration of Human Rights at 70" ဟုဖြစ်သည်။ နှစ် ၇၀ မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းကို ဂုဏ်ပြုထားခြင်းလည်းဖြစ်သည်။ ထိုကြေညာစာတမ်းကို ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်က ပြင်သစ်နိုင်ငံ၌ကျင်းပသည့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ကြေညာခဲ့ခြင်းဖြစ်ပြီး နိုင်ငံတိုင်း၊ လူသားတိုင်းအတွက် ငြိမ်းချမ်းရေးရရှိစေဖို့ ဆောင်ရွက်ကြရန် တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

**၂၁ ရာစုငြိမ်းချမ်းရေးကို စိန်ခေါ်မှုများ**

ယခုအခါ တစ်ကမ္ဘာလုံးကအလိုအရှိဆုံးဆုလာဘ်သည် ငြိမ်းချမ်းရေးသာဖြစ်သည်။ လူသားတိုင်း အေးချမ်းလုံခြုံစွာ နေထိုင်လိုကြခြင်းဖြစ်သည်။ ကမ္ဘာ့နေရာဒေသအတော်များများတွင် ပြည်တွင်းစစ်ပွဲများ၊ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ကြုံတွေ့နေရသည်ကို တွေ့နိုင်ပါသည်။ အထူးသဖြင့် ဘာသာရေးအစွန်းရောက်မှုများ(Religious Extremism)၊ မျက်ကန်းမျိုးချစ်ဝါဒများ(Ultra-Nationalism)နှင့် အမုန်းတရားဖြန့်ချိနေမှုများ(HateCampaign)တို့ကြောင့် ၂၁ ရာစု ငြိမ်းချမ်းရေး၏ အကြီးမားဆုံးစိန်ခေါ်မှုဖြစ်သည့် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပေါ်နေကာ လူသားများ၏ ငြိမ်းချမ်းစွာနေထိုင်ရေးကို ခြိမ်းခြောက်နေသည်။ ထို့အပြင် လူကုန်ကူးမှုများ၊ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်နေမှုများ၊ နျူကလီးယားလက်နက်ထုတ်လုပ်လာမှုများ၊ ဓာတုလက်နက်ထုတ်လုပ်လာမှုများ၊ ရာဇဝတ်မှုထူပြောလာခြင်းများအပါအဝင် ရာသီဥတုဖောက်ပြန်ပြောင်းလဲလာခြင်းတို့သည်လည်း အေးချမ်းစွာနေထိုင်နိုင်ရေးကို ထိခိုက်လာနေပါသည်။

**ယုံကြည်နားလည်မှုများဖြင့်**

တစ်ကမ္ဘာလုံးရှိလူသားများ၏ရင်ထဲမှ အနှစ်သက်ဆုံးအရာမှာ အားလုံးအတူတကွ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးဖြစ်သည်။ ကမ္ဘာကြီးသည် အေးချမ်းမှ နေပျော်စရာဖြစ်မှာဖြစ်သည်။ ကမ္ဘာမြေပေါ်ရှိ မည်သည့်နိုင်ငံမျှ တစ်ဦးတည်းရပ်တည်နေနိုင်သည်မဟုတ်ပေ။ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားတိုးတက်ရေးတို့မှ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေနိုင်ရေးတို့အတွက် အားလုံးလက်တွဲဆောင်ရွက်ကြရမည်သာဖြစ်သည်။ တစ်နိုင်ငံနှင့် တစ်နိုင်ငံတို့သည် နိုင်ငံရေး၊ စီးပွားရေးတို့မှာ ဆက်စပ်နေပြီး ငြိမ်းချမ်းရေးတည်ဆောက်ရာမှာလည်း ဆက်စပ်နေပါသည်။ အချင်းချင်း ယုံကြည်နားလည်မှုများဖြင့် လက်တွဲဆောင်ရွက်ကြရပါမည်။

သို့မှသာ လူသားချင်းအကြမ်းဖက်မှု၊ ဖိနှိပ်ညှင်းပန်းမှု၊ တစ်ဖက်သတ်ခွဲခြားဆက်ဆံမှုများမှ အရင်းတည်သော man-made disasters ခေါ် လူသားများကြောင့် ဖြစ်ပွားနေရသော ဘေးဒုက္ခအန္တရာယ်များကို တားဆီးကာကွယ်ခြင်း၊ ဖယ်ရှားခြင်းတို့ ဆောင်ရွက်နိုင်မှာဖြစ်သည်။

**နိုင်ငံခေါင်းဆောင်များ**

ယခုတွေ့ကြုံနေရသော လူသားအချင်းချင်း ရက်စက်စွာတိုက်ခိုက်သတ်ဖြတ်နေမှုများသည် လူ့သမိုင်းကို လွန်စွာအကျည်းတန်နေစေပါသည်။ ယဉ်ကျေးသောလူ့သဘာဝကို မေးခွန်းထုတ်စရာလည်း ဖြစ်စေပါသည်။ ထို့ကြောင့် နိုင်ငံခေါင်းဆောင်ကောင်းအများစုတို့သည် တစ်ကမ္ဘာလုံးငြိမ်းချမ်းရေး၊ အေးချမ်းသာယာရေးအတွက် ဆောင်ရွက်ဖွယ်များကို အထူးဦးစားပေးဆောင်ရွက်နေကြသည်ကို တွေ့နိုင်ပါသည်။

သို့သော် အချို့သောခေါင်းဆောင်သူအချို့တို့ကမူ ရန်လိုနေတတ်ကြပြီး ငြိမ်းချမ်းရေးမြတ်နိုးသော လူသားအများ၏ဆန္ဒများကို မျက်ကွယ်ပြုနေကြပါသည်။ နိုင်ငံအများစုတို့က နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှု၊ နိုင်ငံအချင်းချင်း၏ တရားဥပဒေ၊ အချုပ်အခြာအာဏာစသည်တို့ကို အလေးထားဆောင်ရွက်နေကြသော်လည်း အချို့ကမူ မိမိတို့၏ဆန္ဒများကိုသာ ရှေ့တန်းတင်ပြီး ဆောင်ရွက်နေကြသဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ခြိမ်းခြောက်လာနေသည်ကို တွေ့နေရပါသည်။

**နိုင်ငံရေးအယူဝါဒများမတူညီခြင်း**

Globalization ခေါ် ကမ္ဘာလုံးဆက်နွယ်ရင်းနှီးရေးဖြစ်စဉ်ကြောင့် တိုးတက်ဖွံ့ဖြိုးမှုများ ဖြစ်ပေါ်လာရသည်။ ယခုအခါ နိုင်ငံရေးအယူဝါဒများမတူညီခြင်း (ဥပမာ ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ အာဏာရှင်ဝါဒ စသည်တို့) ရှိနေသေးကာမူ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းစွာ အတူနေထိုင်မှု စသည်တို့ကို ဖော်ဆောင်နိုင်နေသေးသည်ကို တွေ့ရသည်။

အမြော်အမြင်ကောင်းသော နိုင်ငံခေါင်းဆောင်များက၊ အယူဝါဒမတူညီသည်ဖြစ်စေ၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာလက်တွဲနေထိုင်ဆောင်ရွက်ကြဖို့ အစွမ်းကုန်ဆောင်ရွက်ကြသည်။ အဆိုးမြင်သူ၊ စိတ်ဓာတ်၊ အယူဝါဒ ခေါက်ရိုးကျိုးနေသူ၊ အစွန်းရောက်သူအချို့ကြောင့် စစ်ပွဲများ၊ အထူးသဖြင့် မတရားအကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်နေပါသည်။ နိုင်ငံများအချင်းချင်းဖြစ်စေ၊ နိုင်ငံအတွင်းမှာဖြစ်စေ ပြဿနာတစ်စုံတစ်ခုဖြစ်လာလျှင် ပွင့်လင်းစွာ ရင်ဆိုင်ပြောဆိုဖြေရှင်းခြင်းဖြင့် အောင်မြင်သောပြေလည်မှုရနိုင်သည်ဖြစ်သော်လည်း တစ်ဖက်သတ်အမြင်ဖြင့် ဖြေရှင်းနေခြင်းကြောင့် အကျယ်အကျယ်မငြိမ်းဖွယ်သော မီးတောက်များသဖွယ် လောင်ကျွမ်းလျက်ရှိသည်။ ထိုသို့ ဖြစ်ပွားနေခြင်းကြောင့် အပြစ်မဲ့သော



ပြည်သူပြည်သားများမှာ မြေဇာပင်သဖွယ်ဒုက္ခမျိုးစုံကို ရင်ဆိုင်ခံစားကြရသည်။

**နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု**

ထို့အပြင် အင်အားကြီးနိုင်ငံတို့က အားနည်းသည့် နိုင်ငံအချို့အပေါ် ဗိုလ်ကျစိုးမိုးမှုကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေများကို ယခုအခါ နိုင်ငံအများစုက လက်မခံတော့ပါ။ နိုင်ငံအချင်းချင်း ပူးပေါင်းလက်တွဲဆောင်ရွက်ကြခြင်း၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းအသီးသီးတို့ကလည်း ပါဝင်ဆောင်ရွက်ခြင်းတို့ကြောင့် အထူးလျော့ပါးသွားသည်ကို တွေ့ရပါသည်။

ယင်းမှာ နိုင်ငံအားလုံးလိုက်ပါဆောင်ရွက်သည့်အတွက် ဖြစ်ပြီး ငြိမ်းချမ်းရေးအတွက် အဓိကကျသောအချက်လည်း ဖြစ်သည်။ The Comity of States ခေါ် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာလေ မတရားသောအကြမ်းဖက်မှုများ၊ ငြိမ်းချမ်းရေးကိုစိန်ခေါ်လာမှုများကို တားဆီးနိုင်လေ ဖြစ်နိုင်ပါတည်။ ပညာခေတ်ဖြစ်သည်နှင့်အညီ အမြော်အမြင်ကြီးသောခေါင်းဆောင်မှုများရှိသည့် နိုင်ငံအများသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို အထူးအလေးပေးဆောင်ရွက်ဦးဆောင်နိုင်လေဖြစ်ပါသည်။



ကမ္ဘာ့ကုလသမဂ္ဂအဆောက်အအုံရှိ ငြိမ်းချမ်းရေးခေါင်းလောင်း

**ငြိမ်းချမ်းစွာ အတူလက်တွဲနေထိုင်ကြရေး**

လက်ရှိ ကမ္ဘာ့မြင်ကွင်းတွင် အကြမ်းဖက်မှုကြီးက ကြီးမားထွားကြိုင်းလာနေပါသည်။ အပြစ်မဲ့ကလေးငယ်များ၊ အမျိုးသမီးများအား ရက်စက်စွာတိုက်ခိုက်နေသည်များကို နေ့စဉ်လို တွေ့နေရသည်မှာ အလွန်စိတ်မချမ်းမြေ့ဖွယ်ဖြစ်ပါသည်။ အကြင်နာမဲ့စွာ၊ လူသားမဆန်စွာ ကျူးလွန်နေမှုများက ငြိမ်းချမ်းမှုကို ပြင်းထန်စွာထိခိုက်နေစေပါသည်။ ငြိမ်းချမ်းရေးဆုံးရှုံးသည်နှင့်အမျှ မလိုလားအပ်သောထိခိုက်ဆုံးရှုံးမှုများ၊ လူ့အခွင့်အရေးများစွာဆုံးရှုံးရမှုများကို တွေ့ကြုံခံစားရစေပါသည်။ လူသားဘဝများ ကြေမွပျက်စီးရပါသည်။ "သားကိုလက်ငင်၊ လင်ကိုလက်တို့၊ ခွေးအို့ခေါ်ကာ၊ ပြေးနေရရှာ" ဟု ဆိုသလို မိခင်များသည် စစ်ဘေးကြောင့်၊ မတည်ငြိမ်မလုံခြုံသော အခြေနေများကြောင့်၊ မိမိတို့နေထိုင်ရာ ဒေသများကို စွန့်ခွာထွက်ပြေးနေကြရသည်။ စစ်ရှောင်ပြည်သူများ၏ဘဝများစွာကို အမြန်ဆုံးဖြေရှင်းကြပြီး ငြိမ်းချမ်းစွာ အတူလက်တွဲနေထိုင်ကြရေးကို ဆောင်ရွက်သင့်ပါသည်။

**မြန်မာ့အရေး**

ကျွန်တော်တို့နိုင်ငံတွင်လည်း လက်ရှိတွေ့ကြုံနေရသော အနောက်တံခါးအရေးမှာ ရခိုင်ဒေသတစ်ခုတည်းကိုသာမက တစ်နိုင်ငံလုံးကိုပါ ခြိမ်းခြောက်နေပါသည်။ ယင်းအရေးမှာ လူမျိုးဘာသာခွဲခြားမှုကြောင့်မဟုတ်ဘဲ အစွန်းရောက်အကြမ်းဖက်သူ တစ်စုတစ်ဖွဲ့ကြောင့် အချုပ်အခြာအာဏာစက်ကိုပါ ထိပါးစော်ကားခံနေရခြင်းက ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ကြီးမားစွာ ထိပါးနေစေပါသည်။ ယင်းအတွက် နိုင်ငံတကာက အဖြစ်မှန်အတိုင်း သိရှိနေစေသင့်ပါသည်။

ငြိမ်းချမ်းရေးအတွက် လက်တွဲဆောင်ရွက်ကြဖို့ လိုပါသည်။ အခြေအနေမှန်ကို တွေ့မြင်ကြဖို့လည်းလိုအပ်ပါသည်။ ပြည်သူအများကလည်း အဖျက်ရန်စွယ်တို့ကို သတိရှိရှိကာကွယ်ကြဖို့၊ စည်းရုံးညီညွတ်ကြဖို့ လိုအပ်ပါသည်။ အလားတူပင် နှစ်ပေါင်းများစွာ နာတာရှည်ရောဂါကြီးတစ်ခုလိုဖြစ်နေသော ပြည်တွင်းစစ်မီးကြီးကိုလည်း အပြီးသတ်ငြိမ်းချမ်းစေလိုလှပါသည်။

"လူသားအားလုံး ငြိမ်းချမ်းရေးအတွက် လက်တွဲကြ၊ အများ၏ လေးစားမှု၊ လုံခြုံမှု၊ ဂုဏ်ရှိမှုတို့ကို အလေးထားကြခြင်းဖြင့် ခိုင်မြဲသောငြိမ်းချမ်းရေးကို တည်ဆောက်ကြပါစို့" ဟု တိုက်တွန်းရင်း ယခုနှစ်တွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ကို လှိုက်လှဲစွာ ကြိုဆိုလိုက်ပါသည်။ ။

**ကိုးကား။ ။ Comity of Nations and Peace-GLMN 28.8.17**

**"အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအဆောက်အအုံကြီး၌ ငြိမ်းချမ်းရေးခေါင်းလောင်းထိုးပြီး ထိုခေါင်းလောင်းသည် ကမ္ဘာအနှံ့ရှိကလေးငယ်များကပေးပို့သော ငွေအကြွေစေ့ကလေးများဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ ထိုငြိမ်းချမ်းရေးခေါင်းလောင်း (Peace Bell)ကို ဂျပန်နိုင်ငံ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (United Nations association of Japan) က လက်ဆောင်အဖြစ် ပေးပို့ထားခြင်းဖြစ်ပြီး စစ်ပွဲကြီးများအတွက် လူသားများက တန်ဖိုးကြီးစွာပေးဆပ်ခဲ့ရမှု( A reminder of the human cost of war)ကို မမေ့စေလို၊ တားဆီးစေလိုသည့်ဆန္ဒများဖြင့် ပြုလုပ်ထားသည်ဟု သိရသည်"**

### သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
### ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ မြောက်ဦးဌာနခွဲ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှ စက်တင်ဘာလ) ဘဏ္ဍာရေးနှစ် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားများအား ဇုန်ဝင်ကြေး ကောက်ခံခြင်းနှင့်ပတ်သက်၍ တင်ဒါခေါ်ယူမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၉-၉-၂၀၁၈ ရက်
**တင်ဒါလျှောက်လွှာရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း
**တင်ဒါပိတ်မည့်ရက်** - ၂၆-၉-၂၀၁၈ ရက်
**တင်ဒါတင်သွင်းရမည့်နေရာ** - ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မြောက်ဦးဌာနခွဲရုံး

၃။ အသေးစိတ်သိလိုပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မြောက်ဦးဌာနခွဲ၊ စီမံဌာနစိတ်-ဖုန်း-၀၉-၄၂၉၆၆၀၅၀၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ကန့်ကွက်တင်ပြနိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄စီအက်စ်-၈၉)၊ မြေကွက်အမှတ် ၂၇၆၊ မြေအမျိုးအစား-စက္ကူတာမြေ၊ ဧရိယာ ၀ဒသမ၀၄၄ဧကရှိမြေအား မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ-၆(ခ) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ပါသဖြင့် ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ခုခံချေပလွှာတင်သွင်းလိုပါက ၎င်းဥပဒေပါလုပ်ထုံးလုပ်နည်းအပိုဒ်(၁၄)၏ ပြဋ္ဌာန်းချက်နှင့်အညီ ခုခံချေပလွှာကို ဤကြော်ငြာစာပါရှိသည့်ရက်မှစ၍ ရက်ပေါင်း ၃၀အတွင်း ပြည်ထဲရေးဝန်ကြီးဌာန(စိစစ်ရေးအဖွဲ့)သို့ ကန့်ကွက်တင်ပြနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**အဖွဲ့ခေါင်းဆောင်**
**ရန်ကုန်အရှေ့ပိုင်းခရိုင်စုံစမ်းစစ်ဆေးရေးအဖွဲ့**

### ဖခင်အမည်မှန်
နမ့်ခမ်းမြို့၊ အထက (မန်အောင်) တက္ကသိုလ်ဝင်တန်းမှ လွေးမိုးအေး၏ ဖခင်အမည်မှန်မှာ ဦးမောင်ကျော် ၁၃/နခန(နိုင်)၀၄၀၃၃၇ ဖြစ်ပါကြောင်း။ **ဦးမောင်ကျော်**

### ဖခင်အမည်မှန်
မြိုင်မြို့နယ်၊ လက်ယက်မ၊ အထက တက္ကသိုလ်ဝင်တန်း(C)မှ မစုမွန်ကျော်နှင့် ရွာရှည် အလက သတ္တမတန်းမှ မနေခြည်ဝင်းပြည့်တို့၏ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းကြိုင် ၈/မမန(နိုင်)၁၅၇၈၄၀ ဖြစ်ပါကြောင်း။ **ဦးဇော်ဝင်းကြိုင်**

### မိဘအမည်မှန်
နမ့်ခမ်းမြို့၊ အထက(မန်အောင်) တက္ကသိုလ်ဝင်တန်းမှ လွေးခိုင်သဇင်၏ မိဘအမည်မှန်မှာ ဦးယိုင်ဝေါင်း ၁၃/ နခန (နိုင်)၀၂၁၀၄၈နှင့် ဒေါ်အေးမွန်း ၁၃/နခန (နိုင်)၀၂၁၀၅၂ ဖြစ်ပါကြောင်း။
**ဦးယိုင်ဝေါင်း၊ ဒေါ်အေးမွန်း**

### ဖခင်အမည်မှန်
မြိုင်မြို့နယ်၊ လက်ယက်မ၊ အထက၊ တက္ကသိုလ်ဝင်တန်း(A)မှ မရွှေဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးဘိုညွန့် ၈/မမန (နိုင်)၁၄၅၈၀၃ ဖြစ်ပါကြောင်း။
**ဦးဘိုညွန့်**

### အမည်ပြောင်း
မြဝတီမြို့နယ်၊ ထီးဝါပလောကျေးရွာ ဦးစောချက်-ဒေါ်နော်မုတဲ့၏သမီး အလကခွဲ၊ စတုတ္ထတန်းမှ နော်အဲ့မူးစီးအား ယနေ့မှစပြီး နော်ထူးဝါးခုဟု ပြောင်းလဲခေါ်ဆိုပါရန်။ **နော်ထူးဝါးခု**

### ဖခင်အမည်မှန်
မြိုင်မြို့နယ် လက်ယက်မ၊ အထက တက္ကသိုလ်ဝင်တန်း(D)မှ မောင်အောင်ဇင်နိုင်နှင့် သတ္တမတန်းနေ မယဉ်ယဉ်မော်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးနိုင် ၈/မမန (နိုင်)၁၀၈၈၀၆ ဖြစ်ပါကြောင်း။
**ဦးကျော်စိုးနိုင်**

### ဖခင်အမည်မှန်
မြဝတီမြို့၊ အထက(ခွဲ)-၁၊ ပဉ္စမတန်း(အေ)မှ မောင်လင်းသစ်သွေး၏ ဖခင်အမည်မှန်မှာ ဦးအီစွတ် ၁၂/ မဂတ(နိုင်)၀၈၂၄၀၂ ဖြစ်ပါကြောင်း။
**ဦးအီစွတ်**

### ဖခင်အမည်မှန်
မြိုင်မြို့နယ်၊ လက်ယက်မ၊ အထက တက္ကသိုလ်ဝင်တန်း(D)မှ မဇာခြည်ဦးနှင့် ရွာရှည် အလက သတ္တမတန်းမှ မအေးစုလှိုင်တို့၏ဖခင်အမည်မှန်မှာ ဦးမျိုးမြင့် ၉/ မဟမ(နိုင်)၀၅၉၅၁၁ ဖြစ်ပါကြောင်း။
**ဦးမျိုးမြင့်**

### မသက်ဆိုင်ပါကြောင်း
မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်၊ မိဌာန်အောင်လမ်းနေ ဒေါ်မိစံပြပိုင်ဆိုင်သည့် ကွင်းအမှတ် (၅၃/စီ တောရကျောင်းတောင်)၊ မြေကွက်အမှတ် (၁၀၀)၊ အလျားပေ ၆၀၊ အနံပေ ၄၀ရှိ မြေကွက်ပေါ်တွင် ရပ်တန့်ထားသည့် ပိုင်ရှင်အမည် ဟိန်းထက်ရာဇာ အမည်ပေါက် 6N/7424 (ISUZU ELF NPR85/Van) ကားအဖြူနှင့်ပတ်သက်ပြီး မြေပိုင်ရှင် ဒေါ်မိစံပြ ၃/ဘအန(နိုင်) ၂၃၈၈၄၇နှင့် မည်သို့မျှမသက်ဆိုင်ပါကြောင်းနှင့် အဆိုပါကားနှင့်ပတ်သက်ပြီး အရှုပ်အရှင်းများကို ဒေါ်မိစံပြမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **ဒေါ်မိစံပြ၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့**

### ဖခင်အမည်မှန်
မြိုင်မြို့ သံပုရာခြံကိုယ်ပိုင် အထက်တန်းအဆင့်သင်ကျောင်း၊ တက္ကသိုလ်ဝင်တန်း (B)မှ မခင်မာလှိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော် ၈/မမန(နိုင်)၀၀၃၂၅၁ ဖြစ်ပါကြောင်း။ **ဦးကျော်**

### ဖခင်အမည်မှန်
မြိုင်မြို့နယ် လက်ယက်မ၊ အထက ဆဋ္ဌမတန်း(A)မှ မနေခြည်ဦး၏ ဖခင်အမည်မှန်မှာ ဦးစိုးထွန်းခိုင် ၈/မမန (နိုင်)၁၃၉၁၂၂ ဖြစ်ပါကြောင်း။
**ဦးစိုးထွန်းခိုင်(တောင်ကိုင်းရွာ)**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သနပ်ကုန်း အထက(ခွဲ) နဝမတန်းမှ မအင်ကြင်းမွှေးနှင့် ငွေသောင်(အမက) စတုတ္ထတန်းမှ မောင်နေလင်းထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဌေး ၈/စလန (နိုင်)၁၂၂၆၃၅ ဖြစ်ပါသည်။ **ဦးခင်မောင်ဌေး**

### ဖခင်အမည်မှန်
မြိုင်မြို့နယ်၊ လက်ယက်မ အထက၊ တက္ကသိုလ်ဝင်တန်း(C)မှ မနှင်းမိုးလှိုင်နှင့် ထနောင်းဝင်း အလက၊ ဆဋ္ဌမတန်းမှ မောင်ရာဇာအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်တင် ၈/မမန(နိုင်)၁၃၇၂၉၇ ဖြစ်ပါကြောင်း။ **ဦးအောင်တင်**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ အထက(ခွဲ)ဆင်မကျွန်း တက္ကသိုလ်ဝင်တန်းမှ မောင်အာကာမင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်မြင့်ထွန်း ၈/စလန(နိုင်) ၁၀၅၈၂၅ ဖြစ်ပါသည်။
**ဦးကျော်မြင့်ထွန်း**

### ဖခင်အမည်မှန်
မြိုင်မြို့နယ်၊ လက်ယက်မ၊ အထက တက္ကသိုလ်ဝင်တန်း(C)မှ မောင်ထွန်းထွန်းဝင်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းဝင်းနိုင် ၈/မမန(နိုင်)၁၀၉၉၇၀ ဖြစ်ပါကြောင်း။ **ဦးသိန်းဝင်းနိုင်**

### မွေးသက္ကရာဇ်အမှန်
ဟသ်ာတမြို့နယ်၊ သပြုပင်အုပ်စု၊ သပြုပင်ကျေးရွာ (ဘ)ဦးသန်းမောင်၏ သား မောင်ခင်မောင်သန်း ၁၄/ဟသတ (နိုင်)၂၀၃၀၂၅၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၁၀-၁၉၈၅ ဖြစ်ပါသည်။

### ဖခင်အမည်မှန်
မြိုင်မြို့နယ် လက်ယက်မ အထက တက္ကသိုလ်ဝင်တန်း(C)မှ မောင်မင်းမင်းဦးနှင့် ပဉ္စမတန်း(B)နေ မနွဲ့ယဉ်ဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း ၈/ ရစက(နိုင်)၁၂၆၀၂၇ ဖြစ်ပါကြောင်း။
**ဦးထွန်းထွန်းဝင်း**

## ကြေညာချက်
## အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ကျင်းပပြုလုပ်မည့် (၁၆၄)ကြိမ်မှ (၁၇၂)ကြိမ်မြောက်အထိ ဘွဲ့နှင်းသဘင်အခမ်းအနားများတွင်(ခန်းမအတွင်း)ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်ဈေးနှုန်းလွှာတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်ဈေးနှုန်းလွှာ တင်သွင်းရန် လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၁-၁၀-၂၀၁၈ရက် (တနင်္လာနေ့)တွင်တစ်စုံလျှင် ၁၀၀၀၀ိ/(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ဌာနမှူး၊ သင်တန်းရေးရာဌာန ရန်ကုန်အဝေးသင်တက္ကသိုလ်ထံတွင် သက်တမ်းရှိသော ဓာတ်ပုံလုပ်ငန်း လိုင်စင်မူရင်းနှင့်မိတ္တူတင်ပြ၍ ဝယ်ယူတင်သွင်းနိုင်ပါသည်။

၃။ အိတ်ဖွင့်ဈေးနှုန်းလွှာများကို ၉-၁၀-၂၀၁၈ရက်(အင်္ဂါနေ့) ညနေ ၄း၀၀ နာရီထက် နောက်မကျစေဘဲ ပါမောက္ခချုပ်ရုံးခန်းရှိ အိတ်ဖွင့်တင်ဒါပုံးတွင် မှတ်ပုံတင်စာရင်းသွင်းပြီး တင်သွင်းရပါမည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်အဝေးသင်တက္ကသိုလ် ဖုန်း-၅၂၅၁၄၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ဓာတ်ပုံလုပ်ငန်းတင်ဒါအဖွဲ့**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
### ရေနံဓာတ်ငွေ့ရည်များရောင်းချရန်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၁)ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)မှ ပရိုပိန်းရေနံဓာတ်ငွေ့ရည် ၁၅၀ တန်(တန်တစ်ရာ့ငါးဆယ်တိတိ)နှင့် ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ ပရိုပိန်းရေနံဓာတ်ငွေ့ရည် ၁၀၀တန်(တန်တစ်ရာတိတိ)၊ စုစုပေါင်းပရိုပိန်းရေနံဓာတ်ငွေ့ရည် ၂၅၀တန်(တန်နှစ်ရာ့ငါးဆယ်တိတိ)ကို တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် ရေနံဓာတ်ငွေ့ရည်တင်သွင်းသိုလှောင်သယ်ယူ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လိုင်စင်(ခ)သို့မဟုတ် လိုင်စင်(စ)လက်ဝယ်ရှိသူများ အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါတင်သွင်းရန်နောက်ဆုံးရက်** - ၁၁-၁၀-၂၀၁၈ရက်(ကြာသပတေးနေ့)
**အချိန်နှင့်နေရာ** ၁၂း၀၀နာရီ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်) ရုံးအမှတ်(၄၄)၊ နေပြည်တော်

၃။ **တင်ဒါဖွင့်ပွဲပြုလုပ်မည့်ရက်နှင့်အချိန်**- ၁၁-၁၀-၂၀၁၈ရက်(ကြာသပတေးနေ့) ၁၄း၀၀နာရီ

၄။ တင်ဒါစည်းကမ်းချက်များအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Website(www.moee.gov.mm)တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုပ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၁၉၄သို့ ရုံးချိန်အတွင်း ဆက်သွယ်၍မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

### သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
### မြန်မာ့သစ်လုပ်ငန်း
### သစ်အခြေခံစက်မှုလုပ်ငန်းဌာန
### ၀၁/၂၀၁၈-၂၀၁၉ ကြိမ်မြောက်
### အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာနမှ ကျွန်းခွဲသားအရွယ်စုံ (တတိယတန်းနှင့်အထက်) (၁၁၄ဒသမ၇၅၂၄)တန်၊ ကျွန်းလျှာထိုး (၂ဒသမ၉၄၁၈)တန်၊ သစ်မာခွဲသား (၁၇ဒသမ ၆၁၃၈)တန်တို့အား အမေရိကန်ဒေါ်လာ (US $) ဖြင့် အိတ်ဖွင့်လေလံကို အောက်ဖော်ပြပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၈-၁၀-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီ
(ခ) **ရောင်းချမည့်နေရာ** - သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်) ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား မြန်မာ့သစ်လုပ်ငန်း၏ website ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍သော်လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၄၅၊ ၀၁-၃၇၇၂၉၆၊ ၀၁-၃၇၇၈၈၅ တို့တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)**

### အမည်မှန်
ကချင်ပြည်နယ်၊ မိုးမောက်မြို့ အထက ခွဲကြံခင်းကျောင်း တက္ကသိုလ်ဝင်တန်း(က)မှ မောင်ဆမ်ထွန်း၏ အမည်မှန်မှာ မောင်စံထွန်း ဖြစ်ပါသည်။
**မောင်စံထွန်း**

### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတ မြို့နယ်၊ အထက(ခွဲ) ကြာဂရက် တက္ကသိုလ်ဝင်တန်းမှ မစုမွန်နှင်း၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင်ဦး ၁၄/ ဟသတ(နိုင်)၂၀၇၅၁၃ ဖြစ်ပါသည်။

### ဖခင်အမည်မှန်
ကချင်ပြည်နယ်၊ မိုးမောက်မြို့ အထကခွဲကြံခင်းကျောင်း တက္ကသိုလ်ဝင်တန်း(A) မှ မမျိုးမျိုးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးလှို့စံ ၁/မမန(နိုင်)၀၀၀၆၈၇ ဖြစ်ပါသည်။
**ဦးလှို့စံ**
**အောင်သာကုန်း၊ မိုးမောက်မြို့**

### ဖခင်အမည်မှန်
မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကြာအင်းချောင်၊ အမက(မူလွန်)၊ ပဉ္စမတန်းမှ မမွန်ထောနှင့် KG တန်းမှ မောင်ကွန်ထောတို့၏ ဖခင်အမည်မှန်မှာ ဦးနတ် ၁၀/ကမရ (နိုင်)၀၈၄၄၄၉ ဖြစ်ပါသည်။ **ဦးနတ်**

### မိခင်အမည်မှန်
ကျုံပျော်မြို့နယ်၊ အထက(ခွဲ) သာယာကုန်း(၂) တက္ကသိုလ်ဝင်တန်းမှ စောအောင်မျိုးမင်း၏ မိခင်အမည်မှန်မှာ ဒေါ်သိန်းသိန်းစမ်း ၁၄/ကပန(နိုင်)၀၉၄၁၄၁ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကြာအင်းချောင်၊ အမက(မူလွန်)၊ ဆဋ္ဌမတန်းမှ မစိုက်ခမား၏ ဖခင်အမည်မှန်မှာ ဦးရီနန်း ၁၀/ကမရ(နိုင်)၁၀၄၀၉၀ ဖြစ်ပါသည်။
**ဦးရီနန်း**

### ဖခင်အမည်မှန်
ဟသ်ာတမြို့နယ်၊ ယုန်သလင်းအထက တက္ကသိုလ်ဝင်တန်း(B)မှ မစန်းစန်းခိုင်၏ ဖခင်အမည်မှန်မှာ ဦးဖိုးဇော်(ခ) ဦးဇော်မင်းကြိုင် ၁၄/ကပန(နိုင်) ၁၅၈၈၅၀ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ အလကခွဲ(ကော့ခလိန်)၊ သတ္တမတန်းမှ မင်းဗညားအိန်၏ ဖခင်အမည်မှန်မှာ ဦးတောကြောင် ၁၀/ကမရ(နိုင်)၀၆၁၇၃၀ ဖြစ်ပါသည်။ **ဦးတောကြောင်**

### ဖခင်အမည်မှန်
ပွင့်ဖြူမြို့နယ်၊ ရှောက်တော အထက တက္ကသိုလ်ဝင်တန်း(D)မှ မသင်းစပယ်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးငွေသောင်း ၈/ပဖန(နိုင်)၀၃၃၀၁၆ ဖြစ်ပါကြောင်း။
**ဦးငွေသောင်း**

### ဖခင်အမည်မှန်
မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ အထကခွဲ(ကော့သပ်)၊ တက္ကသိုလ်ဝင်တန်းမှ မိသီတာဝင်း၏ ဖခင်အမည်မှန်မှာ ဦးရွှေလင်း ၁၀/ကမရ(နိုင်)၀၀၆၂၉၀ ဖြစ်ပါသည်။ **ဦးရွှေလင်း**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ဂျပန်နိုင်ငံ၏ ချေးငွေအကူအညီဖြစ်သော JICA ODA Loanဖြင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအဆင့် (၂)ဖြစ်သည့် အောက်ပါဖော်ပြပါ လမ်း(၂)လမ်းအား အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအတွက် အောက်ပါအတိုင်း တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

| စဉ် | လမ်းအမည် | လုပ်ငန်းပမာဏ | လုပ်ငန်းအမျိုးအစား |
|---|---|---|---|
| ၁။ | ငါးသိုင်းချောင်း-ဥလမ်း (DOH-01A) Lot 1:(0km မှ 18.1km ထိ) | ၁၈.၁၀၀ ကီလိုမီတာ | ၅.၅မီတာအကျယ်ကွန်ကရစ်လမ်း၊ Box/Pipe Culvert များ၊ ကျောက်စီမြေကာနံရံများ |
| ၂။ | ငါးသိုင်းချောင်း-ဥလမ်း (DOH-01B) Lot 2: (18.1km 35.898km ထိ) | ၁၇.၇၉၈ ကီလိုမီတာ | ၅.၅မီတာအကျယ်ကွန်ကရစ်လမ်း၊ Box/Pipe Culvert များ၊ ကျောက်စီမြေကာနံရံများ |
| ၃။ | တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း (DOH-02 (မိုင် ၇/၆ မှ မိုင် ၁၈/၂) (0km မှ 16.88km ထိ) | ၁၆.၈၆၀ ကီလိုမီတာ | ၅.၅မီတာအကျယ်ကွန်ကရစ်လမ်း၊ တံတားများ၊ Box/Pipe Culvert များ၊ ကျောက်စီမြေကာနံရံများ |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၀-၉-၂၀၁၈ရက်မှ ၂၆-၉-၂၀၁၈ရက်ထိ
၃။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၉-၁၁-၂၀၁၈ရက် မွန်းတည့် ၁၂း၀၀နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်** - ၉-၁၁-၂၀၁၈ရက် မွန်းလွဲ ၁း၃၀နာရီ
၅။ တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ်ငါးသောင်း (၅၀၀၀၀/-)နှုန်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ (တည်ဆောက်ရေး)၊ လမ်းဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ လမ်းဦးစီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်၊**
**ဖုန်း-၀၉-၅၀၈၀၄၃၄၊ ၀၉-၂၅၇၇၂၈၈၄၄၊ ၀၉-၄၅၀၃၃၀၅၈၀**

## ကမ္ဘာ့ရတနာဘဏ်(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)
## GLOBAL TREASURE BANK (PUBLIC COMPANY LIMITED)
## (ယခင်)
## မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်
## အမှတ်(၆၅၃/၆၉၉)၊ ကုန်သည်လမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဤဘဏ်၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည်စုံညီအစည်းအဝေးနှင့် အထူးစုံညီအစည်းအဝေး (၂၀၁၈)ကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ပေးနိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

(က) နေ့ရက် - ၂၁-၁၀-၂၀၁၈ရက်(တနင်္ဂနွေနေ့)
(ခ) အချိန် - ၉း၀၀နာရီ (နံနက် ၉နာရီ)
၈း၅၀နာရီ နေရာယူပေးနိုင်ပါရန်
(ဂ) နေရာ - SKY STAR HOTEL (Ball Room)အမှတ် (၅၁/B/၁)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

အစည်းအဝေးအတွက် အစုရှယ်ယာရှင်များထံသို့ ဖိတ်ကြားစာများ ပေးပို့ပါမည်။ အချိန်မီ မရောက်ရှိပါက ဤကြော်ငြာကိုအကြောင်းပြု၍ အစည်းအဝေးကိုစုံညီစွာ အချိန်မီတက်ရောက်ကြရန် ဖြစ်ပါသည်။

အစုရှယ်ယာများ လွှဲပြောင်းခြင်းမှတ်တမ်းကို ၂၂-၉-၂၀၁၈ရက်မှ နှစ်ပတ်လည်စုံညီအစည်းအဝေးကျင်းပပြီး နောက်တစ်ရက်အထိ ခေတ္တပိတ်ထားမည်ဖြစ်ပါသည်။

နိုင်ငံခြားကုမ္ပဏီ၊ နိုင်ငံခြားသား၊ နိုင်ငံခြား Cooperate အဖွဲ့များကို ဗဟိုဘဏ်နှင့် ငွေချေးသက်သေခံလက်မှတ်ကြီးကြပ်ရေးကော်မရှင်တို့၏ လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်ရန်ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

### ဖခင်အမည်မှန်
ပေါက်မြို့နယ်၊ နံ့သာကျေးရွာအခြေခံပညာ အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်သန်းထိုက်မောင်နှင့် သတ္တမတန်းမှ မောင်နန်းထိုက်မောင်တို့၏ ဖခင်အမည်မှန်မှာ ဦးထွန်း ၈/ပမန(နိုင်)၀၈၂၆၁၁ ဖြစ်ပါကြောင်း။ **ဦးထွန်း**

### ဖခင်အမည်မှန်
ပေါက်မြို့နယ်၊ နံ့သာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း နဝမတန်းမှ မချမ်းမြေ့၏ ဖခင်အမည်မှန်မှာ ဦးသန်း ၈/ပမန(နိုင်)၀၄၄၁၇၈ ဖြစ်ပါကြောင်း။
**ဦးသန်း**

### ဖခင်အမည်မှန်
